မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်  ၂၀၁၉ ခုနှစ်၊ မေ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့  အတွဲ (၅၈)၊ အမှတ် (၂၃၄)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ညှိနှိုင်းခန်းမ၌ တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများ ပြုစုနေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များ သင်တန်းပို့ချနေမှု၊ ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းရေး၊ မဲရုံမှူးများ၊ အဖွဲ့ဝင်များကို မှန်မှန်ကန်ကန် တာဝန်ပေးရေး၊ မဲရုံများ၏ လုံခြုံရေးအပြည့်အဝရှိစေရေးနှင့် မဲဆန္ဒနယ်မြေများ သတ်မှတ်ရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင်

စာမျက်နှာ ၃ ကော်လံ ၁

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခြေခံပညာအလယ်တန်းအဆင့် (သင်ရိုးသစ်) Grade-6 ခရိုင်အဆင့် ဆွေးနွေးပွဲ/သင်တန်းသို့ လာရောက်ကြည့်ရှုအားပေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာ၊ ဆရာမများ Grade-6 သင်ရိုးသစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် နေပြည်တော် ဒက္ခိဏခရိုင်၏ အခြေခံပညာ အလယ်တန်းအဆင့် (သင်ရိုးသစ်) Grade - 6 ခရိုင်အဆင့် ဆွေးနွေးပွဲ/ သင်တန်းသို့ လာရောက်ပြီး ဆရာ၊ ဆရာမများ Grade-6 သင်ရိုးသစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနား မြို့အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းသို့ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာသင်ခန်းများအတွင်း ပြသထားသည့် သင်ရိုးဟောင်း၊ သင်ရိုးသစ် သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ လိုက်လံကြည့်ရှုသည်။

စာမျက်နှာ ၄ ကော်လံ ၁

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ သုံးရက်အတွင်း နေ့အပူချိန်များမြင့်တက်နေမည်

**နေပြည်တော် မေ ၂၁**

၂၀၁၉ ခုနှစ် မေ ၁၈ ရက်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေ့အပူချိန်များသည် မေလ၏ ပုံမှန်အပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မေလ၏ ပုံမှန်အပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိ လည်းကောင်း မြင့်တက်လျက်ရှိရာ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နောက်သုံးရက်အထိ နေ့အပူချိန်များ မြင့်တက်နေမည်ဖြစ်ကြောင်း ခန့်မှန်းရသည်။

သို့ပါ၍ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ အနေဖြင့် နေ့အပူချိန်များ သိသာစွာမြင့်တက်နေမှုကို သတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

မြန်မာ့အလင်း

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

ပြည်တွင်းသတင်း စာ » ၁၀

## အင်ဒိုနီးရှား ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို အနိုင်ရ

နိုင်ငံတကာသတင်း စာ » ၁၅



မြန်မာ့အလင်း

# ဥပဒေဟူသည် လူထုကို အကာအကွယ်ပေးရန်

ဥပဒေစိုးမိုးရေးအကြောင်းပြောကြလျှင် ပြဋ္ဌာန်းထားသည့် ဥပဒေတို့ကို ထဲထဲဝင်ဝင်နားလည်ရေး အရေးကြီးသကဲ့သို့ ဥပဒေ၏ အနှစ်သာရတို့ကို ပြည်သူတို့သဘောပေါက်ရေးသည်လည်း ဖယ်ချန်ထား၍ မရနိုင်ပါ။

လူမှုကွန်ရက်များက ပြည်သူလူထုအကြား ကျယ်ပြန့်စွာ အသုံးပြုနိုင်လာကြသည့်အခါ ဥပဒေစိုးမိုးရေးတွင် ပြည်သူလူထု၏ ပါဝင်ပတ်သက်မှုက လွန်စွာအရေးပါလာပြီး အကျိုးပြုသည့်ကဏ္ဍ ပိုမိုကျယ်ပြန့်လာသည်ကို သတိပြုမိပါသည်။

လူမှုအဖွဲ့အစည်းထဲ ဥပဒေချိုးဖောက်မှုများ ပေါ်ပေါက်လာလျှင် လူထု၏ လျင်မြန်သောတုံ့ပြန်မှု၊ အားတက်သရော ဝိုင်းဝန်းကူညီမှုများကြောင့် ဥပဒေစိုးမိုးရေးတွင် များစွာအထောက်အပံ့ဖြစ်ခဲ့သည့် နမူနာများက ဖော်ပြနေပါသည်။

လူမှုကွန်ရက်များထဲတွင် ဥပဒေနှင့် ဆန့်ကျင်သော ပြောဆို စွပ်စွဲမှုများ၊ ဆဲရေးတိုင်းထွာမှုများ၊ စော်ကားအသရေဖျက်မှုများ စသည်တို့ ရှိနေသည် ဆိုသော်ငြားလည်း ဥပဒေစိုးမိုးရေးကဏ္ဍတွင် လူမှုကွန်ရက်က များစွာအထောက်အကူပြုသည်ဆိုခြင်းကိုလည်း အထင်အရှား တွေ့ရပါသည်။

သည်လိုကြားထဲက အချို့သော လူထုအစိတ်အပိုင်းများက ဥပဒေကို လက်တစ်လုံးခြားလုပ်ရခြင်းကို အဟုတ်အမှန် ထင်မှတ်နေကြသည်ကိုလည်း သတိပြုမိပါသည်။ ထို့ကြောင့်ပင် ပြည်သူလူထုက ဥပဒေ၏ အနှစ်သာရများနှင့် ပတ်သက်၍ သိရှိနားလည်ရေးက ပိုမိုအရေးပါလာခြင်း ဖြစ်ပါသည်။

အမှန်မှာ ဥပဒေပြဋ္ဌာန်းခြင်းဆိုသည်၏ မူလပင်မ ရည်ရွယ်ချက်သည် ပြည်သူများကို မတရားပြုမှုများ၊ အဓမ္မမှုများရန်မှ အကာအကွယ်ပေးနိုင်ရေးဖြစ်ပါသည်။ အခြေခံဥပဒေမှ အစပြု၍ စည်ပင်သာယာ ဥပဒေ၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းဥပဒေများအထိ အားလုံးသောတားမြစ်မှု၊ ကန့်သတ်မှု၊ အခွင့်အရေးများကို ဖော်ပြထားမှုတို့သည် လူထုကို မတရားပြုမှု၊ ဘေးရန်ပြုမှုများဆီမှ ကာကွယ်နိုင်ရန် ရည်ရွယ်ကာ ရေးဆွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

အခြေခံလူတန်းစားများသည် ယေဘုယျအားဖြင့် ရိုးသား၍ ဥပဒေကို ဆန့်ကျင်ရာရောက်မှာ အစိုးရိမ်ကြီးကြသူများဖြစ်ပါသည်။ ရုံးရောက် ဂါတ်ရောက်ဆိုသည်ကို ရှောင်လိုကြသူများ၊ အမှုအခင်းများက ကင်းဝေးလိုသူများ၊ ရုံးပြင်ကနားနှင့် ဝေးဝေးနေလိုကြသူများ ဖြစ်ပါသည်။

ချို့တဲ့သူများ ဆင်းရဲသူများဖြစ်သည့်အားလျော်စွာ အမှုအခင်းဖြစ်လျှင် နောက်ဆက်တွဲ ဆိုးကျိုးအမျိုးမျိုးကို ငွေရှိသူတို့ထက် ကိုယ်ကသာ ပိုမိုခံရလိမ့်မည်ဟူသည့် အတွေးအယူနှင့် သဘောထားလည်း ရှိကြသည့်အားလျော်စွာ ကိုယ်တိုင်အမှုအခင်းမဖြစ်ပွားရေးမျှသာမက သူတစ်ပါး အမှုအခင်းများတွင် ပါဝင်သက်သေလိုက်ရမည်ကိုပင် စိုးရိမ်ကြသူများ ဖြစ်ပါသည်။

ထို့ကြောင့် လူထုအကြား၌ ဥပဒေစည်းမျဉ်းစည်းကမ်းများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိစေရေးက ဥပဒေစိုးမိုးရေးတွင် အလွန်အရေးပါလှပါသည်။ ဥပဒေ စည်းမျဉ်းစည်းကမ်းများသည် လူထုအတွက် အကာအကွယ်ပေးနိုင်ရန် ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ လူထုက ဥပဒေ၏ အကာအကွယ်ကို ရရှိရမည့် အခွင့်အရေးရှိကြောင်း၊ ဥပဒေကို မလိမ့်တပတ် လှည့်ဖြားနေကြသူများ၊ ဥပဒေကို လျှော့ချည် တင်းချည် လုပ်လိုသူများ၊ ဥပဒေကို လက်တစ်လုံးခြား ချိုးဖောက်နေကြသူများ စသည်ကဲ့သို့သောသူများကို ဥပဒေနှင့်အညီ အရေးယူရန် အရေးကြီးသကဲ့သို့ မိမိတို့ကိုယ်တိုင်များ၏ ဘဝများတွင်လည်း ဥပဒေ၏ အကာအကွယ်ကို ရယူနိုင်ရေးသည် မိမိတို့၏ မွေးရာပါအခွင့်အရေးများဖြစ်ကြောင်း၊ ယင်းအခွင့်အရေးများကို လက်တွေ့ရယူရေးသည် ကိုယ်ကိုယ်တိုင်၏ အားထုတ်မှု၊ လေ့ကျင့်လုပ်ကိုင်မှုတို့ပေါ်တွင် မူတည်နေကြောင်း သိရှိနားလည်ကြရန်လည်း လိုပါသည်။

ထို့အတူ ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ထားမှုများသည် မိမိတို့အကျိုးစီးပွားအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်ကြရန်လည်း လိုအပ်ပါသည်။

ဥပမာအားဖြင့် အသေးအဖွဲ့ဟု ယူဆလျှင်ရနိုင်သည့် လမ်းများပေါ် အမှိုက်မပစ်ရ၊ ကွမ်းတံတွေးမထွေးရ၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၊ အိမ်ဆောက်လျှင် မိမိပိုင်မြေ အကုန်မဆောက်ရ ရှေ့နောက်ဝဲယာ မြေနေရာချန်ထား၊ အထပ်အရေအတွက်များလာသည်နှင့်အမျှ အရေးပေါ်ထွက်ပေါက်၊ မီးသတ်လှေကား အစရှိသည်တို့ ပါဝင်တည်ဆောက်ရမည်၊ လူအချင်းချင်း နာကျင်ထိခိုက်အောင် မလုပ်ရ အစရှိသည့် အခြေခံများကို စည်းမျဉ်းဥပဒေတို့ဖြင့် ကန့်သတ်ထားခြင်းသည် မိမိတို့၏ဘဝများ ပိုမိုကောင်းမွန်လုံခြုံရန် အတွက်ဆိုသည်ကို သဘောပေါက် နားလည်ကြခြင်းသည် လည်းကောင်း၊ ထိုသို့ သဘောပေါက် နားလည်အောင် စည်းရုံးပညာပေးခြင်းတို့သည်လည်းကောင်း ဥပဒေစိုးမိုးရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ၌ ရိုးရာယဉ်ကျေးမှုအကများ တင်ဆက်ကပြမည်

**နေပြည်တော် မေ ၂၁**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေစေနိုင်ရန်အတွက် မေ ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်းအကများ၊ ပဒေသာယိမ်းအကများ၊ အာဆီယံနိုင်ငံများမှ အကများ၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သဖြင့် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။



အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကို ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ် အဆောက်အအုံများ၊ ရေမြေတောတောင် သဘာဝများ၊ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် တည်ဆောက် ပြသထားလျက်ရှိသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုးကြာငှက်ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဝါးခယ်မ မေ ၂၁**

မြန်မာနိုင်ငံ၌ ကျန်ရှိနေသည့် ကြိုးကြာငှက်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုးကြာငှက်ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများ၊ အဆိုပါတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) ငှက်ပညာရှင် ဦးသက်ဇော်နိုင်ထံမှ သိရသည်။

မြန်မာနိုင်ငံ၌ ကြိုးကြာခေါင်းမည်း၊ ကြိုးကြာခေါင်းနီနှင့် ကညာကြိုးကြာဟူ၍ မှတ်တမ်းတင်ထားသည့် မျိုးစိတ်သုံးမျိုးရှိပြီး ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်၌ ကျက်စားနေထိုင်ကြသည့် ကြိုးကြာခေါင်းနီငှက်မျိုးစိတ် (Sarus Crane) များကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ကြိုးကြာငှက်ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများကို ၂၀၁၆ ခုနှစ်မှစတင်၍ ယခုနှစ်အထိ ဆောင်ရွက်လျက်ရှိသည်။

"၂၀၁၆ ခုနှစ်ကစပြီး ထိန်းသိမ်းရေး သုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စတင်ခဲ့တဲ့ နှစ်ကဆိုရင် အသိုက် ၃၃ သိုက်ပဲတွေ့တာ။ ၂၀၁၇ ခုနှစ်ကျတော့ ၁၃၈ သိုက် တွေ့တယ်။ ၂၀၁၈ ခုနှစ် မျိုးပွားရာသီမှာဆိုရင် ၁၈၂ သိုက်အထိ တွေ့ခဲ့တယ်။ အသိုက်အရေအတွက် တွေ့ရှိမှုအခြေအနေက တစ်နှစ်ထက် တစ်နှစ် ပိုတိုးလာတယ်။ ဒီလို တစ်နှစ်ထက်တစ်နှစ် အရေအတွက် ပိုတိုးပြီး တွေ့ရတဲ့ အဓိကအကြောင်းအရင်းကတော့ ဒေသခံတွေက ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး ထိန်းသိမ်းရေးသုတေသနလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်လာတဲ့အတွက် အခုလို တိုးပြီးတွေ့လာရခြင်းဖြစ်တယ်။ အကောင်ရေခန့်မှန်းခြေအနေနဲ့ ပြောရရင် ဧရာဝတီတိုင်းဒေသကြီးမှာတော့ အကောင် ၆၀၀ လောက် ရှိမယ်လို့ ခန့်မှန်းရတယ်"ဟု ဦးသက်ဇော်နိုင်က ပြောသည်။

အဆိုပါ ငှက်မျိုးစိတ်များသည် ကချင်ပြည်နယ်ရှိ အင်းတော်ကြီး တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးဒေသ၊ ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ နေရာဒေသအချို့၌ ကျက်စားလျက်ရှိသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး၌ လပွတ္တာရေိယာ၊ ဘိုကလေးရေိယာ၊ ဖျာပုံရေိယာမှလွဲ၍ ကျန်မြို့နယ်များတွင် အများဆုံးကျရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။

ကြိုးကြာငှက် ထိန်းသိမ်းရေးလုပ်ငန်းများကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)က ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများအား လယ်ထဲရှိ ကြိုးကြာငှက်သိုက်များကို မဖျက်ဆီးရေးနှင့် ပူးပေါင်းထိန်းသိမ်းနိုင်ရေးအတွက် ပညာပေးဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိပ္ပံအမည် Grusantigone ဟုခေါ်သော ကြိုးကြာခေါင်းနီမျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature -IUCN)က မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (VU)အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် အမိန့်ကြော်ငြာစာ ၅၈၃/၉၄ အရ လုံးဝကာကွယ်ထားသည့် ငှက်များစာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ပိန်းဇလုပ်သိန်းညွန့်**



ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ်များကို တွေ့ရစဉ်။

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲအသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်၊ ကျပန်းစကားပြောနှင့် ကဗျာစပ်ဆိုပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျပန်းစကားပြောပြိုင်ပွဲ (မြန်မာ-အင်္ဂလိပ်) အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြိုင်ပွဲများကို ဇွန် ၂၀ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တွင် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်တွင် လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်တွင် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်တွင်လည်းကောင်း ပြိုင်ပွဲများကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ(မြန်မာ-အင်္ဂလိပ်)မူလတန်းအဆင့်ပြိုင်ပွဲကို ဇွန် ၂၂ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်၊ ဇွန် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်တို့တွင် ပြိုင်ပွဲများယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို အခြေခံပညာကျောင်းသားများသာမက ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲ(အလွတ်တန်း) အတွက် စာမူများကို ဇွန် ၇ ရက် နောက်ဆုံးပေးပို့ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ကျပန်း(မြန်မာ-အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ-အင်္ဂလိပ်)ပြိုင်ပွဲများကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားကိုပါ တစ်ဆက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ရုံး၊ အမှတ် (၁၇/G) မြေကွက်အမှတ်-၁/H ဖုန်း ၀၉-၂၅၄၀၂၄၇၉၅ နှင့် ၀၉-၅၀၉၂၀၄၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ၂၀၂၀ ရွေးကောက်ပွဲအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

❒ ရှေ့ဖုံးမှ

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး မဲပေးခွင့် အပြည့်အဝရရှိစေရေးနှင့် မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းများ ပြုစုရာတွင် တိကျမှုရှိစေရေး၊ ကြိုတင်ဆန္ဒမဲများ မှန်ကန်မှုရှိစေရေး၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ရွေးကောက်ပွဲတွင် တရားမဲ့ ပြုကျင့်မှုများ မဖြစ်ပေါ်စေရေး၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ရလဒ်ကြေညာပေးရေး စသည်တို့နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့က ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin, Jr. နှင့် ဇနီးတို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့က ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မေ ၂၁**

တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်ရန်နှင့် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin, Jr. နှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီးတို့က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Mount Pleasant ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါ ညစာစားပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin, Jr. နှင့်ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo R. Kapunan, Jr. နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၂၁**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉) ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လုပ်ငန်းအဖွဲ့၏ တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံပြီး မှီခိုကင်းစွာ ဂုဏ်သိက္ခာရှိရှိ ဘဝရပ်တည်နေနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကကဏ္ဍအလိုက် တာဝန်ယူ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကို လုပ်ငန်းအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေး တင်ပြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၁**- နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သိပ္ပံနှင့် ကာယပညာ ဆရာမများ ကိုယ်ကာယလေ့ကျင့်ခန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး အမှာစကားပြောကြားစဉ်။ သတင်းစဉ်

✽ ရှေ့ဖုံးမှ

ဆက်လက်၍ ဆရာ၊ ဆရာမများ (သင်ရိုးသစ်) Grade - 6 ဘာသာရပ်အလိုက် သင်ကြားပို့ချနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

**အဓိကမှာပညာရေးစနစ်ဖြစ်**

ယင်းနောက် သိပ္ပံနှင့် ကာယပညာ ဆရာမများ ကိုယ်ကာယလေ့ကျင့်ခန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းသား ဆရာ၊ ဆရာမများ အနေဖြင့် သင်ယူရာတွင် တော်ကြသည်ကို သိရှိပါကြောင်း၊ သင်ယူရာတွင် တော်ကြသကဲ့သို့ သင်ကြားရာတွင်လည်း တော်ကြမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများ အနေဖြင့် ကျောင်းသူ၊ ကျောင်းသားများ စာသင်ချိန်နှင့် ကျောင်းတွင် ပျော်ရွှင်အောင် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကလေးများ ကျောင်းသွားရသည်ကို ပျော်မှသာ ပညာတတ်များ ဖြစ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပါသေးကြောင်း၊ အဓိကမှာပညာရေးစနစ်ဖြစ်ပါကြောင်း၊ ပညာရေးစနစ်မှန်ကန်လျှင် အခြားနိုင်ငံများအား ရင်ပေါင်တန်းပြီး အချိန်တိုအတွင်း အမီလိုက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိကျောင်းသား၊ ကျောင်းသူများအား အခြားနိုင်ငံများမှ ကျောင်းသားကျောင်းသူများထက် တစ်မူထူးပြီး တော်စေချင်ပါကြောင်း၊ ကျောင်းစာသာမက စာရိတ္တပိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် တော်စေချင်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ အတူပူးပေါင်းပြီး အစုအဖွဲ့အလိုက် ဆောင်ရွက်ရာတွင် တော်စေချင်ပါကြောင်း၊ မိမိတို့ လူမှုအသိုင်းအဝိုင်း ပျော်ရွှင်ရန်၊ တိုးတက်ရန် လုပ်ဆောင်ပေးနိုင်သည့် ကလေးငယ်များကို မွေးထုတ်ချင်ပါကြောင်း၊ အဓိကကျသည်မှာ ဆရာ၊ ဆရာမများ ဖြစ်ပါကြောင်း ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ၊ သင်တန်းသား ဆရာ၊ ဆရာမများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချ**

ပညာရေးဝန်ကြီးဌာန အနေဖြင့် အခြေခံပညာ အလယ်တန်းအဆင့် (သင်ရိုးသစ်) Grade -6 ကို လာမည့် ပညာသင်နှစ် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် သင်ကြားနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာအလယ်တန်း အဆင့်သင် ဆရာ၊ ဆရာမများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနား၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များမှ ဆရာ၊ ဆရာမ ၈၁၄ ဦးအား ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ လယ်ဝေးမြို့နယ်မှ ဆရာ၊ ဆရာမ ၇၅၃ ဦးတို့အား လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းတွင်လည်းကောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး သင်တန်းများတွင် ကိုယ်ပိုင်ကျောင်းများမှ လေ့လာသူ ၂၆ ဦး လာရောက်လေ့လာ သင်ကြားလျက်ရှိကာ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် တစ်နိုင်ငံလုံးတွင် သင်ရိုးသစ် မူလတန်းအဆင့် KG တန်းကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လည်းကောင်း၊ Grade - 1 ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် လည်းကောင်း၊ Grade -2 ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် လည်းကောင်း သင်တန်းများ သင်ကြားပို့ချခဲ့ပြီး သင်ရိုးသစ် Grade-3 နှင့် အလယ်တန်းအဆင့် သင်ရိုးသစ် Grade-6 ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်လည်းကောင်း သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာသင်ခန်းများအတွင်း ပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

**သင်ရိုးအဖြစ် သတ်မှတ်သင်ကြား**

ယခင်က သင်ရိုးဟောင်းတွင် သင်ရိုးဘာသာဖြစ်သည့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံဘာသာရပ်တို့ကို သင်ရိုးအဖြစ် သတ်မှတ်သင်ကြားပြီး ကာယ၊ ပန်းချီ၊ ဂီတ၊ သက်မွေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်များကို တွဲဖက်သင်ရိုးအဖြစ် သင်ကြားပေးခဲ့ရာမှ ယခုသင်ရိုးသစ်တွင် ကာယ၊ ပန်းချီ၊ ဂီတ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်များကိုပါ သင်ရိုးအဖြစ် သတ်မှတ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်ရိုးသစ်ဖြင့် သင်ကြားခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများအား စည်းကမ်းလိုက်နာမှု ပိုမိုမြင့်မားလာခြင်း၊ နိုင်ငံချစ်စိတ်တိုးတက်လာခြင်း၊ ပူးပေါင်း ဆောင်ရွက်တတ်လာခြင်း၊ တန်းတူညီမျှမှု စိတ်ဓာတ်ရှိလာခြင်း၊ တီထွင်ကြံဆမှုနှင့် စဉ်းစားတွေးခေါ်မှုများ ပိုမိုတိုးတက်လာခြင်းတို့ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ခေါင်းဆောင်မှုအတတ်ပညာထည့်သွင်း**

ယခုသင်တန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းအုပ်များအား သင်ရိုးသစ်များအပြင် ခေါင်းဆောင်မှု အတတ်ပညာကိုလည်း ထည့်သွင်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၂၁**

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

**ဆက်လက်ကျင်းပမည်**

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားသည်။ အစည်းအဝေး ဒုတိယနေ့ကို မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မိန့်ကြားတော်မူအပ်သော သမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာ

[၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ - ရက်၊
(၂၀၁၉ -ခုနှစ်၊ မေလ ၂၁ - ရက်) အင်္ဂါနေ့]

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ဖြစ်သော ဩဝါဒစကား မြွက်ကြားလိုပါသည်။

ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံဟောတိ [သမ္မောဟဝိနောဒနီ၊ ဋ္ဌ၊ ၄၁၃] လာ စကားအရ သာသနာတော်တည်တံ့ရေးကို မျှော်တွေး၍ ရှေးဆရာတော်များမှ အစပြုကာ တပည့်တော်တို့ အရှင်ဘုရားတို့လက်ထက်တိုင်အောင် ပရိယတ္တိစာပေကို သင်ယူကျက်မှတ်ခြင်း အစဉ်အလာသည် အရှိန်အဟုန်ကောင်းလျက် ရှိနေသေးသောကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပရိယတ္တိစာပေကျမ်းဂန် သင်ယူတတ်မြောက်မှုသည် အခြားသော ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများထက် အဆပေါင်းများစွာ သာလွန်၍ တိုးတက်မြင့်မားမှုရှိနေခြင်းဖြစ်ပါသည်ဘုရား။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းများကို မိမိတို့ စွမ်းအားနှင့် အဆင့်အတန်းအားလျော်စွာ အာဂုံပြန်ဆို ရေးဖြေအောင်မြင်တော်မူခဲ့ကြ၍ ယနေ့ဆိုင်ရာ ဘွဲ့တံဆိပ်အောင်လက်မှတ်ကို ခံယူတော်မူကြမည့် အရှင်မြတ်တို့သည်လည်း မြန်မာနိုင်ငံ၏ ပရိယတ္တိအဆင့်အတန်းကို မြှင့်တင်ရာတွင် ထိပ်ဆုံးမှ ပါဝင်နေကြသောကြောင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် တကွသော ရဟန်းသံဃာတော်များ၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမများမှာ နှစ်ထောင်းအားရဖြစ်ကြရလျက် မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာတော်တိုးတက်မှုအတွက် အားတက်ဂုဏ်ယူမှုလည်း ဖြစ်ကြရပါသည်ဘုရား။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါ သာဝတ္ထိပြည်သူပြည်သား မဟာပါလအမည်ရှိသော သူကြွယ်တစ်ဦးဟာ မြတ်စွာဘုရားသာသနာတော်မှာ လွန်စွာကြည်ညိုစိတ်ရှိပြီး မြတ်စွာဘုရားရှင်ထံ ရှင်ရဟန်းပြုခွင့်တောင်းကာ ရဟန်းအဖြစ်ကို ရခဲ့ပါတယ်။ ငါးဝါလောက်နေပြီး ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ မြတ်စွာ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်
ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ

ဘုရားရှင်ထံချဉ်းကပ်ရှိခိုး၍ ဘန္တေဣမသ္မိံသာသနေကတိဓုရာနိ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသာသနာတော်၌ မချွတ်ဧကန်ဆောင်ရွက်ရမည့် တာဝန်တို့သည် အဘယ်မျှရှိပါသနည်းဟုလျှောက်ထားရာ-

ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိဘိက္ခု- ဤသာသနာတော်၌ စာပေကျမ်းဂန်သင်အံခြင်း၊ ဂန္ထဓုရတာဝန်၊ ဝိပဿနာကမ္မဋ္ဌာန်းပွားများအားထုတ်ခြင်း ဝိပဿနာတာဝန်ဟု တာဝန်နှစ်ပါးရှိကြောင်း(ဓမ္မပဒ.ဋ္ဌ.၁။ ၃) ၌ မိန့်ကြားထားသည့်အတိုင်း တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအာဂုံရေးဖြေတို့ကို အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ မြတ်စွာဘုရားရှင်၏ သာသနာတော်တွင် ကျန်းမာကြံ့ခိုင်စွမ်းနိုင်သည့် အရွယ်ရှိနေပါက မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်များကို သင်အံပို့ချရမည့် တာဝန်သည် မိမိတို့၏တာဝန်ဖြစ်သည်ဟူသော ရည်ရွယ်ချက်မျိုးဖြင့် မိမိတို့ကိုယ်တိုင်လည်း ရည်မှန်းထားသည့် အောင်ပွဲကို ရယူနိုင်ကြပြီး တပည့်ရှင်ငယ် ရဟန်းငယ်လေးများကိုလည်း အဓိပတိလေးပါးလက်ကိုင်ထား၍ အားတက်သရော သင်ကြားပို့ချကြလျက် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါသည်ဘုရား။

ယနေ့ကျင်းပပြုလုပ်သော ချီးကျူးပူဇော်ပွဲကြီးတွင် ဘွဲ့တံဆိပ်အသီးသီးကို ခံယူကြမည့် သာသနာ့အာဇာနည်အရှင်မြတ်တို့သည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိကျမ်းဂန်များကို အပတ်တကုတ်အားထုတ်သင်ယူလေ့လာမှတ်သားခြင်းဟူသော ဟေတုသမ္ပဒါနှင့် လည်းကောင်း၊ ကြိုးစားအားထုတ်သင်ယူလေ့လာပြီး ဖြေဆိုအောင်မြင်ခဲ့ခြင်းကြောင့် ဘွဲ့တံဆိပ်တော်အသီးသီးကို ဆွတ်ခူးပန်ဆင်ရခြင်းဟူသော ဖလသမ္ပဒါနှင့်လည်းကောင်း ပြည့်စုံနေကြပါသည်ဘုရား။

ထိုသို့ ဟေတုသမ္ပဒါ၊ ဖလသမ္ပဒါနှစ်ပါးတို့နှင့် ပြည့်စုံနေကြသော စာအောင်အရှင်မြတ်တို့အဖို့ သတ္တူပကာရသမ္ပဒါဟု ခေါ်ဆိုအပ်သော သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဟူသော အရည်အသွေးများနှင့် ပြည့်စုံရန်သာလိုအပ်ပါသည်ဘုရား။ ဟေတုဖလနှစ်ဝသမ္ပဒါ ပြည့်စုံပါလျက် သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဟူသော သတ္တူပကာရသမ္ပဒါနှင့် မပြည့်စုံသူသည် ပညာရှိသူတော်ကောင်းတို့၏ချီးမွမ်းခြင်းကို မခံထိုက်သေးသောကြောင့် စာအောင်အရှင်မြတ်တို့သည် မိမိတို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ချီးမြှောက်နေကြသော အစိုးရနှင့် ပြည်သူတို့အား ဒါယကာ၊ ဒါယိကာမတို့အား ဓမ္မရသများကို ခံစားနိုင်ကြစေရန် တရားဒေသနာများ ဟောပြောပြသဆုံးမခြင်း၊ စာသင်သားရဟန်းသာမဏေတို့အား ပရိယတ္တိစာပေတို့ကို သင်ကြားပို့ချခြင်း စသောဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းလိုပါသည်ဘုရား။

ပရိယတ္တိဝန်ဆောင် သာသနာ့အာဇာနည် အရှင်မြတ်တို့သည်လည်း မိမိတို့၏ ဆိုင်ရာသာသနာ့ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်နိုင်ကြ၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမတို့သည်လည်း သာသနာနုဂ္ဂဟကိစ္စ အဝဝကို ကျန်းမာချမ်းသာစွာဖြင့် ချီးမြှောက်ထောက်ပံ့နိုင်ကြ၍ လည်းကောင်း၊ သာသနာ၏ အနှစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

# (၂၆)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ ACEDAC နှင့် (၂၁)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေး သမဝါယမအသင်းများ၏ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ ASWGAC အစည်းအဝေးများဖွင့်

**နေပြည်တော် မေ ၂၁**

ရာသီဥတုပြောင်းလဲမှုဒဏ်၊ သဘာဝဘေးဒဏ်နှင့် အခြားသောဘေးအန္တရာယ်များ ကျရောက်မှုကြောင့် အာဆီယံဒေသတွင်း တောင်သူလယ်သမားများ ကြုံတွေ့နေကြရသည့် အခက်အခဲများလျော့ပါးသက်သာစေရန် မိမိတို့အားလုံးက အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ လယ်ယာကဏ္ဍတွင် သီးနှံအထွက်နှုန်းတိုးတက်လာစေပြီး စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကောင်းရရှိလာစေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်စေရန် ဦးတည်ဖော်ဆောင်ကြရမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ **(ယာပုံ)**

နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal NayPyiTaw Hotel တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် (၂၆)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ ACEDAC နှင့် (၂၁)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေး သမဝါယမအသင်းများ၏ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ ASWGAC အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားရာ၌ ထိုသို့ ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေ့စဉ်တိုးတက် လိုအပ်လျက်ရှိသော ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်စေရန် မိမိတို့အာဆီယံ စိုက်ပျိုးရေး သမဝါယမအသင်းများက စဉ်ဆက်မပြတ်စားနပ်ရိက္ခာ ထုတ်လုပ်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ အာဆီယံဒေသတွင်း ဈေးကွက်အဆင့်မှသည် ကမ္ဘာ့ဈေးကွက်အဆင့်အထိ ထိုးဖောက်ရရှိနိုင်အောင် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြန်မာနိုင်ငံ အနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ လက်တွဲပြီး ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် အမြဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးမှ အာဆီယံဒေသတွင်း လုပ်ကွယ်ငယ် တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းပြီး ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အစားအစာထုတ်လုပ်မှုကို အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မည့် ဆွေးနွေးချက်များ၊ ရလဒ်ကောင်းများ ချမှတ်ဖော်ဆောင်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။



ထို့နောက် ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက မြန်မာနိုင်ငံ၏ သမဝါယမကဏ္ဍ ဆောင်ရွက်ချက်များကို မိတ်ဆက်ပြောကြားသည်။

အဆိုပါ အစည်းအဝေးများကို အာဆီယံနိုင်ငံအလိုက် နှစ်စဉ်အလှည့်ကျ ကျင်းပခဲ့ရာမှာ အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံတွင် တတိယအကြိမ် လက်ခံကျင်းပခွင့်ရခြင်းဖြစ်ပြီး မေ ၂၁ ရက်မှ ၂၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး သမဝါယမအသင်းများ၏ အဖွဲ့အစည်းဆိုင်ရာနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း၊ ဘဏ္ဍာငွေရရှိနိုင်ခြင်း၊ ဈေးကွက်ရရှိနိုင်ခြင်းတို့ကို ACEDAC အဖွဲ့ကြီး၏ ပင်မဒေါက်တိုင် (၄)ခုအဖြစ် ထားရှိပြီးဒေသတွင်းရှိ ပြည်သူများ (အထူးသဖြင့် တောင်သူလယ်သမားများ)၏ လူနေမှုအဆင့်အတန်း တိုးတက်လာစေခြင်းအားဖြင့် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရေး၊ စိုက်ပျိုးရေးသမဝါယမအသင်းများ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အားပေးမြှင့်တင်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အထောက်အကူပြုစေမည့် သတင်းအချက်အလက်များ၊ အတွေ့အကြုံများနှင့် အယူအဆများ ဖလှယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး (အထူးသဖြင့်) သမဝါယမအသင်းသားများ၏ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးသမဝါယမအသင်းများတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ASEAN အတွင်းရေးမှူးချုပ်ရုံး၊ ACEDAC အတွင်းရေးမှူးရုံး၊ ASEAN Foundation၊ ASEAN တောင်သူလယ်သမားများအသင်း၊ AFSOP ၊ MAFF တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ASEAN အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဗုဒ္ဓသာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပပြုလုပ်ခဲ့ရာ ၁၉၄၈ ခုနှစ် ပထမအကြိမ်မှ ၂၀၁၉ ခုနှစ် ၇၁ ကြိမ်အထိ တစ်ကြိမ်မျှ ပျက်ကွက်သည့်နှစ်မရှိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည် ဘုရား။ နှစ်ပေါင်း ၇၀ ကျော်ကာလတွင် ပိဋကသုံးပုံကို အာဂုံရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ ရရှိတော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ် ၁၄ ပါး၊ ပိဋကတ်သုံးပုံကို အာဂုံအောင်မြင်၍ တိပိဋကဓရဘွဲ့ရရှိသည့် သာသနာ့အာဇာနည်အရှင်မြတ် ၅ ပါး အပါအဝင် ပိဋကနှစ်ပုံအောင်၊ နှစ်ပုံခွဲအောင်၊ တစ်ပုံအောင် သာသနာ့အာဇာနည်မြောက်များစွာ ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ ဆရာတော် သံဃာတော် အရှင်သူမြတ်အပေါင်းတို့က ဂန္ထဓုရဝိပဿနာဓုရနှစ်ပါး ကျင့်ပွားကြလျက် ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟအားဖြင့် ဆောင်ရွက်ပူဇော်တော်မူကြသကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားအပေါင်းက ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလျက် ပစ္စယာနုဂ္ဂဟအားဖြင့် ချီးမြှောက်ပူဇော်ကြခြင်းသည် အနာဂတ်ထေရဝါဒ ဗုဒ္ဓ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားရေးအတွက် ဆရာဒကာ ညီညာလက်ယှက် အားတက်ဖွယ်ရာ ပုံရိပ်ကောင်းဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ကောင်းခြင်းမင်္ဂလာ ပြည့်စုံစွာဖြင့် ထာဝရငြိမ်းချမ်း သာယာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း လျှောက်ထားသည်။

### ဘွဲ့တံဆိပ်တော် ဆက်ကပ်

ထို့နောက် (၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပိဋကတ်နှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့ရတော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်မှ သက်တော် (၄၁) နှစ်၊ သိက္ခာ (၁၉)ဝါရှိ အရှင်ဇောတိကာလင်္ကာရနှင့် သက်တော် (၃၂)နှစ် သိက္ခာ(၁၂)ဝါရှိ အရှင်ဣန္ဒကာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပိဋကတ်နှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ရှစ်ပါး၊ ပိဋကတ်တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒငါးပါး၊ ပိဋကတ်တစ်ပုံ အာဂုံအောင် ဝိနယဓရ ၂၅ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၄၄ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။



သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။ သတင်းစဉ်

### ဆက်ကပ်လောင်းလှူ

အခမ်းအနားအပြီးတွင် (၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့မည့် အကြိုကာလကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီးပါက ဆဋ္ဌသင်္ဂါယနာ တင်ရန် အာသီသပြင်းထန်လျက်ရှိရာ ကျန်ထေရဝါဒနိုင်ငံများက သင်္ဂါယနာတင်ရန်မှာ ပိဋကတ်သုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာ တင်နိုင်ခွင့်ရှိကြောင်း ပြောဆိုချက်ကြောင့် ပိဋကတ်အာဂုံဆောင် ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရက တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ် ဒီဇင်ဘာလစတုတ္ထပတ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ၃၃ ရက်ကြာ ကျင်းပပေးလျက်ရှိရာ ယခုဆိုလျှင် (၇၁) ကြိမ်ရှိပြီဖြစ်သည်။ ယခု (၇၁) ကြိမ်မြောက် စာမေးပွဲတွင် အာဂုံပြန် သံဃာတော် ၁၅၆ ပါးနှင့် သဘောရေးဖြေ သံဃာတော် ၁၈၂ ပါး ဝင်ရောက်ဖြေဆိုတော်မူခဲ့ကြကြောင်း သိရသည်။

### အရှင်သူမြတ် ၁၄ ပါး ပေါ်ထွန်း

ပထမအကြိမ် စတင်ကျင်းပသည်မှ ယခုအချိန်အထိ နှစ်ပေါင်း ၇၁ နှစ်အတွင်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၄ ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်ရဆရာတော်များမှာ မင်းကွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ပခုက္ကူဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ပြည်ဆရာတော် ဘဒ္ဒန္တကောသလ၊ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာသင်္ကာရ၊ မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလင်္ကာရ၊ စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလ၊ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊ ဘုတလင်ဆရာတော် ဘဒ္ဒန္တကုန္ဒစရိယ၊ ကမ္ဘောဇဆရာတော် ဘဒ္ဒန္တအရှင်ဝိရိယာနန္ဒတို့ ဖြစ်ကြသည်။

### သာသနာ့အကျိုးသယ်ပိုး

လက်ရှိကာလတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် (၁၀) ပါး သက်တော်ထင်ရှားစွာ သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သာသနာ့အာဇာနည်ဆရာတော်တစ်ပါးအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



သာသနာ့အာဇာနည် ဆရာတော်တစ်ပါးအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

**“ပထမအကြိမ် စတင်ကျင်းပသည်မှ ယခုအချိန်အထိ နှစ်ပေါင်း ၇၁ နှစ် အတွင်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၄ ပါး ပေါ်ထွန်းခဲ့”**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

**နေပြည်တော်  မေ  ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၏ **ပင်စင်စား ဝန်ထမ်းများအကြား ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့် ညီမျှမှုရှိစေရန်နှင့် သက်ကြီးရွယ်အို ပင်စင်စားများအား ၎င်းတို့၏ ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပင်စင်စားများအား တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ပြုရန်ကိစ္စသည် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ ရေရှည်ခံနိုင်စွမ်းအားကို သုံးသပ်ချိန်ဆရန် လိုအပ်ခြင်း၊ ပင်စင်စား၏ ရေရှည်ပုံမှန်ဘဝရပ်တည်နိုင်မှုကို ထိခိုက်နိုင်ခြင်း၊ ပင်စင်လစာတိုးမြှင့်ပေးချိန်များတွင် ပင်စင်စားအနေဖြင့် ခံစားခွင့်နစ်နာနိုင်ခြင်းတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ပုံမှန်လစဉ် ပင်စင်ထုတ်ယူနိုင်သည့်စနစ်သည် နိုင်ငံတော်အတွက် ငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေပြီး အစိုးရ၏ ဖွံ့ဖြိုးရေးအသုံးစရိတ်များ သုံးစွဲနိုင်မှုကိုလည်း ပိုမိုအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အို ပင်စင်စားများအား စနစ်တကျတွက်ချက်၍ ၎င်းတို့၏ ဆန္ဒအရ ပင်စင်အပြီး ခံစားခွင့်ရှိစေရန် အစီအစဉ်ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှင်းလင်းဖြေကြားစဉ်။


မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း မေးမြန်းစဉ်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **ချင်းပြည်နယ်၏ ငွေလုံးငွေရင်း ဘဏ္ဍာငွေများကို မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကို အခြေခံပြီး ခွဲဝေချထားပေးသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချင်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ငွေလုံးငွေရင်း အသုံးစရိတ်များကို မြို့နယ်တစ်မြို့နယ်ချင်းစီ အလိုက် ခွဲဝေချထားရာတွင် ပြည်သူများ၏ လိုအပ်ချက်များကို အခြေခံ၍ ကဏ္ဍအလိုက် လိုအပ်ချက်၊ ဒေသဖွံ့ဖြိုးမှု ဦးစားပေးအစီအစဉ်တို့နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ ခွဲဝေလျာထားပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူ၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ) ဦးအုန်းခင်၏ **မင်းလှမြို့နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရန်အတွက် မြစ်ရေတင် ဖြန့်ဖြူးရေးလုပ်ငန်းတစ်ခု ထပ်မံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **သမဝါယမတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံးခန်းမ (Multi-purpose Hall) အဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သော ဘဏ္ဍာငွေကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ တိကျစွာ စိစစ်ပြီးမှသာ လုပ်ပိုင်ခွင့်ချထားပေးရန်၊ ယခင်က စိစစ်၍ လုပ်ပိုင်ခွင့်ပေးထားသော ယင်းမြေများသည် လက်တွေ့အားဖြင့် မြေပြင်တွင် စိစစ်ချက်နှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပူတာအို မဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ပူတာအိုမြို့နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်စီမံကိန်းရုံးမှ ၁၉၉၉-၂၀၀၀ တွင် ဒေသထွက် သစ်ပွမျာ းဖြင့် တည်ဆောက်ထားပြီး ယခုအခါ ဆွေးပြီးအပျက်အစီးများနေသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရုံးအားအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာစီမံချက်များနှင့် စီမံကိန်းများ ချိတ်ဆက်မှု၊ မဟာဗျူဟာမြောက်စီမံကိန်းများ ဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များ သတ်မှတ်မှု၊ စီမံကိန်းဘဏ်အတွင်းထည့်သွင်း၍ ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ထားသော **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ပြင်ဆင်ချက်အဆိုတင်သွင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## မြေသိမ်းဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ပြု

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြေသိမ်းဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက **စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှု ရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် သက်ဆိုင်ကြောင်း နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights – ICCPR) ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း** အဆို တင်သွင်းရခြင်း၏ ရည်ရွယ်ချက်မှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ထုတ်ပြန်ကြေညာသော အခြေခံမူများနှင့်အညီ လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုရှိပြီး ဖယ်ရှားမရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူဖြစ်သည့် နိုင်ငံတော်၏ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရန်နှင့် လူ့အခြေခံ ရပိုင်ခွင့်များကို ကာကွယ်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ဖြစ်ပါကြောင်း၊ ထို့ပြင် အသက်ရှင် ရပ်တည်ခွင့်နှင့် လူသားဂုဏ်သိက္ခာ၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဘဝ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မလျော်မကန်ပြုမူခြင်းနှင့် အဓမ္မ ဖမ်းဆီးခြင်းတို့မှ လွတ်မြောက်ခွင့်၊ နိုင်ငံရေးတွင် ပါဝင်ခွင့်နှင့် လူနည်းစု ရပိုင်ခွင့်များကို လေးစားလိုက်နာရန် လူ့ဘဝအဆင့်အတန်းကို မြှင့်တင်ရန်နှင့် စာချုပ်ပါ ရပိုင်ခွင့် ချိုးဖောက်ခံရသူအား ထိရောက်သော ကုစားမှုပေးရန်တို့ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေးကို အလေးထားပြီးကာကွယ်နိုင်မည့် မူဝါဒများ၊ ဥပဒေများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အထင်အရှားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် တိုးတက်လာသော်လည်း လိုအပ်မှုများရှိနေပြီး ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံသားတည်းဟူသော ဘောင်အကန့်အသတ်ကိုသာ အာမခံခြင်းမျိုး မဟုတ်ဘဲ နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်သည့် မည်သူမဆို ထိုရပိုင်ခွင့်များကို စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊

## လူ့အခွင့်အရေး တန်ဖိုးထားလေးစားသည့် မိမိတို့နိုင်ငံ၏ ပုံရိပ်လည်း ပိုမိုပေါ်လွင်လာမည်ဖြစ်သည့်အတွက် ICCPR စာချုပ်ကို နိုင်ငံတော်မှ လက်မှတ်ရေးထိုးသင့်

နိုင်ငံတစ်နိုင်ငံ၏ တည်ရှိမှုအပေါ် ခြိမ်းခြောက်နေသည့် အရေးပေါ်အခြေအနေတွင် စာချုပ်ပါရပိုင်ခွင့်ကို လျှော့ချခြင်း(အကန့်အသတ်ဖြင့်ကျင့်သုံးခွင့်)ပါရှိသည့်အတွက် အသွင်းကူးပြောင်းခါစ မိမိတို့နိုင်ငံအတွက် စိတ်ပူစရာမလိုဘဲ စာချုပ်အရ စောင့်ထိန်းရမည့် ကတိကဝတ်များနှင့် သွေဖည်သော အရေးယူဆောင်ရွက်မှုများကို မလွှဲမရှောင်သာဆောင်ရွက်ရမည်ဆိုပါက စာချုပ်အဖွဲ့ဝင်နိုင်ငံအစိုးရသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးမှတစ်ဆင့် အခြားသော စာချုပ်အဖွဲ့ဝင်နိုင်ငံ အစိုးရများအား စာချုပ်ပါ မည်သည့်အပိုဒ်အား မည်သည့်အတွက်ကြောင့် သွေဖည်ဆောင်ရွက်ရသည်နှင့် မည်သည့်ရက်တွင် ရပ်တန့်မည်ကိုပါ အကြောင်းကြားရသည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်လည်း ပိုမိုအချိတ်အဆက်မိမိ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လူ့အခွင့်အရေး တန်ဖိုးထားလေးစားသည့် မိမိတို့နိုင်ငံ၏ ပုံရိပ်လည်း ပိုမိုပေါ်လွင်လာမည်ဖြစ်သည့်အတွက် ICCPR စာချုပ်ကို နိုင်ငံတော်မှ လက်မှတ်ရေးထိုးသင့်ပါကြောင်း။

လူ့အခွင့်အရေးကို အမှန်တကယ်လေးစားလိုက်နာသော နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ ကာကွယ်ပေးနိုင်ရန် ယခင်က ရှိခဲ့သည့် ဖိနှိပ်သော ဥပဒေများကို ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွင် ပါဝင်သော ရပိုင်ခွင့်များထက် ပိုမိုတိကျသော ရပိုင်ခွင့်များကို အလေးထားကာကွယ်ထိန်းသိမ်းနိုင်ရန် တာဝန်တစ်ရပ်ထမ်းဆောင်နိုင်ရေးအတွက် အဆိုအား လက်ခံဆွေးနွေးပေးပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်း ပြည်ပ ဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနက ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ မိမိတို့ဒေသများရှိ သင့်တော်မည့် မြို့နယ်များတွင် အဝယ်ဒိုင်များ ဖွင့်လှစ်ကာ သင့်တင့်သော ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ပြည်တွင်း ပြည်ပ ဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများကို စိုက်ပျိုးသွားနိုင်ရန် ပံ့ပိုးပေးခြင်းများနှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး၊ အစိုးရနှင့်ပြည်သူ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။


ဒုတိယဝန်ကြီး ဦးလှကျော် ရှင်းလင်းဖြေကြားစဉ်။


မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခ) ဦးအုန်းခင် မေးမြန်းစဉ်။

ဆက်လက်၍ မယ်စဲ့ မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်နှင့် ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကျယ်ပြန့်များပြားသည့် သီးနှံမျိုးစုံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ပထဝီအနေအထားကိုလည်း ပိုင်ဆိုင်ထားပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးပြီး တိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် သီးနှံမျိုးစုံမှ ဈေးကွက်ဝင်သီးနှံများ ဖော်ထုတ်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေး မြင့်မားရေး၊ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေးတို့သည် ဦးစားပေး လုပ်ငန်းရပ်များ ဖြစ်ပါကြောင်း။

## ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် တောင်သူများ ပူးပေါင်းပြီး အကျိုးတူလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ကြိုးစားရာတွင် ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးနှင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် ဒေသ၊ ရေမြေနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် တောင်သူများ ပူးပေါင်းပြီး အကျိုးတူလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးထုတ်ကုန်များ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ တင်ပို့နိုင်ရန် ကုန်သွယ်နိုင်ငံများ၏ လိုအပ်ချက်များအရ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များဖြစ်သည့် ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုစစ်ဆေးခြင်း၊ အဆိပ်ဖြစ်သတ္တုပါဝင်မှု စစ်ဆေးခြင်း၊ မှိုအဆိပ်ပါဝင်မှု စစ်ဆေးခြင်းတို့ကို ထွက်ကုန်အလိုက် သတ်မှတ်ချက်ထက် ကျော်လွန်မှုမရှိစေရန် ဓာတ်ခွဲစမ်းသပ် အဖြေထုတ်ထောက်ခံပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အရည်အသွေးပြည့်ဝသည့် ဈေးကွက်ဝင်စိုက်ပျိုးရေးထွက်ကုန် သီးနှံများ ထုတ်လုပ်နိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေထက် ကျယ်ပြန့်နေသည့်အတွက် လုပ်ငန်းအစီအမံများကို အဆင့်လိုက် မြှင့်တင်ဆောင်ရွက်သွားမှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း။

လက်ရှိ ဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက်ရှိနေဆဲဖြစ်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲအရင်းအမြစ်များကို အသုံးချပြီး အရည်အသွေးပြည့်ဝသည့် ဈေးကွက်ဝင်စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက်

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မေ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရပြီး ကုန်ထုတ်စခန်း(ယခင်ရဲဘက်စခန်း)များတွင် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်ကြရသည့် အကျဉ်းသားများ၏ တစ်ရက်လုပ်အားခနှုန်းထားများကို ၂၀၀ ကျပ်မှ ပြင်ပတစ်ရက် လုပ်အားခ ၄၈၀၀ ကျပ်၏ သုံးပုံတစ်ပုံခန့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော ရဲ ဘက်အကျဉ်းသားများ လွတ်မြောက်သည့်အခါ ၎င်းတို့၏ လုပ်အားဆုငွေအဖြစ် ရဲဘက်အကျဉ်းသားတစ်ဦးကို တစ်ရက်လျှင်ငွေကျပ် ၂၅၀ နှုန်းသို့ တိုးမြှင့်ပေးထားလျက်ရှိပြီး ထိုသို့တိုးမြှင့်ပေးထားခြင်းသည် ရဲဘက်အကျဉ်းသားများအတွက် သင့်လျော်သော လုပ်ခနှုန်းထားဖြစ်ခြင်းတို့ကြောင့် ပြင်ပလုပ်အားခတစ်ရက် ငွေကျပ် ၄၈၀၀ ၏ သုံးပုံတစ်ပုံသို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့်ဌာန အနေဖြင့် ရဲဘက်အကျဉ်းသားများသို့ လုပ်အားခဆုငွေထုတ်ပေးမှုနှင့် ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် အောင်သူ
ဖြေကြားစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်
မေးမြန်းစဉ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ အဆင့်မီတပ်ဖွဲ့ဖြစ်ရေး မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအင်အားပြည့်မီရေးအတွက် တပ်ဖွဲ့ဝင်များကို တိုးချဲ့စုဆောင်းခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ဘက်စုံဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နေအိမ်လိုင်းခန်းများကိုလည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ခေတ်မီမောင်းပြန်သေနတ်များနှင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များကို တပ်ဆင်ပေးခြင်း၊ မှုခင်းများ စုံစမ်းဖော်ထုတ်မှုအတွက် အထောက်အကူပြုပစ္စည်းများကို အသုံးပြုဆောင်ရွက်လျက်ရှိခြင်းနှင့် ပိုမိုတိုးချဲ့အသုံးပြုနိုင်ရန် စီစဉ်၍ အကောင်အထည်ဖော်နေခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ငါးနှစ်စီမံကိန်းအဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လေးနှစ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး ၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် စီမံကိန်းကာလပြီးဆုံးမည်ဖြစ်

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးအား ရေရှည်တည်တံ့စေရန်အတွက် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်၍ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ငါးနှစ်စီမံကိန်းအဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လေးနှစ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး ၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် စီမံကိန်းကာလ ပြီးဆုံးမည်ဖြစ်ပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

စီမံကိန်းကို လုပ်ငန်း Component (၃)ပိုင်းဖြင့် အကောင်အထည်ဖော်လျက်ရှိ ပြီး Component 1 တွင် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု အဖွဲ့အစည်းများနှင့် အထောက်အကူပြုစနစ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ Component 2တွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီစေခြင်းနှင့် Component 3 တွင် ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာမှု အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တင်ပြသွားသည့် ဧရာဝတီမြစ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်သည့် အစိတ်အပိုင်းများမှာ စီမံကိန်း၏ Component သုံးခုလုံးတွင် ပါရှိပါကြောင်း။

စီမံကိန်းများမဆောင်ရွက်မီ စတင်ဆွေးနွေးစဉ်အချိန်က ကမ္ဘာ့ဘဏ်၏ စီမံကိန်းဆန်းစစ်ချက်စာတမ်းတွင် ဧရာဝတီမြစ်ဝှမ်းနှင့် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းစဉ်များအနေဖြင့် စီမံကိန်းများကို အဆင့်ဆင့် စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ယခုဆောင်ရွက်နေသော ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပထမအဆင့်အနေဖြင့် စတင်အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း။

သို့ဖြစ်၍ နောက်ပိုင်းစီမံကိန်းအဆင့်များကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အခြားနိုင်ငံ/အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်မည့် မြစ်ကြောင်းဖွံ့ဖြိုးရေး၊ သဲနုန်းပို့ချမှုလေ့လာရေး၊ ရေအရည်အသွေးလေ့လာဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကိုလည်း လေ့လာသွားမည် ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း၏ Component 1 မှရရှိသည့် မြစ်ဝှမ်းဒေသပင်မစီမံချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကို ရေရှည်တည်တံ့စေရန်အတွက် ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်၏ **မြန်မာနိုင်ငံရှိ အခြေခံပညာ မူလတန်းကျောင်းများမှ လုပ်သက်(၁၂)နှစ်အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် လယ်ပြ-၂၊ လယ်ပြ-၃ ဆရာ/ဆရာမများ၏ ရာထူးတိုး/ အပြောင်းအရွှေ့ကိစ္စများနှင့် ပတ်သက်၍ မည်သို့မူဝါဒ ချမှတ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာမူလတန်းကျောင်းများမှ လုပ်သက် (၁၂)နှစ်အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် အလယ်တန်းပြ - ၂၊ အလယ်တန်းပြ - ၃ ဆရာ၊ ဆရာမများ၏ ရာထူးတိုး/ အပြောင်းအရွှေ့ကိစ္စများ ဆောင်ရွက်ရာတွင် လက်ရှိ ရာထူး/နေရာတွင် လုပ်သက် (၂)နှစ် ပြည့်ပါက အပြောင်း/ အရွှေ့လျှောက်ထားနိုင်ပါကြောင်း၊ ဒေသစရိတ် ခံစားခွင့်ရသော ဒေသများဖြစ်ပါက လက်ရှိရာထူးနေရာတွင် လုပ်သက်(၁)နှစ်ပြည့်မီပါက အပြောင်း/အရွှေ့လျှောက်ထားနိုင်ပါကြောင်း၊ မူလတန်းကျောင်းအုပ် အလယ်တန်းပြ - ၁၊ အလယ်တန်းပြ - ၂နှင့် အလယ်တန်းပြ - ၃ တို့သည် B.Ed ဘွဲ့ရရှိပြီးပါက အထက်တန်းပြရာထူးတိုးသို့ လျှောက်ထားစေပြီး ဆန္ဒပြုဒေသ၊ ဘာသာရပ်ကိုက်ညီမှုနှင့် လုပ်သက်ရမှတ်တန်းစီဇယားတို့အရ နေရာလစ်လပ်မှုအပေါ်မူတည်၍ အထက်တန်းပြရာထူးသို့ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## ဆန္ဒပြုဒေသလစ်လပ်မှုမရှိပါက လက်ရှိတာဝန်ထမ်းဆောင်နေသော ကျောင်းနှင့်အနီးဆုံးကျောင်း သို့မဟုတ် အခြေချနေထိုင်ရာ နေရပ်လိပ်စာနှင့် အနီးဆုံးကျောင်းများသို့ ဦးစားပေးပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိ

အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်သွားသော ကျောင်းများမှ မူလတန်းကျောင်းအုပ်ကြီးများအား လုပ်သက်ရမှတ် (၉)မှတ်ထပ်ပေါင်း၍ တန်းစီဇယားဆောင်ရွက်စေပြီး လုပ်သက်ရမှတ်တန်းစီဇယားအရ ဆန္ဒပြုဒေသ၏ နေရာလစ်လပ်မှုအပေါ်မူတည်၍ ပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆန္ဒပြုဒေသလစ်လပ်မှုမရှိပါက လက်ရှိတာဝန်ထမ်းဆောင်နေသော ကျောင်းနှင့် အနီးဆုံးကျောင်း သို့မဟုတ် အခြေချနေထိုင်ရာ နေရပ်လိပ်စာနှင့် အနီးဆုံးကျောင်းများသို့ ဦးစားပေးပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု မြင့်မားတိုးတက်လာစေရန် တာဝန်ရှိ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အား ကျား/မ ဆိုင်ရာအကဲခတ်မှုဆိုင်ရာ အသိပညာပေးရန် (Gender Sensitivity Awareness) အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ "ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR)" ဒုတိယအကျော့သုံးသပ်မှုခံယူစဉ် မြန်မာနိုင်ငံအနေနှင့်ဖော်ဆောင်ရန် လက်ခံခဲ့သည့် အကြံပြုချက်များအပေါ် နောင်လာမည့် (UPR) တတိယအကျော့၌ အစီရင်ခံစာတင်ပြရန် အဆင်သင့်ဖြစ်/မဖြစ် လက်ရှိအနေအထား၏လိုအပ်မှု သို့မဟုတ် ပြည့်စုံမှုအခြေအနေအရပ်ရပ်အား သိရှိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း
ဖြေကြားစဉ်။



မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်
မေးမြန်းစဉ်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအုပ်စု အုန်းတောကမ်းကျေးရွာရှိ လေယာဉ်ကွင်းဟောင်းမြေနေရာအား ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ်ကမ်းခြေ အပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ချင်းတိုင်းရင်းသားစာကို မည်ကဲ့သို့ သင်ကြားပေးနေသည်ကို သိရှိလိုခြင်း** မေးခွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်ရှိ ပန်ဝိုင်အခြေခံပညာ မူလတန်း(လွန်) ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ဆရာ/ဆရာမ ဦးရေ ထပ်မံတိုးချဲ့ခန့်အပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် အကြီးစားပြင်ဆင်သည့် လုပ်ငန်းတစ်ရပ်လုံးနှင့် ပတ်သက်ပြီး ဆောင်ရွက်သည့် ကုမ္ပဏီနှင့် တာဝန်ရှိသူများကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

*စာမျက်နှာ ၇ မှ*

စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ ဟန်ချက်ညီဖြစ်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုသုံးသပ်ချက်၊ ဆွေးနွေးချက်များနှင့်ပါ မှတ်သားလေ့လာပြီး ပေါင်းစပ်ညှိနှိုင်း အလေးနက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုအားမှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၇၂ မဲ၊ ကန့်ကွက်မဲ ၁၃၁ မဲနှင့် ကြားနေမဲ မရှိသဖြင့် ထောက်ခံမဲများသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ငါးသိုင်းချောင်းမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ဂွမြို့တွင် ၀ ဒသမ ၆၁ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ညောင်တုန်းမြို့တွင် ၁ ဒသမ ၀၀ လက်မ၊ လှိုင်လင်မြို့နှင့် မဒေါက်မြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီ၊ မင်းတပ်မြို့နှင့် သထုံမြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီနှင့် လပွတ္တာမြို့တွင် ၀ ဒသမ ၆၃ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်) ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်မည်

**ရန်ကုန် မေ ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်) ပြုပြင်မွမ်းမံခြင်းလုပ်ငန်း စတင်သည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အဆိုပါဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မှုအရ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြုပြင်မွမ်းမံရေးစာချွန်လွှာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့၏ရှေ့မှောက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူးတို့ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ယနေ့အထိမ်းအမှတ် အခမ်းအနားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံရှိ ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ နှစ်နိုင်ငံမှ တာဝန်ရှိသူများ၏ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှု၊ နှစ်နိုင်ငံရှိ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများ၏ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ဖေးကူမှုများကို နက်ရှိုင်းစွာဖော်ပြနေသည့် အခမ်းအနားတစ်ရပ်လည်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(ယာအပါပုံ)**



အဆိုပါ အမျိုးသားဇာတ်ရုံ(ရန်ကုန်)သည် ၁၉၈၅ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတကြီး လီရှန်နင့်က မေတ္တာလက်ဆောင်ပေးအပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့၍ ၁၉၉၀ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့ရာ ၁၉၉၁ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအခါ ဇာတ်ရုံကြီးသည် သက်တမ်းအားဖြင့် ၂၈ နှစ် ကျော် ကာလကြာမြင့်ပြီဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အသံစနစ်များ၊ ဇာတ်စင်သုံး မီးစနစ်များ၊ အဲကွန်းစနစ်များ၊ ပွဲကြည့်ထိုင်ခုံများ၊ အဆောက်အအုံပိုင်းဆိုင်ရာ၊ အလိုအလျောက် မီးငြိမ်းသတ်စနစ်နှင့် အခြားအထွေထွေပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ရာ ပြုပြင်မွမ်းမံသည့်ကာလမှာ ခန့်မှန်းအားဖြင့် နှစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်၍ အဆင့်မြှင့်တင်မွမ်းမံမည်ဖြစ်သဖြင့် ဇာတ်ရုံငှားရမ်းသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှစတင်၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

# ဌာန၏လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရန်အရေးကြီး

**နေပြည်တော် မေ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား သင်တန်းကျောင်း၊ အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကျောင်းတွင် ဌာနအသီးသီးမှ အတွေ့အကြုံရှိသည့် သင်တန်းနည်းပြများသည် ဌာန၏မျိုးဆက်သစ်လူငယ်များဖြစ်သည့် ဝန်ထမ်းငယ်များကို ဌာနနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သင်ကြားပို့ချပေးကြမည်ဖြစ်သည့်အတွက် သင်တန်းသား ဝန်ထမ်းငယ်များကလည်း သင်ကြားပို့ချမှုများကို အထူးကြိုးစား လေ့လာမှတ်သားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချသည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြပြီး မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဌာန၏လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ထမ်းများသည် လုပ်ချင်ကိုင်ချင်စိတ်အပြည့်ဖြင့် စွမ်းဆောင်ရည်မြင့်မားရန်လည်း အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် IT နည်းပညာများ တတ်ကျွမ်းရန်နှင့် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားအပြင် အိမ်နီးချင်းနိုင်ငံများ၏ ဘာသာစကားများကိုလည်း တတ်ကျွမ်းရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းတွင် ဌာန၏ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများအပြင် ဝန်ထမ်းများ သိသင့်သိအပ်သည့် ဗဟုသုတအကြောင်းအရာများစွာကိုပါ သင်ကြားပို့ချဆွေးနွေးသွားမည် ဖြစ်သည့်အတွက် ဂရုတစိုက်လေ့လာမှတ်သားကြရန် အထူးမှာကြားလိုပါကြောင်း။

သင်တန်းသူများအနေဖြင့် သင်တန်းကချမှတ်ထားသည့် သင်တန်းစည်းကမ်းများနှင့် သင်တန်းအိပ်ဆောင်စည်းကမ်းများကိုလည်း စည်းကမ်းတကျလိုက်နာကြရမည်ဖြစ်ပြီး အတွေ့အကြုံကောင်းများစွာရှိသည့် နည်းပြအရာရှိများ၏ သင်ကြားပို့ချမှုများကို ဂရုတစိုက်သင်ယူမှတ်သားကြရမည် ဖြစ်ပါကြောင်း၊ အစဉ်လေ့လာသင်ယူလိုသောစိတ်ဓာတ် မွေးမြူပြီး ကျန်းမာကြံ့ခိုင်အောင် နေထိုင်ကြရန်နှင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည်နှင့်အညီ ပြည်သူက အားကိုးအားထားပြုရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်တန်းအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လည်းကောင်း၊ သင်တန်း တန်းစီကွင်းအခြေအနေတို့ကို လည်းကောင်း၊ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုသင်တန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်းတွင် ဒုတိယအကြိမ် ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးနှင့် နေပြည်တော်ရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမျိုးသမီးဝန်ထမ်း သင်တန်းသူ ၆၅ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး နှင့်အဖွဲ့ မောင်တော၊ ဘူးသီးတောင်ဒေသမှ ကျေးရွာများသို့ မြေပြင်ကွင်းဆင်းလေ့လာ



**မောင်တော မေ ၂၁**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Fillippo Grandi နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် ရွာမကျေးရွာ၊ ရွာမဂုံးနားကျေးရွာသို့သွားရောက်၍ ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒေသခံပြည်သူများအားတွေ့ဆုံပြီး လိုအပ်ချက်များ မေးမြန်း၍ ရွာမဂုံးနားကျေးရွာရှိ သောက်သုံးရေကန် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုသည်။ ဆက်လက်၍ မဟာမင်းကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ အမှတ်(၅) ရပ်ကွက်ရန်အောင်မြင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး တိုက်ပွဲရှောင်ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မဟာမင်းကြီးက မိမိသည် လူသားချင်းစာနာမှုကိစ္စများကို ကိုယ်စားပြုဆောင်ရွက်နေသူဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် အစိုးရနှင့်ပူးပေါင်းပြီး လိုအပ်သည့်ဒေသများတွင် ကူညီထောက်ပံ့ပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မဟာမင်းကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာသို့ရောက်ရှိကာ အမက(မူလွန်) ကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။ **(ဝဲအစွန်ပုံ)**

ဆက်လက်၍ မဟာမင်းကြီးနှင့် အဖွဲ့သည် ပန်းတောပြင် (အလယ်) ရွာ အစ္စလာမ် ဘာသာဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များအား မေးမြန်းကာ မဟာမင်းကြီးနှင့် အဖွဲ့သည် ကျေးရွာစာသင်ကျောင်းပြုပြင်ရေးနှင့် ရေငန်တားတာ တည်ဆောက်လိုသည့်မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပန်းတောပြင်ရွာသစ်သို့သွားရောက်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းဆောက်လုပ်ပေးသည့် နေအိမ်သစ်များအား ကြည့်ရှုခဲ့သည်။ **ခရိုင်( ပြန်/ဆက် )**

# ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော်  မေ  ၂၁**

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန် (၃)ရပ်ဖြစ်သည့် သတင်းအချက်အလက်ပေးခြင်း၊ အများပြည်သူအသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အလုပ်များလုပ်ခြင်း၊ အများပြည်သူအတွက် ဖျော်ဖြေမှုများ တင်ဆက်ပေးခြင်းဟူသည့် အလုပ်များကို လုပ်ဆောင်ပါကြောင်း။

**အများပြည်သူနှင့် ထိတွေ့စေရန်အတွက် လုပ်ဆောင်**

ပြန်ကြားရေးဝန်ကြီးဌာနသည် အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့် ဌာနဖြစ်ပါကြောင်း၊ ယင်းအလုပ်ကို လုပ်ဆောင်ရာတွင် ယနေ့ပြုလုပ်သည့် ဝန်ကြီးဌာနများ၏ သတင်းစာရှင်းလင်းပွဲသည်လည်း အစိုးရနှင့် အများပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့် အလုပ်တစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ အလုပ်ကိုဆောင်ရွက်သကဲ့သို့ အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အများပြည်သူနှင့် ထိတွေ့စေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့အနေဖြင့် အများပြည်သူအချင်းချင်း ထိတွေ့ပြီး ပြောဆိုဆွေးနွေးဖလှယ်နိုင်ရန်၊ အများပြည်သူ၏ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆနှင့် သဘောဆန္ဒများ ဖြန့်ချိနိုင်ရန်လည်း လုပ်ဆောင်လျက်ရှိပါကြောင်း။

ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟူ၍ ဌာနလေးခုရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ၎င်းတို့ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သကဲ့သို့ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်ပါကြောင်း၊ အဓိကဆောင်ရွက်နိုင်သည်မှာ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း လုပ်ငန်းရှင် Content Provider (၅)ဦး လုပ်ခွင့်ရအောင် စီစဉ်ပေးနိုင်ခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့သည် ပြီးခဲ့သည့် တစ်နှစ်တာအတွင်း စတင်ပြီး မိတ်ဆက်ထုတ်လွှင့်ခြင်းများ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် အစီအစဉ်တွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဥပဒေပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို မူကြမ်းပြင်ဆင်ခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**လမ်းဖွင့်ပေးသည့် အစီအစဉ်**

နည်းဥပဒေပြီးစီးပါက ဥပဒေနှင့် နည်းဥပဒေတွင် ပါဝင်သည့် ရုပ်သံကောင်စီကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ရုပ်သံကောင်စီဖွဲ့စည်းပြီးပါက ရုပ်သံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ရှိပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဥပဒေ၊ နည်းဥပဒေထွက်ရှိပြီးပါက ရေဒီယိုအတွက်လည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုလောလောဆယ်တွင် ရေဒီယိုနှင့် ပတ်သက်သည့် စမ်းသပ်အစီအစဉ်တစ်ခုဖြစ်သည့် ရန်ကုန်မြို့အနီး ထန်းတပင်မြို့တွင် ခရေ FM ကို ဆောင်ရွက်နေပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအတွက် လမ်းဖွင့်ပေးသည့် အစီအစဉ်ဖြစ်ပါကြောင်း။

အလားတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့တိုင်း၊ ခရိုင်တိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်နှင့် ရုံးများ ဖွင့်လှစ်ထားပါကြောင်း၊ ယင်းစာကြည့်တိုက်နှင့် ရုံးများကို အသွင်ပြောင်းလဲနိုင်သလောက် ပြောင်းလဲပြီး အနှစ်သာရပိုင်းတွင်လည်း များစွာပြောင်းလဲနေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များကို ပြည်သူ့စာကြည့်တိုက်များဟုခေါ်ဆိုကာ သတ်မှတ်ထားသည့် အချိန်တွင် မည်သူမဆို အခမဲ့ စာအုပ်ငှားရမ်းပေးနိုင်သည့် တာဝန်ကို ထမ်းဆောင်ပါကြောင်း။

သို့သော် ယခုခေတ်တွင် စာဖတ်သူများ နည်းပါးလာသဖြင့် စာဖတ်သည့် အလုပ်တိုးတက်လာအောင်၊ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်အောင် စာကြည့်တိုက်ကို စာဖတ်မည့်သူများထံ ရောက်အောင်ပို့သည့်စနစ်ကို တတ်နိုင်သလောက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ ဆောင်ရွက်နေမှုများ ရှိသကဲ့သို့ Shanti Volunteer Association နှင့် တွဲ၍လည်း ဆောင်ရွက်နေမှုများ ရှိပါကြောင်း။

ထို့ပြင် နိုင်ငံအတွင်း ဒီမိုကရေစီအလေ့အကျင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုသည့် အလေ့အကျင့်၊ စနစ်တကျ ဆွေးနွေးငြင်းခုံသည့် အလေ့အထ၊ ဒီမိုကရေစီယဉ်ကျေးမှု အလေ့အထ ထွန်းကားရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆွေးနွေးနှီးနှောဖလှယ်နိုင်**

ထို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဌာနရုံးများကို Community Centre များအဖြစ်ပြောင်းလဲပြီး အများပြည်သူဆွေးနွေး နှီးနှောဖလှယ်နိုင်ရန်အတွက် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ထိုအရာကို အစပျိုးဆောင်ရွက်သည့်အနေဖြင့် ဝါသနာရှင်အဖွဲ့များ၊ လူငယ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ စာဖတ်ဝါသနာပါသည့် လူငယ်များအတွက် စာဖတ်ဝိုင်းများ ဖွဲ့ပေးခြင်းနှင့် အနုပညာသမားများအတွက် အနုပညာဝိုင်းများ ဖွဲ့စည်းပေးထားပါကြောင်း။

ထို့ပြင် အစိုးရပိုင်းဖြစ်သည့် ဌာနအသီးသီးတွင် တာဝန်ယူထားသည့် ပုဂ္ဂိုလ်များနှင့် ပြည်သူများနှင့် ထိတွေ့ပြီး ဆွေးနွေးပြောဆိုသော Public Talk (ပြည်သူ့စကားဝိုင်း) အစီအစဉ်များ ပြုလုပ်ပေးထားပါကြောင်း၊ ပြည်သူ့စကားဝိုင်းများတွင် အဓိကဆွေးနွေးမည့် အကြောင်းအရာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပြီး ထိုခေါင်းစဉ်ကို ဆွေးနွေးပြောဆိုရန်အတွက် သက်ဆိုင်ရာ နယ်မြေဒေသမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုမှ တာဝန်ရှိသည့် အရာရှိတစ်ဦးဦး သို့မဟုတ် ထိုကဏ္ဍတွင် ဆောင်ရွက်သည့် NGO အရပ်ဘက်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်တစ်ဦးဦးပါဝင်လေ့ရှိပါကြောင်း၊ ထိုလေးငါးဦးက ဦးဆောင်ဆွေးနွေးပြီး ပြည်သူက မေးသည့် မေးခွန်းများကို ပြန်လည် ဆွေးနွေးဖြေကြားပါကြောင်း၊ ထိုအရာသည် မိမိတို့ တိုင်းပြည်တွင် ဒီမိုကရေစီ အလေ့အကျင့် ထွန်းကားလာရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါကြောင်း။

**စကားဝိုင်းပေါင်း တစ်ထောင်ကျော်ခန့် ပြုလုပ်ပြီးဖြစ်**

ကျေးလက်ဒေသတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းများ ကျင်းပပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် စကားဝိုင်းအလေ့အကျင့် စတင်ပျိုးထောင်ခဲ့ပါကြောင်း၊ ပြည်သူကြားတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးသည့် ဆွေးနွေးပွဲများကို ယခုမှ စတင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အများစိတ်ဝင်စားသည့် ခေါင်းစဉ်များ၊ ဦးဆောင်ဆွေးနွေးသည့်သူများက ပြောလာသည့်ခေါင်းစဉ်များ၊ ပရိသတ်ထဲမှ နောက်ထပ်ခေါင်းစဉ်များ၊ ရပ်ရွာအတွက် အရေးကြီးသည့်ကိစ္စများကို ဆွေးနွေးနေပါကြောင်း၊ လေ့ကျင့်ပျိုးထောင် ပေးနေခြင်းဖြစ်ပြီး ပြည်သူ့စကားဝိုင်းပေါင်း တစ်ထောင်ကျော်ခန့် ပြုလုပ်ပြီးဖြစ်ပါကြောင်း။

အများပြည်သူအကြားတွင် ဆွေးနွေးသကဲ့သို့ ပညာရှင်အသိုင်းအဝိုင်းတွင်လည်း ဆွေးနွေးသည့် အလေ့အထရရှိအောင် ဆောင်ရွက်နေသည်များလည်းရှိပါကြောင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် ဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းများရှိသကဲ့သို့ မကြာမီ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များလည်း ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွဲ့စည်းထားသည့် သုတေသနအဖွဲ့မှ ဦးဆောင်၍ ဆွေးနွေးပွဲကျင်းပသည်များလည်း ရှိပါကြောင်း၊ ထိုဆွေးနွေးပွဲများကို အခြေခံ၍ စာစောင်များ ပုံမှန် ထုတ်ဝေနေသည်များလည်း ရှိပါကြောင်း၊ ကမ္ဘာ့ရေးရာစာစောင်၊ မြန်မာ့ရေးရာစာစောင်၊ တိုင်းရင်းသားရေးရာ စာစောင်ဟူ၍ရှိပြီး ထိုစာစောင်များကို အခြေခံ၍ ဆွေးနွေးပွဲများ ကျင်းပနေပါကြောင်း၊ ကမ္ဘာနှင့် မြန်မာဆက်စပ်သည့် အနေအထားများကို အခြေခံသည့် ဆွေးနွေးပွဲများလည်း ကျင်းပရန်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ စာရွက်စာတမ်းများ၊ ပြန်တမ်းများပုံနှိပ်ခြင်း အစိုးရဝန်ကြီးဌာနများ၏ စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲများ၊ ရန်ကုန်တွင် ကျင်းပသည့် စည်ပင်ရွေးကောက်ပွဲ မဲစာရင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ပေးခြင်း ဆောင်ရွက်နေသလို လာမည့် ရွေးကောက်ပွဲတွင်လည်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ မဲလက်မှတ်များ ရိုက်နှိပ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

**ယခုနှစ်တွင် ၃၉ သန်း ပုံနှိပ်ရမည်**

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ၃၅ သန်းပုံနှိပ်ခဲ့ပြီး ယခုနှစ်တွင် ၃၉ သန်းပုံနှိပ်ရမည်ဖြစ်ပါ ကြောင်း၊ ပုံနှိပ်သည့်ပမာဏသည် ပြင်ပစာအုပ်ထုတ်ဝေရေးလုပ်ငန်းများ ထုတ်ဝေနေသည့် အရေအတွက်ထက် ပိုမိုများပြားပါကြောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက အခြားထုတ်ဝေနေသည်များလည်းရှိပါကြောင်း၊ စာပေဗိမာန်မှ စာအုပ်ထုတ်ဝေရေး၊ စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်နေသည်များလည်း များစွာရှိပါကြောင်း။

နောက်ထပ် ဌာနတစ်ခုမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဖြစ်ပါကြောင်း၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာဆိုသည့် မြန်မာသတင်းစာများနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ အင်္ဂလိပ်သတင်းစာထုတ်ဝေနေပြီး Myanmar Digital News ဆိုသည့် Online သတင်းစာ ထုတ်နေပါကြောင်း။

**သတင်းပြန်ကြားသည့် အလုပ်ကို အဓိကလုပ်**

ထိုသတင်းစာများသည် အစိုးရနှင့် ပြည်သူကြားဆက်သွယ်ပေါင်းကူးသည့် အလုပ် သို့မဟုတ် သတင်းပြန်ကြားသည့် အလုပ်ကို အဓိကလုပ်ပါကြောင်း၊ အစိုးရဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၏ ဆောင်ရွက်ချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးနေပါကြောင်း၊ လွှတ်တော်များက ဆောင်ရွက်နေပုံများ၊ လွှတ်တော်များ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဖော်ပြနေပါကြောင်း၊ လွှတ်တော်နှင့် ပတ်သက်သည့် သတင်းတင်ပြပုံများကို ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောင်းလဲတင်ပြရန် မိမိတို့ စဉ်းစားနေသလို လွှတ်တော်ဘက်ကလည်း အကြံဉာဏ်ရယူရန် ညှိနှိုင်းထားပါကြောင်း၊ ဆိုလိုသည်မှာ မဏ္ဍိုင်(၃)ရပ်၏ ဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် တင်ပြပေးနေပါကြောင်း။

**အွန်လိုင်းမီဒီယာသို့ ပြောင်းလဲနိုင်ရန် ကြိုးစားနေ**

နောက်တစ်ခုမှာ အများပြည်သူအကြား၊ နိုင်ငံအနှံ့အပြားနှင့် ကမ္ဘာတွင် ဖြစ်ပျက်နေသည့်ကိစ္စများကို အများပြည်သူကို အသိပေးနိုင်ရန်အတွက် သတင်းစာများက ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နည်းပညာပြောင်းလဲလာသည့်အတွက် ပုံနှိပ်မှ အီလက်ထရွန်နစ်မီဒီယာဘက်ကို ရွှေ့ပြောင်းလာပါကြောင်း၊ ပုံနှိပ်မီဒီယာ ကျဆင်းနေပြီး အွန်လိုင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ ထိုကာလတွင် မိမိတို့သည်လည်း ပုံနှိပ် တွင် ရပ်တန့်မနေဘဲ အွန်လိုင်းမီဒီယာသို့ ပြောင်းလဲနိုင်ရန် ကြိုးစားနေပါကြောင်း၊ ထို့ကြောင့် Myanmar Digital News ကို ပြီးခဲ့သည့်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဏ္ဍကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုသော၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သော၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော၊ လူထုလူတန်းစားအသီးသီးကို တိုက်ရိုက်၊ သွယ်ဝိုက်၊ တစ်ဆင့်ခံ နည်းလမ်းများနှင့် ဝင်ငွေများစီးဝင်မည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သော မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့ရာမှ ယနေ့အထိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားဧည့်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ ဝင်ရောက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှ အကျိုးရလဒ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသခံများ ပျံ့နှံ့ရရှိခံစားနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းကော်မတီကို ၂၀၁၉ ခုနှစ် မတ် ၃ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁၅) ခုကို ၂၀၁၉ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

**အမိန့်(၅)မျိုး ထုတ်ပြန်ခဲ့**

ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာကြိုတင်ဆောက်လုပ်ခွင့်အမိန့်၊ ဟိုတယ်လုပ်ငန်း လိုင်စင်ဆိုင်ရာအမိန့်၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့် စသည့် အမိန့်(၅)မျိုးကို ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအကြောင်း ထိရောက်စွာ မြှင့်တင်ကြော်ငြာရေးအတွက် အဓိက မဟာဗျူဟာချမှတ်ပြီး တွန်းအားပေးဆောင်ရွက်နေသော Digital Marketing လုပ်ငန်းများကို ဝန်ကြီးဌာနတွင် ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက်ကတည်းက စတင်ဆောင်ရွက်နေပါကြောင်း။

**နေ့စဉ်လွှင့်တင်ဖော်ပြပေး လျက်ရှိ**

www.tourism.gov.mm Website ကို ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက်မှ စတင်၍ Web Design အသစ်ဖြင့် လွှင့်တင်ခဲ့ပြီး Social Media Platform များတွင် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအတွက် မြှင့်တင်ကြော်ငြာပေးမည့် ခရီးစဉ်ဒေသများ၊ ခရီးသွား ဆွဲဆောင်မှုများအကြောင်းကို Posts များ၊ Photos များ၊ Videos များကို နေ့စဉ်လွှင့်တင်ဖော်ပြပေးလျက်ရှိပါကြောင်း။

*စာမျက်နှာ ၁၁ သို့*




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို ရည်မှန်းထားသည့် ဈေးကွက်နိုင်ငံများသို့ ပိုမိုကျယ်ပြန့်စွာရောက်ရှိစေရန်အတွက် Paid Marketing Campaign များဖြစ်သော Google Marketing နှင့် Social Media Marketing လုပ်ငန်းများအား ၂၀၁၉ခုနှစ်၊ ဧပြီလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိရောက်စွာ မြှင့်တင်ကြော်ငြာ**

ထိုကဲ့သို့ Digital Marketing Campaign ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကို ပိုမိုမြှင့်တင်နိုင်ခြင်း၊ နိုင်ငံ၏ကောင်းသတင်းများကို Social Media Accounts မျိုးစုံတွင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ထိရောက်စွာ မြှင့်တင်ကြော်ငြာနိုင်ခြင်း၊ ခရီးသွားလုပ်ငန်း၏ အဓိကရည်မှန်းဈေးကွက်နိုင်ငံများသို့ ပိုမိုထိရောက်စွာ ဆွဲဆောင်ကြော်ငြာပေးနိုင်ခြင်းနှင့် အခြားနိုင်ငံများမှ Online User များမှ လာရောက်ကြည့်ရှုမှု ပိုမိုများပြားလာစေပြီး မြန်မာနိုင်ငံအကြောင်း ပိုမိုနားလည်သိရှိစေရာ လာရောက်လည်ပတ်လိုသောစိတ်များ ဖြစ်ပေါ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါကြောင်း။

လက်ရှိဆောင်ရွက်လျက်ရှိသော Google နှင့် Social Media တို့တွင် ပြုလုပ်လျက်ရှိသည့် Paid Marketing Campaign များအပြင် YouTube တွင် Video Campaigns များ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

ခရီးသွားဧည့်သည်များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၌ လုပ်ကိုင်ဆောင်ရွက်နေသူများအတွက် အထောက်အကူများစွာပေးနိုင်မည့် www.travel myanmar.com.mm (Tourism Web Portal) ကို မကြာမီ လွှင့်တင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်ဂိတ်များဖြစ်သည့် (တာချီလိတ်- မယ်ဆိုင်)(မြဝတီ- မဲဆောက်)(ကော့သောင်း- ရနောင်း) (ထီးခီး- ဖူနာရွန်) နယ်စပ်ဂိတ်များကို ၂၀၁၃ ခုနှစ် သြဂုတ် ၂၄ ရက်တွင် အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်များဖြစ်သည့် (တမူး- မိုရေး) (ရိခေါ်ဒါရ်- ဇိုခေါ်သာ) နယ်စပ်ဂိတ်များအား ၂၀၁၈ ခုနှစ် သြဂုတ် ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက်ပေါက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ခရီးသည် ပိုမိုလာရောက်ရန်အတွက် ရှမ်းပြည်နယ်တွင် တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် လမ်းကြောင်း Permission Tour များ သွားလာနိုင်ရေး သဘောတူခွင့်ပြု၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

**စက်စဲကမ်းခြေ ခရီးသည်ပိုမိုလာရောက်**

မွန်ပြည်နယ်တွင် ဘီးလင်းမြို့နယ်အတွင်း တောင်ကြီးကျေးရွာအနီးရှိ ကေလာသတောင်၊ မဲလံကျေးရွာအနီးရှိ ကျောက်ပိဘုရားနှင့် ကျောက်တံခါးစေတီ၊ သထုံမြို့နယ်အတွင်း နန်းခဲရပ်ကွက်ရှိ မြသပိတ်စေတီ၊ သံဖြူဇရပ်မြို့ရှိ ဝဲကလိရေပူစမ်း၊ ပဆားကွင်း၊ သေမင်း တမန်ရထားလမ်းပြတိုက်၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီ ရေလယ်ဘုရားနှင့် စက်စဲကမ်းခြေတို့ကို ခရီးသည်ပိုမိုလာရောက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

အလားတူ ကယားပြည်နယ်တွင် ဒီးမော့ဆိုမြို့နယ်၊ ဒေါကလော်ဒူကျေးရွာအနီးရှိ ဒေါကလော်ဒူနှင့် တနီးလာလဲကျေးရွာ၊ ငွေတောင်ကျေးရွာအုပ်စုရှိ ငွေတောင်ကျေးရွာ၊ ပန်ပက်ကျေးရွာအုပ်စုရှိ ပန်ပက်ရွှမ်းကူ၊ ပန်ပက်ဆောင်းလူး၊ ပန်ပက် ပယ်မဆောင်၊ ပန်ပက်ကတဲကူနှင့် ပန်ပက်ဒေါကီးကျေးရွာများ၊ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ ဘော်လခဲမြို့ ဖားဆောင်းမြို့ မယ်စဲ့မြို့တို့ကို ခရီးသွားပိုမိုလာရောက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ခွင့်ပြုခဲ့သည့် နိုင်ငံများ၏ ဗီဇာကိစ္စနှင့် ပတ်သက်၍ ထပ်မံပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ တစ်နှစ်သက်တမ်းတိုးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ်တွင် ခရီးသွား ၃ ဒသမ ၅၅ သန်း လာရောက်ပြီး ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄၄ သန်း လာရောက်သဖြင့် ၀ ဒသမ ၁၁ သန်း တိုးတက်ကာ ၃ ဒသမ ၁၅ ရာခိုင်နှုန်း တိုးတက်မှုရှိပါကြောင်း။

လေကြောင်းလိုင်း၊ အပျော်စီးသင်္ဘောနှင့် နယ်စပ်ဝင်ပေါက်များမှ Passport Visa ဖြင့် ဝင်ရောက်သူများမှာ ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၃၉ သန်းရှိပြီး၊ ယခင် ၂၀၁၇ ခုနှစ်တွင် ၁ ဒသမ ၃၆ သန်းရှိသဖြင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၅၈ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။

နယ်စပ်ဒေသများတွင် (Border Pass Entry Permit) တို့ဖြင့် လာရောက်မှု အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ၂ ဒသမ ၁၅ သန်းရှိပြီး ယခင် ၂၀၁၇ ခုနှစ်တွင် ၂ ဒသမ ၀၈ သန်းရှိသဖြင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၅၂ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**

သတင်းစဉ်

## "လူထုအခြေပြုခရီးသွားလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဝိုင်းဝန်းကူညီမှုဖြင့် ကျေးရွာလူထု၏ သဘောထားနှင့် သဘောတူညီမှုတို့ဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ စမ်းသပ်စီမံကိန်း ခြောက်ခုဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ယနေ့အခါတွင် လူသိပိုမိုများပြားပြီး စိတ်ဝင်စားလာသော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်လာသည်နှင့်အမျှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ"

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ၁ ဒသမ ၅ သန်းကျော်ရှိပြီး ၂၀၁၈ ခုနှစ် အလားတူ လေးလတွင် ၁ ဒသမ ၂၃ သန်းခန့် လာရောက်သဖြင့် ၂၃ ရာခိုင်နှုန်း တိုးတက်ပါကြောင်း။

လေကြောင်းလိုင်း၊ အပျော်စီးသင်္ဘောနှင့် နယ်စပ်ဝင်ပေါက်များမှ Passport Visa ဖြင့် ဝင်ရောက်သူများမှာ ၂၀၁၉ ခုနှစ်၊ ဧပြီလအထိတွင် ၀ ဒသမ ၆၅ သန်းရှိပြီး ယခင် ၂၀၁၈ ခုနှစ်တွင် ၀ ဒသမ ၅ သန်း ရှိသဖြင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းကျော် တိုးတက်လာပါကြောင်း။

နယ်စပ်ဒေသများတွင် (Border Pass Entry Permit) တို့ဖြင့် လာရောက်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလအထိ ၀ ဒသမ ၈၅ သန်း ကျော်ရှိပြီး ယခင် ၂၀၁၈ ခုနှစ် အလားတူ လေးလတွင် ၀ ဒသမ ၇၃ သန်းခန့်ရှိသဖြင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။

**ဥပဒေအမိန့်များနှင့်အညီ လိုင်စင်ထုတ်ပေး**

ခရီးသွားလုပ်ငန်းဥပဒေအသစ် မပြဋ္ဌာန်းမီ ကာလ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းလိုင်စင်များ ထုတ်ပေးခဲ့ရာ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၁၄ လုံးနှင့် ၄၁၈၉ ခန်း၊ ခရီးလှည့်လည်ရေး လိုင်စင် ၁၁၉ ဦး၊ ဧည့်လမ်းညွှန် ၃၉၈ ဦး ခွင့်ပြုခဲ့ပါကြောင်း။

ယခုလိုင်စင် ထုတ်ပေးမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဦးစီးသည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက ဥပဒေအမိန့်များနှင့် အညီ လိုင်စင်ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း၊ သက်တမ်းတိုးခြင်းများကို သက်ဆိုင်ရာ ပြည်တွင်းအခွန် ဦးစီးဌာနတွင် သက်ဆိုင်သည့် အခွန် ပေးဆောင်ပြီးလျှင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ လုပ်ငန်းများပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

လူထုအခြေပြုခရီးသွားလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဝိုင်းဝန်းကူညီမှုဖြင့် ကျေးရွာလူထု၏ သဘောထားနှင့် သဘောတူညီမှုတို့ဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ စမ်းသပ်စီမံကိန်း ခြောက်ခုဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ယနေ့အခါတွင် လူသိပိုမိုများပြားပြီး စိတ်ဝင်စားလာသော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်လာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်**

လူထုအခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် အဓိကရည်ရွယ်ချက်များမှာ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာစေမည့် ဘေးထွက်ဆိုးကျိုးများမရှိစေဘဲ ဒေသခံပြည်သူလူထုများ၏ ဝင်ငွေ၊ လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ပိုင်ခွင့်များ၊ ဝန်ဆောင်မှု အရည်အသွေးများ၊ အသိပညာဗဟုသုတများ စသည်တို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး အဆိုပါ ခရီးသွားလုပ်ငန်းမှ ဖြစ်ထွန်းရရှိလာမည့် အကျိုးကျေးဇူးများကိုလည်း ဒေသခံပြည်သူများ ခံစားကြစေရန်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်း အမျိုးအစားပေါင်း ၁၅ မျိုးအား အကြိမ် ပေါင်း ၁၄၀ ဖြင့် သင်တန်းသားဦးရေ ၁၄၀၆၂ ဦးအား မွေးထုတ်ပေးခဲ့ပါကြောင်း။

ဧည့်လမ်းညွှန်များသည် မြန်မာနိုင်ငံ၏ သံတမန်များဖြစ်ပြီး အရည်အသွေးရှိသည့် ဧည့်လမ်းညွှန်များကို မိမိတို့ဝန်ကြီးဌာနအောက်ရှိ ခရီးသွားသင်တန်းကျောင်းမှ မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တစ်နှစ်တာကာလအတွင်း ဧည့်လမ်းညွှန် ၁၉၁ ဦး၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၉၁၆ ဦးကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မည့် ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (Tourism Master Plan) ၂၀၂၀-၂၀၂၅ အထိကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေးဆွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စီမံအုပ်ချုပ်လုပ်ကိုင်သွားရန်ဖြစ်**

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍမှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ဝန်ကြီးဌာန၏ အနာဂတ်မျှော်မှန်းချက်မှာ "နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်သယံဇာတများကို လက်ရှိနှင့် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန်"ဖြစ်ပါကြောင်း။

ထိုအနာဂတ်ရည်မှန်းချက်ရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ရည်ရွယ်ချက် (၃) ရပ် အဖြစ် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက်လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများတတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိ ဖြစ်စေရန်တို့ကို ချမှတ်၍ နိုင်ငံသားများ၏ အကျိုးစီးပွားကို အထောက်အပံ့ပြုရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ငါးနှစ်လျှင် တစ်ကြိမ် ထုတ်ပြန်**

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO မှ ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာခြင်း (၂၀၁၅) အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၂၀၁၅ ခုနှစ်တွင် စုစုပေါင်း ၁၁၂၇ စတုရန်းမိုင်ဖြစ်၍ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပါကြောင်း၊ FAO မှ သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာခြင်းကို ငါးနှစ်လျှင် တစ်ကြိမ် ထုတ်ပြန်ပါကြောင်း။

ထို့ကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် တစ်နှစ်တာကာလအတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၂၆ ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ သုံးခု၊ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ လက်ရှိအချိန်အထိ ဖွဲ့စည်း/သတ်မှတ်ပြီးစီးမှုမှာ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၁၂၂၄ ခု၊ ဧရိယာ ၄၂၃၁၂၇၇၃ ဧက၊ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေ ၄၃ ခု၊ ဧရိယာ ၉၇၄၀၀၇၉ ဒသမ ၄၂ ဧက၊ နိုင်ငံဧရိယာ၏ ၅ ဒသမ ၈၃ ရာခိုင်နှုန်းကို သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ် အထိ သစ်တောများတည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း လုပ်ငန်း ၁၉ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင်စိုက်ခင်း ၃၀၉၂ ဧက တည်ထောင်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နှစ်စဉ်တောထွက်ပမာဏ၏ ကျွန်း ၅၅ ရာခိုင်နှုန်းနှင့် သစ်မာ ၃၃ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နှစ်စဉ်တောထွက်ပမာဏ၏ ကျွန်း ၃၉ ရာခိုင်နှုန်းနှင့် သစ်မာ ၂၇ ရာခိုင်နှုန်း သာထုတ်လုပ်ခဲ့ပြီး သစ်တောစိုက်ခင်းများမှ ကျွန်းထုတ်လုပ်ခြင်းကို ၂၀၁၈-၂၀၁၉ ခုနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

**အချိုးကျလျှော့ချထုတ်လုပ်ရန် စီမံဆောင်ရွက်**

သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရေး၊ သဘာဝတောများအတွင်း သစ်တောပြုစုထိန်းသိမ်းခြင်း၊ ကုန်းမြေများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ကျွန်းတန် ၁၀၀၀၀၊ သစ်မာ၃၀၀၀၀၀၊ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ကျွန်းတန် ၈၀၀၀၊ သစ်မာ ၂၅၀၀၀၀ နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကျွန်းတန် ၆၀၀၀ နှင့် သစ်မာ ၂၂၀၀၀၀ကို အချိုးကျလျှော့ချထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အရှိန်အဟုန်မြှင့်စွာ ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ငန်းအဖွဲ့များနှင့် ခရိုင်လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ တတိယ(၁) နှစ်တာကာလအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧရိယာ ဧက ၉၀၀၀၀ ကျော်၊ အသုံးပြုအဖွဲ့ ၈၂၇ ဖွဲ့၊ အဖွဲ့ဝင် ၁၅၉၇ ဦး တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယခုအစိုးရသစ်ကာလ ၃နှစ်တာ ကာလအတွင်း အသုံးပြုသူအဖွဲ့ ၂၃၈၁ ဖွဲ့နှင့် အဖွဲ့ဝင် ၄၈၁၂၂ ဦးပါဝင်သော ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တော ဧရိယာ ၃၂၁၃၆၈ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒေသခံပြည်သူလူထု၏ နေ့စဉ်ဘဝအခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် ဝါး လိုအပ်ချက် ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိကဝါးစိုက်ခင်းတည်ထောင်မှုများကိုလည်း အခုအစိုးရကာလထဲတွင် တိုးမြှင့်ခွင့်ပြုပေးလျက်ရှိရာ ယခင်ကပုဂ္ဂလိကဝါးစိုက်ခင်း ဧက ၄၀၀ ကျော်သာရှိခဲ့ပြီး လက်ရှိအချိန်တွင် ဧက ၁၈၀၀ ကျော်အထိ တည်ထောင်ခွင့်ပြုပေးထားကာ ဧက ၁၆၀၀ ကျော် တည်ထောင်စိုက်ပျိုးပြီးဖြစ်ပါကြောင်း။

**လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်**

သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တတိယ (၁) နှစ်တာကာလအတွင်း တရားမဝင် သစ်တန်ချိန် ၄၄၈၃၀ တန်၊ တရားခံ ၅၁၉၂ ဦး၊ ယာဉ်/ယန္တရား ၃၃၇၇ စီး ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစ၍ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ စုစုပေါင်းတရားမဝင်သစ် ၇၄၇၇ ဒသမ ၅၆၇၅ တန်၊ တရားခံ ၈၂၉ ဦး၊ ယာဉ်/ယန္တရား

*စာမျက်နှာ ၁၂ သို့*

# သမိုင်းဝင်ပေါ်ကြိုဘုရားကြီး ပရဝဏ်အတွင်းရှိ စေတီထီးတော်တင်



**သီပေါ မေ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သမိုင်းဝင်ပေါ်ကြိုဘုရားကြီး ပရဝဏ် အတွင်းရှိ ရှေးဟောင်းလျောင်းတော်မူ ရုပ်ပွားတော် အဆောင်ထက်တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တင်လှူ ပွဲမင်္ဂလာအခမ်းအနားကို မေ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှအလှူရှင်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ရှမ်းရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပေါ်ကြိုဘုရားကြီး ဂေါပက ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ဂေါပက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို အခမ်းအနားဖွင့်လှစ်၍ ဆရာ တော်၊ သံဃာတော်များက မေတ္တသုတ်နှင့် ၂၄ ပစ္စည်း မဟာပဋ္ဌာန်းတော်မြတ်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ပေါ်ကြိုဘုရား ကြီးကျောင်းတိုက် ပဓာနနာယကဆရာ တော် ဓမ္မကထိက ဗဟုဇန ဟိတရေ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဒေဝိန္ဒ MA. (Srilanka) အရှင်သူမြတ်ထံမှ ငါးပါး သီလခံယူကြသည်။

ဆက်လက်၍ စေတီတော်အထွတ်သို့ တင်လှူမည့် ထီးတော်နှင့် စိန်ဖူးတော် များအား ပေါ်ကြိုဘုရားကြီးတွင် လက်ယာရစ် သုံးကြိမ်လှည့်လှည်ကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်အေး၊ ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဇော်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် များက ထီးတော်နှင့်စိန်ဖူးတော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

စိန်ဖူးတော်နှင့် ထီးတော်များကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် အောင်မြင် စွာ တင်လှူနိုင်ခဲ့ပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာအခမ်းအနားကို ရုပ်သိမ်း ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

---

*စာမျက်နှာ ၁၁ မှ*

၄၅၉ စီးကို ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ တိုးတက် ဖမ်းဆီး ရမိခဲ့ခြင်းသည် ဒေသခံပြည်သူလူထု၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များ၏ ပီပီပြင်ပြင်ပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက် ပေးမှုတို့အရဖြစ်ကြောင်းကို အသိအမှတ်ပြုပြောကြားလိုပါ ကြောင်း။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍမှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ

**စံပြကျေးရွာပေါင်း ၅၃ ရွာလျာထားဆောင်ရွက်နိုင်ခဲ့**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် စွမ်းအား မြင့်မီးဖိုများ သုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ သုံးစွဲခြင်း၊ စိမ်းလန်းစိုပြည်ရေးသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း စသောအချက်များကို အခြေခံ၍ကျေးရွာအတွင်း ဆောင်ရွက် ခြင်း၊ နီးစပ်ရာကျေးရွာများသို့ ထပ်ဆင့်စည်းရုံးပေးခြင်းများ နှင့်အတူ ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုကောင်းသော ကျေးရွာ များကို စံပြကျေးရွာများ ထူထောင်ဆောင်ရွက်ခဲ့ရာ တတိယ (၁) နှစ်တာကာလအတွင်း စံပြကျေးရွာပေါင်း ၅၃ ရွာ လျာထားဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ခရီးသွားဆင်စခန်းများ ထပ်မံ တိုးချဲ့ဆောင်ရွက်သွားမည်**

မြန်မာ့သစ်လုပ်ငန်းသည် သစ်ထုတ်လုပ်ငန်းများ လျှော့ချ ခြင်း၊ ပဲခူးရိုးမအား သစ်ထုတ်ခြင်း ၁၀ နှစ်အနားပေးခဲ့ခြင်း၊ ထို့ကြောင့် ဌာနမှအနားပေးဆင်များ၊ ဝန်တင်ဆင်များဖြင့် ဆင် ဝန်ထမ်းများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ဌာန ဝင်ငွေ တစ်ဖက်တစ်လမ်းမှ တိုးတက်ရရှိစေရန်၊ ပြည်သူများ ဆင်နှင့်ပတ်သက်၍ အသိပညာဗဟုသုတများရရှိစေရန်နှင့် ပြည်သူများ အပန်းဖြေနိုင်မည့်နေရာများ ပေါ်ထွက်လာစေ ရန်အတွက် ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အခြေခံသော Elephant Conservation Based Tourism (ECBT) ဆင်စခန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ခဲ့ရာ တတိယ(၁) နှစ်တာကာလအတွင်း ခရီးသွား ဆင်စခန်းရှစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအခါခရီးသွား ဆင်စခန်း ၂၀ ရှိပြီဖြစ်ပါကြောင်း၊ လုပ်ငန်းသဘောသဘာဝ ကိုက်ညီသောနေရာများတွင် ခရီးသွားဆင်စခန်းများ ထပ်မံ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သတ္တုကဏ္ဍတွင် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ မထုတ်ပြန်မီကာလအတွင်း လုပ်ကွက်အသစ် လျှောက်ထား မှုများကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှစတင်၍ ယာယီဆိုင်းငံ့ ထားခဲ့ပြီး နည်းဥပဒေများ ထုတ်ပြန်ပြီးနောက်ပိုင်း ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက် မှစ၍ လုပ်ကွက်အသစ်လျှောက်ထားမှုများကို ပြန်လည်လက်ခံ၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် မေလမှစတင်၍ သတ္တုဖြစ်ထွန်းမှုရှိသော တိုင်းဒေသ ကြီးနှင့်ပြည်နယ်များတွင် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ခဲတ်သတ္တုလုပ်ကွက်များအား မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်းချက်များအတိုင်း လိုက်နာမှု ရှိ/မရှိ စိစစ် ရန်နှင့် သတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးအနက်ထား လုပ်ဆောင်ရန် လိုအပ်လာသည့်အတွက် ဝန်ကြီးဌာနပူးပေါင်း ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့ဖြင့် လုပ်ကွက်များအား စစ်ဆေးနိုင်ခဲ့ကာ မြန်မာ့သတ္တုတွင်းနည်းဥပဒေ (၂၀၁၈) ကို ထုတ်ပြန်ပြီးနောက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အား သတ္တု တွင်းဦးစီးဌာနမှ ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့(၉) ဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်း၍ ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှစတင်၍ စစ်ဆေးလျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လအထိ လုပ်ကွက် ၃၅၄ ကွက်အား ကွင်းဆင်းစစ်ဆေးနိုင် ခဲ့ပါကြောင်း။

EITI တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာကို ဒုတိယအကြိမ် (၂၀၁၄-၂၀၁၅)ဘဏ္ဍာ နှစ်နှင့် တတိယအကြိမ် (၂၀၁၅-၂၀၁၆) ဘဏ္ဍာ နှစ်တို့အတွက် သတ္တုကဏ္ဍ၊ ကျောက်မျက်ကဏ္ဍတို့မှ နိုင်ငံတော် အတွက်ရရှိ သည့် အခွန်ဘဏ္ဍာအချက်အလက်များအား ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတကာ EITI ဘုတ်အဖွဲ့ထံသို့ တင်ပြထား ပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာ EITI စံနှုန်းအရ ပြည်သူများ အချက်အလက် ရယူနိုင်သောစနစ်ကို အကောင်အထည်ဖော်ရန်နှင့် နိုင်ငံတော် အတွက် ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို သေချာ စေခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို တိုးတက်စေမည်ဖြစ်ခြင်း စသည်တို့ကိုရည်ရွယ်ပြီး Mineral Cadastre စနစ်ကို တည်ဆောက်နေပါကြောင်း၊ Mineral Cadastre စနစ် အောင်မြင်စေရန် ဝန်ကြီးဌာနမှ Pre Cadastre Working အား ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းပြီး သတ္တုနှင့် ကျောက်မျက် တူးဖော်ရေးလိုင်စင်တို့၏ အချက်အလက်များဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘူမိဗေဒလေ့လာရေးနှင့် ခဲတ်သတ္တုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်စေရန်ဆောင်ရွက်ခြင်းအပိုင်းတွင် ဘူမိဗေဒလေ့လာ ရေးနှင့် ခဲတ်သတ္တုရှာဖွေရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသ ကြီး ဖောင်းပြင်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်များအတွင်း ဒေသန္တရဘူမိဗေဒမြေပုံရေးဆွဲခြင်းကို ဧရိယာ ၂၇၇၉ ဒသမ ၅ စတုရန်းကီလိုမီတာကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ၊ ထီးလင်း၊ ပေါက်နှင့်ပုလဲ၊ ကနီ၊ မင်းကင်းဝန်းကျင်ဒေသများတွင် ကျောက်မီးသွေးတိုးချဲ့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ (သ-၄) အဆင့် ကျောက်မီးသွေးတန်ချိန် ၁ ဒသမ ၂၈ သန်းမက် ထရစ်တန် တွက်ချက်နိုင်ခဲ့ပါကြောင်း။

ဖယ်လ်စပါလ်(ကြွေကျောက်) အနေဖြင့် မန္တလေးတိုင်း ဒေသကြီး အင်တိုင်းသာ၊ သန်းတောဒေသဝန်းကျင်တွင် အသေး စိတ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နမ့်ခမာ (ချောင်းသာ) ဝန်းကျင်ဒေသတွင် ကျောက်စိမ်းထွက်ရှိကြောင်း သတင်းပေးမှု အရ ပဏာမကွင်းဆင်းလေ့လာရေးကို ဆောင်ရွက်ခဲ့ပြီး ကျောက်စိမ်းဖြစ်ထွန်းနိုင်မှုရှိသော Conglomerate bed ကို 2.5 km ခန့် ဖော်ထုတ်ခဲ့ပြီး ယခုအခါ အသေးစိတ်စမ်းသပ် တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**၁၂ ကျင်းမြောက်လွန်ကျင်းကိုတူးဖော်**

ဂရက်ဖိုက်ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင် ကြက်စောင်းတောင်ဝန်းကျင်တွင် ဂရက်ဖိုက် စမ်းသပ်တိုင်းတာ ရေးလုပ်ငန်းများနှင့်လွန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပြီး ယခုအခါ ၁၂ ကျင်းမြောက်လွန်ကျင်းကို တူးဖော် ပြီး ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဇွန်လတွင် (၅၅)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲနှင့် နိုဝင်ဘာလတွင် ကျောက်မျက် ရိုင်းများနှင့်ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတို့ကို ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားငွေ ဖြင့်ရောင်းချသည့်ပြပွဲမှ ကျောက်စိမ်း၊ ကျောက်မျက်အတွဲပေါင်း ၄၃၂၉ တွဲ၊ တန်ဖိုးယူရို ၃၃၃ ဒသမ ၂၈ သန်းနှင့် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ ကျောက်စိမ်း၊ ကျောက်မျက်အတွဲပေါင်း ၁၈၂၃ တွဲ၊ တန်ဖိုး ၂၈၆၆၁ ဒသမ ၃၅ သန်း ရရှိခဲ့ပါကြောင်း၊ (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအား ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၉ ရက်အထိ နေပြည်တော်တွင် ကျင်းပ ခဲ့ပါကြောင်း။

မြန်မာ့ပုလဲရောင်းချပွဲအား ပြည်ပတွင်တစ်ကြိမ်၊ ပြည်တွင်း တွင် နှစ်ကြိမ် စုစုပေါင်းသုံးကြိမ် ရောင်းချခဲ့ရာ ဟောင်ကောင် နိုင်ငံတွင် ပြုလုပ်သည့် ပုလဲရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၂၉၈ တွဲ၊ ပုလဲလုံးရေ ၆၈၃၀၃ လုံး၊ အလေးချိန် ၄၈၅၅၇ ဒသမ ၇ မိုမီ၊ ပြည်တွင်း မြန်မာ့ပုလဲရောင်းချပွဲတွင် ပုလဲ အတွဲပေါင်း ၄၁၀ တွဲ၊ ပုလဲလုံးရေ ၁၇၉၃၂၇ လုံး၊ အလေးချိန် ၁၁၈၀၄၁ ဒသမ ၃၅ မိုမီ၊ တင်ပြရောင်းချရငွေ လျာထားချက် ၁၁၈၆၃ ဒသမ ၁၆၄ သန်းဖြစ်ပြီး အမှန်ရငွေမှာ ၁၃၇၅၇ ဒသမ ၄၄၇ သန်းဖြစ်၍ ၁၁၅ ဒသမ ၉၇ ရာခိုင်နှုန်းရရှိခဲ့ပါကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်း**

ဖားကန့်ဒေသ၏ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းများအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၈ ဖြင့် ဖွဲ့စည်း ပေးခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့က လုပ်ငန်းအဖွဲ့ခွဲ ခြောက်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖားကန့်ဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင် ရှာဖွေရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်း ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ နိုင်ငံ ရေးနှင့် လုံခြုံရေးဌာနကြီး၏ ညွှန်ကြားချက်အရ နိုင်ငံပိုင် ပုလဲစခန်းနှင့် ပြည်တွင်း၊ ပြည်ပပုလဲစခန်းငါးခုသို့ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ခရီးသွားများအား နေ့ချင်းပြန် လာရောက်လေ့လာ ခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ်ဇန်နဝါရီလအထိ နိုင်ငံခြားသား ၆၉ ဦး၊ မြန်မာနိုင်ငံသား ၁၈၆ ဦး၊ စုစုပေါင်း ၂၅၅ ဦး လာရောက်လေ့လာခဲ့ပြီး ဝင်ငွေစုစုပေါင်း အမေရိကန် ဒေါ်လာ ၂၂၅၉ ဒသမ ၅၀ နှင့် မြန်မာငွေကျပ် ၃၂၂၄၆၅၆ ရရှိခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာ များက ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကသတင်းမီဒီယာသမားများ တရားစွဲဆိုခံမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထားအမြင်နှင့် ကူညီ ဆောင်ရွက်ပေးခဲ့မှု၊ ယင်းကိစ္စအပေါ် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ သဘောထားမှတ်ချက် အခြေအနေ၊ လွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးနေစဉ် ဖိုက်ဘာဆက်ကြောင်း ပြတ်တောက်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့မှု အခြေအနေ၊ အများပြည်သူသိပိုင်ခွင့် ဥပဒေရေးဆွဲပြီးစီးမှု အခြေအနေ၊ နိုင်ငံပိုင်သတင်းစာများအား ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိ စေရန် ဈေးနှုန်းတိုးမြှင့် သတ်မှတ်ဆောင်ရွက်ပေးသကဲ့သို့ ပုဂ္ဂလိကသတင်းမီဒီယာများနှင့် သတင်းစာများ ရေရှည် ရှင်သန် ရပ်တည်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာနှစ်စောင်ကို တစ်စောင်တည်းပေါင်း၍ထုတ်ရန် အစီအစဉ် ရှိ မရှိ၊ နိုင်ငံပိုင် သတင်းစာများတွင် ပုဂ္ဂလိကကြော်ငြာများကို ရာခိုင်နှုန်းတစ်ခု အထိ လျှော့ချသတ်မှတ်ပေးရန် အစီအစဉ်ရှိ မရှိ၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ပုဂ္ဂလိကသတင်း မီဒီယာသမားများ၊ သတင်းမီဒီယာလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲများ ပြုလုပ်ရန် အစီအစဉ် ရှိ မရှိ၊ သတင်းရယူရေး ဆောင်ရွက်ရာတွင် ပုဂ္ဂလိကသတင်းမီဒီယာသမားများအား ခွဲခြားဆက်ဆံခံရမှုအပေါ် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများကို ပြည်သူ့ဝန်ဆောင်မှုအဖြစ် ပြောင်းလဲဆောင်ရွက် ရန် အစီအစဉ်ရှိ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

**သတင်းမီဒီယာများမေးမြန်းကြ**

ထို့အတူ သတင်းမီဒီယာများက ဟိုတယ်နှင့် ခရီးသွားလာ ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပုဂံဒေသကို ယူနက်စကိုစာရင်းဝင်ရန် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေ အနေ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများ ကြောင့် မြောက်ဦးဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှုနည်းပါးလာမှုအပေါ် ဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခ များကြောင့် ခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်မှုအခြေအနေ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာလေ ကြောင်းလိုင်းများ ထပ်မံဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ မရှိ၊ လက်ရှိ တွင် ခရီးသွားလုပ်ငန်းတိုးတက်လာသော်လည်း တရုတ်နိုင်ငံ သားများ ဝင်ရောက်လာမှုကြောင့် ဇီးရိုးဘတ်ဂျက်ဖြစ်ပေါ်မှု၊ အင်းလေးဒေသတွင် ဟိုတယ်များ ဖွင့်လှစ်ဆောင်ရွက်နေမှုအပေါ် ဝန်ကြီးဌာနမှ ကန့်သတ်ထိန်းသိမ်းဆောင်ရွက်နေမှုကိစ္စများ နှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

အလားတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာကာလ ဆောင်ရွက်မှု များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်း စိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးနေသည့် အဖွဲ့အစည်းများ အား ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ မိုးထိမိုမိတွင် ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရနှင့် ကုမ္ပဏီကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်မှု၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ကွက်ခွင့်ပြုမိန့် ရရှိ သည့် ကုမ္ပဏီများမှ သစ်ပင်များအား အပြောင်ခုတ်လှဲမှုနှင့် မအောင်မြင်သည့် ပုဂ္ဂလိကပိုင်စိုက်ခင်းများနှင့်စပ်လျဉ်း၍ ကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်း ကြရာ ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ကျော်မျိုးထွန်း၊ နန္ဒာဟန်**

# အပေးအယူရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆက်လက်ရိုက်ကူး

**နေပြည်တော် မေ ၂၁**

ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးပြီး သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သည့် အပေးအယူရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုက်ကူးကြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ရိုက်ကွင်းနေရာများကို တိတိကျကျသတ်မှတ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုမိန့်လျှောက်ထားခဲ့ရာ ခွင့်ပြုကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ သုံးရက်အတွင်း အကြောင်းပြန်ကြားပေးခဲ့ကြောင်း၊ ရိုက်ကူးခွင့်လျှောက်ထားရာတွင် ယခင်က လနှင့်ချီပြီး ကြာသော်လည်း ယခုအခါ သုံးလေးရက်အတွင်း အကြောင်းပြန်ပေးသည့်အတွက် ပိုမိုအဆင်ပြေလာကြောင်း ဒါရိုက်တာ စတီးလ်က ပြောသည်။

"ရန်ကုန်လေယာဉ်ကွင်းမှာ ရိုက်ရတာ အခက်အခဲရှိလို့ နေပြည်တော်မှာ လာလျှောက်တော့ ရိုက်ခွင့်ရတယ်။ လွယ်လွယ်ကူကူပဲ။ ဒါပေမယ့် အကန့်အသတ်တွေ အများကြီး ရှိနေတယ်။ လုံခြုံရေးကိစ္စတွေကြောင့် ကျွန်တော်တို့ကို ကန့်သတ်လို့ရပါတယ်။ ဒါပေမယ့် တချို့ ကန့်သတ်ချက်တွေကတော့ ဖြေလျှော့ပေးမယ်ဆိုရင် ပိုကောင်းပါမယ်။ ဥပမာ ဒီနေရာမှာ လုံခြုံရေးအရ ဘယ်အချိန်ကနေ ဘယ်အချိန်ထိ၊ ဘယ်နေရာကနေ ဘယ်နေရာအထိဆိုတာလေး သေသေချာချာလေး တိတိကျကျ သတ်မှတ်ပေးရင် ပိုကောင်းပါမယ်။ လေဆိပ်မှာရိုက်ရတာလေးတော့ အခက်အခဲရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ တင်ပြလိုက်မယ်ဆိုရင်တော့ ဖြည့်ဆည်းပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ယနေ့ နေပြည်တော်လေဆိပ်အတွင်း ရိုက်ကူးရာတွင် အခက်အခဲအချို့ရှိခဲ့မှုနှင့် ပတ်သက်၍ ဒါရိုက်တာ စတီးလ်က ပြောသည်။



ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)


ကလေးသရုပ်ဆောင် နန်းထိပ်ထား


သရုပ်ဆောင် အလင်းရောင်

ယနေ့ရိုက်ကူးလျက်ရှိသည့် အပေးအယူရုပ်ရှင်ဇာတ်ကားတွင် တက်သစ်စသရုပ်ဆောင်များစွာပါဝင်ပြီး သရုပ်ဆောင် အလင်းရောင်က စိန်မှောင်ခိုတစ်ဦးအဖြစ် ပါဝင်ထားကာ ကလေးသရုပ်ဆောင် နန်းထိပ်ထားကလည်း သရုပ်ဆောင် ရွှေသမီး၏ ညီမအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အပေးအယူရုပ်ရှင်ဇာတ်ကား၌ ပါဝင်ဖြစ်ပုံကို ကလေးသရုပ်ဆောင် နန်းထိပ်ထားက " ဒီရုပ်ရှင်ကားမှာ သမီး ပထမဆုံးအကြိမ် သရုပ်ဆောင်တာပါ။ ရုပ်ရှင်ရိုက်တာ မကြည့်ဖူးလို့ သွားကြည့်တဲ့အခါမှာ ဒါရိုက်တာ ဦးစတီးလ်က မမရွှေသမီးနဲ့တူတယ်ဆိုပြီး ကမ်းလှမ်းလို့ ရိုက်ဖြစ်သွားတာပါ။ သမီးက ဒီရုပ်ရှင်ကားထဲမှာ မမရွှေသမီးရဲ့ ညီမလေးအဖြစ် သရုပ်ဆောင်ရပါတယ်"ဟု ပြောပြသည်။

မြန်မာ့ရုပ်ရှင်လောက မြှင့်တင်ရေးအတွက် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုများ အမြန်တည်ဆောက်ပေးစေလိုကြောင်း၊ နေပြည်တော်တွင် မြေနေရာ ကျယ်ကျယ်ဝန်းဝန်းရှိသည့်အတွက် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်ရန် အခက်အခဲမရှိနိုင်ကြောင်း၊ သဘာဝကျပြီး ပရိသတ်ကို ဆွဲဆောင်နိုင်မည့် ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ကို စတူဒီယိုထဲတွင် ရိုက်ခွင့်ရမည်ဆိုပါက ပိုမိုအရည်အသွေးပြည့်မီသော ရုပ်ရှင်ဇာတ်ကားများ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ခေတ်မီရုပ်ရှင်စတူဒီယိုများ မြန်မြန်ပေါ်လာစေလိုကြောင်း ဒါရိုက်တာ စတီးလ်က ပြောသည်။

ရုပ်ရှင်ရိုက်ကွင်းအဖြစ် နေပြည်တော် တစ်မြို့လုံးကို သဘောကျပြီး နောက်ထပ်ရိုက်မည့် **ငါတို့သည်** ရုပ်ရှင်ဇာတ်ကားတစ်ကားကိုလည်း နေပြည်တော်ရှိ လေ့ခွင်းတောင်ဘက်တွင် သွားရောက်ရိုက်ကူးရန် ရည်ရွယ်ထားကြောင်း သိရသည်။ အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ ခါရာနှင့် တိုင်ရွှန် စသည့် လူငယ်သရုပ်ဆောင်များစွာဖြင့် ဇူလိုင်လအတွင်း ရိုက်ကူးရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း - နေဝင်းထွန်း၊ ဝေသူနွယ်**
**ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**


အပေးအယူရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေစဉ်။

# ဂျပန်ရိုက်ကူးရေးအဖွဲ့ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းရိုက်ကူး

**နေပြည်တော် မေ ၂၁**

ဧရာဝတီလင်းပိုင် အကူအညီဖြင့် ရေလုပ်သားများ ငါးဖမ်းကြပုံအစဉ်အလာနှင့် ရေလုပ်သားများ၏ဘဝကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသရှိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများတွင် ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့က မှတ်တမ်းရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်မှု အသိပညာပေးဆောင်ရွက်မှုကို ငါးလုပ်ငန်းဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Widlife Conservation Society) တို့နှင့် ပူးပေါင်းပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ကမ်းကြီး၊ အင်ဒေါင်း၊ ရွာသစ်၊ ရှိမ္ဗကားနှင့် ဆင်ကျွန်းကျေးရွာများတွင် Living Irrawaddy Dolphin Project ပိုင် ရေယာဉ်ဖြင့် မေ ၁၅ ရက်မှ စတင်ရိုက်ကူးနေခြင်းဖြစ်ပြီး ဆက်လက်၍ မေ ၂၃ ရက်ထိ မှတ်တမ်းရိုက်ကူးမည်ဖြစ်သည်။

ထို့ပြင် ပုဂံအမှတ်တရ ချည်ထည်များ (Cotton Bagan) ထုတ်လုပ်ခြင်းအကြောင်းကိုလည်း ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်တစ်ဝိုက်တွင် လည်းကောင်း၊ ချည်ထည်ချုပ်လုပ်ခြင်းကို မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လည်းကောင်း၊ ချည်ထည်ရောင်းချခြင်းကို ပုဂံညောင်ဦးမြို့နယ်တွင် လည်းကောင်း တွေ့ဆုံမေးမြန်းမှုများအပါအဝင် မေ ၂၄ ရက်မှစ၍ ဇွန် ၁ ရက်ထိ လှည့်လည်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် ၎င်းသဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ရုပ်/သံ မှတ်တမ်းအစီအစဉ်ကို ဂျပန်နိုင်ငံမှ ထုတ်လွှင့်သည့် NHK ရုပ်သံလိုင်းတွင် ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ကိုသားမော ငါးဖမ်းထွက်ရာတွင် ကြောင် လိုက်ပါခြင်းအား မှတ်တမ်းရိုက်ကူးနေစဉ်။


ဂျပန်ရိုက်ကူးရေးအဖွဲ့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံရေလုပ်သားများ ငါးဖမ်းနေမှုအား မှတ်တမ်းရိုက်ကူးနေစဉ်။

# ကြောင်ကလေးများ ပျော်ရွှင်မှုဘဝအကြောင်း ခေါင်းစဉ်ဖြင့် ဂျပန်ရိုက်ကူးရေးအဖွဲ့ မှတ်တမ်းရိုက်ကူး

**နေပြည်တော် မေ ၂၁**

ဂျပန်နိုင်ငံမှ ငါးဦးပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က အင်းလေးဒေသ ညောင်ရွှေမြို့နယ် ပေါက်ပါးကျေးရွာတွင် "ကြောင်ကလေးများ ပျော်ရွှင်မှုဘဝ" အမည်ရှိ မှတ်တမ်းရိုက်ကူးခဲ့သည်။

အဆိုပါအဖွဲ့သည် အင်းလေးဒေသရှိ ကြောင်များ၏ စရိုက်လက္ခဏာနှင့် လှုပ်ရှားမှုများ၊ ဒေသခံမိသားစုများမှ ချက်ပြုတ်စားသောက်စဉ် ၎င်းတို့နံဘေးတွင် ကြောင်များအား အစာချကျွေးသည့် ရင်းနှီးစွာဆောင်ရွက်မှုများ၊ မြန်မာတို့၏ ကြောင်များအပါအဝင် တိရစ္ဆာန်များအပေါ် ချစ်ခင်ကြင်နာယုယမှုများကို မေ ၁၉ ရက်မှ စတင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

**ဆက်လက်ရိုက်ကူးမည်**

ထိုသို့ မှတ်တမ်းရိုက်ကူးခြင်းကို မေ ၂၁ ရက်မှ ၂၃ ရက်ထိ ရန်ကုန်မြို့ ပတ်ဝန်းကျင်တွင် ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ထုတ်လွှင့်မည့် NHK မှ BS Premium ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❒ ***ကျောဖုံးမှ***

ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် ဦးဇော်လင်းထွန်း (စစ်ကိုင်း) ကို တာဝန်ပေးရန် သဘောတူညီမှုရထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အတည်ပြုခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လတွင် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားသော်လည်း ကစားသမားများနှင့် စုစည်းလေ့ကျင့်ရက် နည်းနိုင်သောကြောင့် စင်ကာပူအသင်းနှင့်သာ ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ဇွန် ၁၁ ရက်တွင် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ်များ မကစားမီတိုင်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် ခြေစမ်းပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ ကစားလျက်ရှိပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲကစားခဲ့သည်။

**ညီမြတ်သော်တာ**

# မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာလာတင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း တောင်သူလယ်သမားများ၏ စပါးရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် မြောင်းမြမြို့နယ် စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဒေါ်မာလာတင်သည် တောင်သူလယ်သမားများ၏ အခက်အခဲများအပေါ် အခွင့်ကောင်းယူကာ လာဘ်ငွေရယူ အဂတိလိုက်စားပြီး ဥပဒေစည်းမျဉ်းစည်းကမ်းပြင်ပ ဆောင်ရွက်နေခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာလာတင်သည် လေးအိမ်တန်းကျေးရွာအုပ်စုမှ တောင်သူ ၁၄ ဦး၏ ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၈၉၇၀၅၆၀ ကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်တွင် ယင်းတောင်သူ ၁၄ ဦးအား ၂၀၁၇ ခုနှစ်၊ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေသစ်ထုတ်ချေးပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်မှ ချေးငွေပေးဆပ်ရန် ကျန်တောင်သူ ၁၁ ဦး၏ တစ်ဦးချင်း ပြန်လည်ပေးဆပ်သည့် ချေးငွေ ၁၅၄၁၁၀၀၀ နှင့် ငါးရာခိုင်နှုန်းအတိုးဖြင့် အပိုဆောင်းပေးရငွေကျပ်၇၇၀၅၅၀ အား ဒေါ်မာလာတင်က ကိုယ်တိုင်လက်ခံရယူခဲ့ကြောင်း၊ မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာတင်သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အတိုးငါးရာခိုင်နှုန်း ငွေကျပ် ၇၇၀၅၅၀ ကို မိမိကိုယ်ကျိုးအတွက် ရယူခြင်းဖြင့် အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာလာတင် (ယခု ကျောင်းကုန်းမြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီ၊ ပုလော၊ တန့်ယန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းက တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာအုပ်စု ဇလုံးကျေးရွာ မြိတ်-တနင်္သာရီကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် မအေးမိုးကြွယ်၊ ကောင်းထက်ပိုင်(ခ)ပိုင်ပိုင်နှင့် ဖြိုးတုန်း(ခ)သန်းမင်းစိုးတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၁၂ ပြား၊ ငွေကျပ် ၅၀၀၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီက ပုလောမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် လက္ကျုးကျေးရွာအုပ်စု ပဲ့ထောက်ကျေးရွာနေ စောဗန္ဓုလ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဇနီးဖြစ်သူ ဒေါ်နော်မမဲ (ခ)မြစိန်(ခ)နော်သူးကို တွေ့ရှိရပြီး ဘိန်းစာမှုန့် ၂၄၄ ဒသမ ၉၅ ဂရမ်နှင့် တူမီးသေနတ် တစ်လက်တို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ မေ ၂၀ ရက် ညနေပိုင်းတွင် တန့်ယန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၇)ရပ်ကွက်နေ ဒေါ်နိုင်းပလိတ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




မအေးမိုးကြွယ်၊ ကောင်းထက်ပိုင်(ခ)ပိုင်ပိုင်၊ ဖြိုးတုန်း(ခ)သန်းမင်းစိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၇း၄၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - "အကောက်ခွန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် MACCS စနစ်၏အခန်းကဏ္ဍ" (အပိုင်း -၁)
- ၉း၁၅ - စိုက်ပျိုးရေးရာအဖြေရှာ "အောင်မြင်တဲ့ စပျစ်စိုက်ပျိုးရေး"
- ၉း၄၅ - "ပုဂံမြေမှယွန်းလက်မှုပညာ"
- ၁၀း၃၀ - လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေး
- ၁၀း၃၅ - ပြည်သူ့နီတိ "After You"
- ၁၂း၃၀ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၀၃)
- ၁၄း၄၀ - "မဟာဓမ္မပါလဇာတ်" (ပထမပိုင်း)
- ၁၅း၄၀ - မီးဘေးအန္တရာယ်

**ညပိုင်း**

- ၁၆း၂၅ - မြို့တော်များရဲ့မြို့ပြ (ယာဉ်စည်းကမ်း)
- ၁၆း၃၅ - "တို့တွေကျန်းမာလုပဖို့ ဆီကို ချင့်ချိန်သုံးကြစို့"
- ၁၇း၅၅ - မုန်တိုင်းဖြစ်ပေါ်ပြီး ပြုလုပ်ရန်အချက်များ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "အမိမြန်မာပြည်မြောက်ဘက်စွန်းက ရေခဲတောင်များရှိရာဆီ"
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်"(အပိုင်း-၄)

# ဘူးသီးတောင်မြို့နယ်၌ AA အဖွဲ့ဝင်လေးဦးက သေနတ်ဖြင့်ပစ်၊ ဓားဖြင့်ထိုးသောကြောင့် ရခိုင်အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် မေ ၂၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကြာညိုပြင်ကျေးရွာ၌ AA အဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်၊ ဓားဖြင့်ထိုးသောကြောင့် ရခိုင်အမျိုးသား တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် ကြာညိုပြင်ကျေးရွာနေ စိုးဝင်းနိုင် (၃၈နှစ်)သည် မေ ၂၀ ရက် ည ၇ နာရီခန့်တွင် နေအိမ်၌ရှိနေစဉ် AA အဖွဲ့ဝင် လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ ၎င်းတို့အား စက်လှေဖြင့် ဘူးသီးတောင်မြို့သို့ ပို့ဆောင်ပေးရန် ပြောကြားကြောင်း၊ စိုးဝင်းနိုင်က မိုးချုပ်နေသောကြောင့် ပို့ဆောင်မပေးနိုင်ကြောင်း ပြန်လည်ပြောဆိုခဲ့ရာမှ စကားများပြီး AA အဖွဲ့ဝင်များက သေနတ်ဖြင့် တစ်ချက်ပစ်ခတ်၍ ဓားဖြင့် ဝိုင်းဝန်းထိုးသောကြောင့် စိုးဝင်းနိုင်တွင် ဝဲ/ယာ ရင်ဘတ် ထိုးသွင်းဒဏ်ရာ များရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း၊ AA အဖွဲ့ဝင်များက ဆိုင်ကယ်များဖြင့် ဘူးသီးတောင်-ရသေ့တောင် ကားလမ်းအတိုင်း ဖုံညိုလိပ်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကြာညိုပြင်ကျေးရွာအား ရှင်းလင်းနယ်မြေစိုးမိုးခဲ့ပြီး ဝန်းကျင်နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် စိုးဝင်းနိုင် သေဆုံးမှုအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မလှိုင်မြို့နယ် ကျေးရွာသုံး ထင်းစိုက်ခင်းအတွင်း ဝင်ရောက်၍ ထွန်စက်များဖြင့် ဖျက်ဆီးသူများကို အမှုဖွင့်

**မလှိုင် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ကျေးရွာသုံး ထင်းစိုက်ခင်းအတွင်း မေ ၂၀ ရက် နံနက် ၁၁ နာရီခန့်တွင် စိုက်ခင်းများအား ထွန်စက်များဖြင့် ဝင်ရောက်ဖျက်ဆီးသူများကို အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့မရဲစခန်းမှ သိရသည်။

မလှိုင်မြို့နယ် နတ်စဉ်ကုန်းအုပ်စု မယ်ညိုတောင်ကြိုးဝိုင်းအပိုင် အကွက်အမှတ်(၇)အတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဌာနမှ ၂၀၁၈ မိုးရာသီတွင် တည်ထောင်စိုက်ပျိုးထားရှိသော ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၁၀၀ အတွင်း မလှိုင်မြို့နယ် ဘဏ္ဍာစိုးကျေးရွာနေ ဦးဆန်းဝင်းနှင့် ညောင်ပင်သာကျေးရွာနေ ဦးစံဌေး ဦးဆောင်သော အဖွဲ့က ထွန်စက်သုံးစီးဖြင့် စိုက်ပျိုးထားရှိသော ယူကလစ်၊ ရှားစိုက်ပျိုးပင်များအား ဝင်ရောက်ဖျက်ဆီး ထယ်ထိုးခြင်းများ ဆောင်ရွက်ခဲ့ရာ ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၁၀၀ အနက်မှ ဧက ၂၀ ခန့်၊ တန်ဖိုးငွေကျပ် သိန်းတစ်ရာကျော်ဖိုး ပျက်စီးဆုံးရှုံးခဲ့သဖြင့် ၎င်းတို့အား အရေးယူပေးရန် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လှိုင်က တရားလိုပြုလုပ် တိုင်တန်းခြင်းဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# တီးတိန်မြို့နယ်၌ မော်တော်ယာဉ်တစ်စီး ချောက်အတွင်းသို့ထိုးကျ၍ လေးဦး သေဆုံး

**တီးတိန် မေ ၂၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် လမ်ဇန်ကျေးရွာအနီး တီးတိန်-ရိဒ်သွားကားလမ်း မိုင်တိုင် (၇/၁)နှင့် (၇/၂)အကြားတွင် မေ ၂၀ ရက် နံနက် ၅ နာရီခန့်က မော်တော်ယာဉ် တစ်စီး ချောက်အတွင်းသို့ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်လိုက်ပါသူ လေးဦးလုံး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့နေ ယာဉ်မောင်း ခင်မောင်မြင့်(၆၅နှစ်) မောင်းနှင်လာသော ယာဉ်ပေါ်တွင် အရှင်ဇေယနန္ဒ (သက်တော် ၅၂နှစ်)၊ ရတနာမဥ္ဇူကျောင်း ဝေါမြို့ ပဲခူးတိုင်းဒေသကြီး၊ ဦးစံလှ(၈၂နှစ်)၊ ဒေါ်ခင်စန်းဌေး (၈၀ နှစ်)တို့ လိုက်ပါလာသော ယာဉ်သည် ကလေးမြို့မှ ရိဒ်မြို့သို့ မောင်းနှင်လာစဉ် အခင်းဖြစ်သည့် နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ပေ ၃၀၀ ခန့်ရှိ လမ်း၏ယာဘက်ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါသူအားလုံး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၁**

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျတံတားဘေး၌ မေ ၁၉ ရက် ည ၁၁ နာရီက လူတစ်ဦး လဲကျသေဆုံးနေကြောင်း သတင်းအရ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လှိုင်သာယာမြို့ (၅) ရပ်ကွက် မဟာဆွေလမ်းနေ ဆိုင်ကယ်ကယ်ရီမောင်းသူ ထွန်းမင်းနိုင်ဖြစ်ကြောင်းနှင့် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက် ည ၈ နာရီတွင် သေဆုံးသူ ထွန်းမင်းနိုင်နှင့် အောင်လေးဆိုသူတို့သည် အောင်ဇေယျတံတားအဆင်း၊ လှိုင်မြစ်လမ်းမဘေး၌ စကားများရန်ဖြစ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် အောင်လေးကို မေ ၂၀ ရက်တွင် အင်းစိန်မြို့နယ် ကမ်းနားလမ်းအနောက် ပတ္တမြားလမ်းရှိ ၎င်း၏နေအိမ်မှ ဖမ်းဆီးစစ်မေးရာ ၎င်းသည် ဆိုင်ကယ်ဖြင့် မေ ၁၉ ရက်တွင် နေအိမ်သို့ ပြန်လာစဉ် သေဆုံးသူ ထွန်းမင်းနိုင်ကို ပွတ်တိုက်မိရာမှ စကားများရန်ဖြစ်ခဲ့ကြကြောင်း၊ ထို့နောက် နေအိမ်သို့ပြန်သွားကာ ထမင်းစားပြီး ဆိုင်ကယ်ကယ်ရီဆွဲရန် ပြန်လာခဲ့ကြောင်း၊ အောင်ဇေယျတံတားအဆင်း ကားဂိတ်တွင် ထွန်းမင်းနိုင်ကို တွေ့ရှိ၍ ရန်ပြုမည်ဟုထင်ကာ ဆိုင်ကယ်တူးဘောက်အတွင်း အသင့်ပါလာသော လက်နက်ဖြင့် ထိုးခဲ့ကြောင်း ထွက်ဆိုစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်ကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ အောင်လေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

# တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၄၇ သန်းတန်ဖိုးရှိ စားသောက်ကုန်များနှင့် Compressors (23 U) အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်၌ ယာဉ်ကျော်တက်ရာမှ နောက်တံခါးပြုတ်ထွက်ကာ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် မေ ၂၁**

နေပြည်တော် ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာ နေပြည်တော်-တောင်တွင်းကြီးလမ်း မိုင်တိုင် ၃၀/၆ နှင့် ၃၀/၇ ကြားတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ ခန့်က FAW ကားယာဉ်တစ်စီးမှ ထွန်စက်အားကျော်တက်ရာ နောက်တံခါးပြုတ်၍ ထွန်စက်မောင်းနှင်လာသူကို ထိမိကာ အမျိုးသားတစ်ဦး နေရာတွင်သေဆုံးကြောင်း သိရသည်။

နေပြည်တော်မှ တောင်တွင်းကြီးဘက်သို့ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာနေ ကိုကိုဦး (၂၅ နှစ်)မောင်းနှင်လာသောယာဉ်သည် လားရာတူ မောင်းနှင်လာသော ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာနေ ဦးဝင်းသိန်း(၅၇ နှစ်)မောင်းနှင်လာသည့် လယ်ယာသုံးထွန်စက်အသေးစားအနေးယာဉ်ကို ကျော်တက်စဉ် ယာဉ်၏ နောက်ပိတ်တံခါး ရုတ်တရက်ပြုတ်ထွက်ကာထွန်စက်မောင်းနှင်သူ ဦးဝင်းသိန်းကို ထိမိပြီး ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# အင်ဒိုနီးရှား ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို အနိုင်ရ

ဂျကာတာ မေ ၂၁

**လွန်ခဲ့သည့်လက ကျင်းပခဲ့သည့် အင်ဒိုနီးရှားရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုသည် မဲရလဒ် ၅၅ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပြန်လည်ရွေးချယ်ခံခဲ့ကြောင်း အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် ကေပီယူက မေ ၂၁ ရက်က ကြေညာခဲ့သည်။**

အင်ဒိုနီးရှားရွေးကောက်ပွဲတွင် ဂျိုကိုဝီဒိုဒိုနှင့် ယှဉ်ပြိုင်ဘက်ဖြစ်သူ ဗိုလ်ချုပ်ကြီးဟောင်း ဘရာဗိုဝူဆူဘီယန်တိုက မဲရလဒ်ရာခိုင်နှုန်း ၄၄ ဒသမ ၅ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သိရသည်။

ဂျိုကိုဝီဟု ခေါ်ဝေါ်ကြသည့် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို၏ စုစုပေါင်း မဲအရေအတွက်မှာ ၈၅၆၀၇၃၆၂ မဲရှိပြီး ၎င်း၏ ပြိုင်ဘက် ဗိုလ်ချုပ်ကြီးဟောင်း ဘရာဗိုဝူဆူဘီယန်တို၏ စုစုပေါင်း မဲအရေအတွက်မှာ ၆၈၆၅၀၂၃၉ မဲရှိကြောင်း ရွေးကောက်ပွဲကော်မရှင်မင်းကြီး အက်ဗီနိုဗီဒါ ဂျင်တင်မာနစ်ခ်က ကြေညာခဲ့သည်။

ယခုတစ်ကြိမ်ကျင်းပခဲ့သည့် အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲကို ယခုနှစ် ဧပြီ ၁၇ ရက်တွင် သမ္မတနှင့် ဒုသမ္မတ ရွေးကောက်ပွဲများအပြင် လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသခံကောင်စီရွေးကောက်ပွဲများပါ ထည့်သွင်းပြီး တစ်ပြိုင်နက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း မဲအားလုံးကိုရေတွက်ပြီး နောက်ဆုံးရလဒ်များကို စုစည်းခဲ့ပြီးနောက် ယခုလိုရွေးကောက်ပွဲအနိုင်ရရှိသည့် စာရင်းကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် ကေပီယူက ပြောသည်။

အင်ဒိုနီးရှား မဲဆန္ဒရှင် ၁၉၃ သန်းသည် မဲရုံပေါင်း ရှစ်သိန်းတစ်သောင်းသို့ မဲများသွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိသမ္မတဖြစ်နေသူ ဂျိုကိုဝီဒိုဒိုသည် ပြည်နယ်ပေါင်း ၂၁ ခုမှ မဲများကို ရယူနိုင်ခဲ့ပြီး ဘာသာရေးသဘောထားတင်းမာသူ ဂျိုကိုဝီဒိုဒို၏ပြိုင်ဘက် ဗိုလ်ချုပ်ကြီးဟောင်း ဆူဘီယန်တိုက ပြည်နယ်ပေါင်း ၁၃ ခုမှ မဲများကို ၄၄ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲမဲပေးရာတွင် စည်းကမ်းနှင့်မကိုက်ညီသည့် မဲပေးမှုပေါင်း အနည်းဆုံး ၁၃၀၀၀ ခန့်တွေ့ရှိခဲ့ကြောင်း ဆူဘီယန်တိုထောက်ခံသူများက ယခုလအစောပိုင်းက ပြောခဲ့သော်လည်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်သူများက အင်ဒိုနီးရှား ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတကြောင်း ပြောသည်။



ရွေးကောက်ပွဲတွင်အောင်ပွဲရခဲ့သော အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကို တွေ့ရစဉ်။

ရွေးကောက်ပွဲကော်မရှင်က သမ္မတနှင့် လွှတ်တော် ရွေးကောက်ပွဲရလဒ်များကို ကြေညာသည့်အခါ မလိုလားအပ်သောဆန္ဒပြမှုများ ဖြစ်ပွားမည်ကို စိုးရိမ်ခဲ့သဖြင့် လွန်ခဲ့သည့် သီတင်းပတ်က ဂျကာတာရှိ အမေရိကန်သံရုံးက အမေရိကန်နိုင်ငံသားများအတွက် လုံခြုံရေးနှိုးဆော်ချက်များ ထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

## လူဝင်မှုကြီးကြပ်ရေးအရ ထိန်းသိမ်းထားစဉ် သေဆုံးသည့် ဂွါတီမာလာမှ ကလေး ငါးဦးအထိရှိလာ

**ဝါရှင်တန် မေ ၂၁**

တက္ကဆက်ပြည်နယ်ရှိ နယ်စပ်ထိန်းချုပ်ရေးစခန်းတွင် ထိန်းသိမ်းထားသည့် အသက် ၁၆ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး တနင်္လာနေ့က သေဆုံးခဲ့ရာ ဒီဇင်ဘာလ စတင်ထိန်းသိမ်းချိန်မှစ၍ သေဆုံးခဲ့သည့် ဂွါတီမာလာမှ ငါးဦးမြောက် သေဆုံးသူဖြစ်လာခဲ့သည်။

သေဆုံးသွားသည့် ဂွါတီမာလာမှ ကလေးတစ်ဦးမှာ မေ ၁၃ရက်မှစကာ ထိန်းသိမ်းခံထားရသူဖြစ်ပြီး နယ်စပ်ဖြတ်ကျော်ခဲ့သည့်အတွက် ထိန်းသိမ်းထားခဲ့ရခြင်းဖြစ်သည်ဟု အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ထိန်းချုပ်ရေးစခန်းက ပြောသည် ။

၎င်းသေဆုံးရသည့် အကြောင်းကိုမူ အာဏာပိုင်များက ထုတ်ဖော်မပြောကြားသေးပေ။ သို့သော် မီဒီယာများကမူ အဆိုပါ ကလေးမှာ နေမကောင်းကြောင်း၊ ၎င်းတွင် တုပ်ကွေးရောဂါခံစားနေရသည်ဟု သူနာပြုတစ်ဦးက ပြောကြောင်း မီဒီယာများတွင် ဖော်ပြကြသည်။

၎င်းကိုဆေးပေးခဲ့ပြီး အခြားသော ထိန်းသိမ်းခံထားရသူများကို ကူးစက်ခြင်း မဖြစ်စေရန် ဝယ်စ်ကွန်စခန်းသို့ ပြောင်းရွှေ့ပေးခဲ့သည်။

အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ထိန်းချုပ်ရေးဌာန CBP မှ အမျိုးသား၊ အမျိုးသမီးများသည် အဆိုပါကလေး သေဆုံးသွားရသည့်အတွက် ဝမ်းနည်းရကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အထောက်အထားမဲ့ နယ်စပ်ဖြတ်ကျော်လာသူများကို ထိန်းသိမ်းထားရာ ၎င်းတို့၏ ကျန်းမာရေး၊ လုံခြုံရေးတို့အတွက် CBP တွင် တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။

ယခုသေဆုံးသွားသည့် ကလေးသည် မကြာသေးခင်လများအတွင်း ဂွါတီမာလာမှ အမေရိကန်သို့ ခရီးရှည်ထွက်လာပြီးနောက် ဖမ်းဆီးခံရပြီး သေဆုံးခဲ့ရသည့် ငါးဦးမြောက်ကလေး ဖြစ်သည်။

**အေအက်ဖ်ပီ**

## အီရန်အရေး ထရမ့်အစိုးရ လွှတ်တော်သို့ တင်ပြမည်

**ဝါရှင်တန် မေ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီရန်တာဝန်ရှိပုဂ္ဂိုလ်များကြား အချေအတင်ဖြစ်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး အီရန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့ဝင်များက မေ ၂၁ ရက်တွင် လွှတ်တော်သို့ ရှင်းပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၊ ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်၊ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဖ်ဒန်ဖို့ဒ်နှင့် အမည်မဖော်လိုသူ ထောက်လှမ်းရေးအသိုင်းအဝိုင်းမှ တာဝန်ရှိသူတစ်ဦးတို့က အီရန်အရေးနှင့်ပတ်သက်ပြီး လွှတ်တော်အမတ်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် တိုက်ခိုက်လျှင် အီရန် အဆုံးသတ်သွားမည်ဖြစ်ကြောင်းနှင့် နောက်ထပ်ဘယ်တော့မှ မခြိမ်းခြောက်ပါနှင့်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၁၉ ရက်က တွစ်တာတွင် ပြောကြားပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် အီရန်နိုင်ငံကို ခြိမ်းခြောက်နေမည့်အစား အလေးဂရုပြုရန် ကြိုးစားသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗတ်ဇာရစ်ဖ်က မေ ၂၀ ရက်က တုံ့ပြန်ပြောကြားလိုက်သည်။

အမေရိကန်နှင့်အီရန်ကြား အပြန်အလှန်ထိုးနှက်ပြောဆိုနေစဉ် ယူရေနီယံသန့်စင်စွမ်းရည်ကို လေးဆတိုးထားကြောင်း အီရန်က မေ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်တွင် ဖော်ပြထားသည့်အတိုင်း လက်နက်ထုတ်လုပ်နိုင်သည့်အဆင့်နှင့် အလှမ်းဝေးသည့် အရပ်ဘက်သုံး စွမ်းအင်အတွက် ယူရေနီယံသန့်စင်မှု လုပ်သွားမည်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ယခင်က ပြောကြားခဲ့ကြောင်းလည်း သိရသည်။

လွန်ခဲ့သည့်သီတင်းပတ်က ဆော်ဒီအာရေဗျ ရေနံတွင်းနှစ်တွင်းကို တိုက်ခိုက်ခဲ့မှု၊ အစောပိုင်းက ရေနံတင်သင်္ဘောလေးစင်းကို အဖျက်အမှောင့်လုပ်ရပ်များ လုပ်မှု၊ ယင်းကိစ္စများအတွက် အီရန်တွင် တာဝန်ရှိသည်ဆိုသည့် သဘောမျိုး အမေရိကန်တာဝန်ရှိသူများက အရိပ်အမြွက် ပြောကြားခဲ့ပြီးနောက်ပိုင်းတွင် အမေရိကန်ထိပ်တန်းအရာရှိများအနေဖြင့် လွှတ်တော်အမတ်များကို ယခုလို ရှင်းပြရန် ဖြစ်လာကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ထရမ့်နှင့် ၎င်း၏ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်တို့ကို အိမ်ဖြူတော်တွင် တွေ့ရစဉ်။

## ဟွာဝေးကုမ္ပဏီအပေါ် ချမှတ်ထားသည့် စည်းမျဉ်းကန့်သတ်ချက်များကို အမေရိကန်က သုံးလဖြေလျှော့ပေး

**ဝါရှင်တန် မေ ၂၁**

အမေရိကန်အစိုးရသည် ဟွာဝေးနည်းပညာကုမ္ပဏီနှင့် စီးပွားရေးလုပ်ကိုင်နေမှုအပေါ် ချမှတ်ထားသည့် စည်းမျဉ်းကန့်သတ်ချက်အချို့ကို သုံးလကြာဖြေလျှော့ပေးလိုက်ကြောင်း သိရသည်။ တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီကို အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်သည်ဟူသော အကြောင်းပြချက်ဖြင့် အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ပြီးနောက် တစ်ပတ်အကြာတွင် အမေရိကန်က ထိုသို့ ဖြေလျှော့ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အမေရိကန်နှင့် ဂျပန်အပါအဝင် အခြားနိုင်ငံများတွင် အမေရိကန်ကုမ္ပဏီများက ဟွာဝေးကုမ္ပဏီနှင့် အခြားဆက်စပ်ကုမ္ပဏီ ၆၆ ခုတို့နှင့် လုပ်ငန်းလုပ်ကိုင်ခြင်းကို အမေရိကန် ကုန်သွယ်ရေးဌာနက ပိတ်ပင်ခဲ့သည်။ ထိုသို့ဖြစ်ခဲ့ပြီးနောက် ပြီးခဲ့သည့် တနင်္လာနေ့တွင် အမေရိကန်သည် အမေရိကန်ကုမ္ပဏီများနှင့် ဟွာဝေးကုမ္ပဏီအကြား လုပ်ငန်းဆောင်ရွက်မှုအပေါ် ချမှတ်ထားသည့် စည်းမျဉ်းကန့်သတ်ချက်တစ်စိတ်တစ်ပိုင်းကို သုံးလကြာ ဖြေလျှော့ပေးလိုက်သည်။

ယင်းသို့ဖြေလျှော့မှုသည် အမည်ပျက်စာရင်းအတွင်းထည့်သွင်းခံထားရသည့် ကုမ္ပဏီကိုအားပေးနေသည့် ကမ္ဘာတစ်ဝန်းမှ ဝယ်သူများအပေါ် ကုမ္ပဏီ၏ နောက်ဆက်တွဲပြဿနာများ ကျရောက်လာနိုင်မှုကို ထိန်းချုပ်ရန် ရည်ရွယ်လျက် ထိုသို့ဖြေလျှော့ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ လွတ်ငြိမ်းခွင့်ပေးထားသည့် အချိန်ကာလကို ထပ်တိုးသွားရန်ရှိမရှိကို နောက်ပိုင်းတွင် စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဌာနက ပြောကြားခဲ့သည်။

အသစ်ထုတ်ပြန်လိုက်သည့် အမိန့်သည် ဟွာဝေးကုမ္ပဏီထုတ်ပစ္စည်းများကို မှီခိုအားထားနေသည့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပံ့ပိုးသူများအနေဖြင့် အခြားစီစဉ်မှုများ ပြုလုပ်နိုင်စေရန် အချိန်ပေးလိုသည့်အတွက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးအတွင်းဝန် ဝီလ်ဘာရော့စ်က ပြောကြားခဲ့သည်။

အမေရိကန်ရှိ ဒေသဆိုင်ရာဆက်သွယ်ရေးကုမ္ပဏီအချို့သည် ကုန်ကျစရိတ်လျှော့ချရန်အလို့ငှာ ဟွာဝေးကုမ္ပဏီထုတ်ပစ္စည်းများကို အသုံးပြုနေကြကြောင်း သိရသည်။ ဟွာဝေးကုမ္ပဏီအနေဖြင့် ဂူဂဲလ်ဝန်ဆောင်မှုများ ဖြတ်တောက်ခံရတော့မည့် အခြေအနေရောက်ရှိနေချိန်တွင် ယှဉ်ပြိုင်ဘက်ဖြစ်သည့် ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီ၏ ရှယ်ယာများမှာ မေ ၂၁ ရက်တွင် ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## လူမှုဖူလုံရေးဥပဒေကို ပြုပြင်ပြောင်းလဲခြင်းမရှိပါက ပြည်တွင်းလုပ်သားများ လစာရတော့မည်မဟုတ်ကြောင်း ဘရာဇီးသမ္မတပြော

**ရီယိုဒီဂျနေရိုး မေ ၂၁**

အကယ်၍ လူမှုဖူလုံရေးစနစ် ပြုပြင်ပြောင်းလဲမှုကို ယခုအတည်မပြုနိုင်ခဲ့လျှင် လာမည့် ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းလုပ်သားများ လုပ်ခလစာရရှိတော့မည်မဟုတ်ကြောင်း ဘရာဇီးသမ္မတ ဂျာဘော်လ်စိုနာရိုက ပြောကြားခဲ့သည်။

သမ္မတ၏ ပြောကြားချက်အရ ဘရာဇီးနိုင်ငံသည် ငွေကြေးရှားပါးမှုဖြစ်နေသည့်အပြင် သယံဇာတအရင်းအမြစ်ချို့တဲ့မှုကြောင့် တိုးတက်အောင်လုပ်ဆောင်နိုင်ခြင်းမရှိ ဖြစ်နေရကြောင်း သိရသည်။ဘရာဇီးနိုင်ငံသည် ယင်းဝန်ထုပ်ဝန်ပိုးကို ဆက်ထမ်းထားနိုင်ခြင်းမရှိတော့ကြောင်း၊ အကယ်၍ ပြုပြင်ပြောင်းလဲမှု မပြုလုပ်လျှင် လာမည့် ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ဖက်ဒရယ်အလုပ်သမားများကို လစာပေးရန် ငွေကြေးလုံလောက်မှုရှိတော့မည်မဟုတ်ကြောင်း မစ္စတာဘော်လ်စိုနာရိုက ပြောကြားခဲ့သည်။ ဘရာဇီးအစိုးရသည် လူမှုဖူလုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲသည့် ဥပဒေကြမ်းတစ်ရပ်ကို ယခုနှစ်အစောပိုင်းက အဆိုပြုခဲ့သည်။ သို့သော်လည်း ယင်းအဆိုပြုချက်နှင့်ပတ်သက်၍ နိုင်ငံအတွင်း ပြင်းပြင်းထန်ထန် အငြင်းပွားလျက်ရှိသည်။

**ဆင်ဟွာ**



ဘရာဇီးသမ္မတ ဂျာဘော်လ်စိုနာရို။

# ယဉ်ကျေးမှုမြို့တော် မန္တလေးမှ မြန်မာ့ပန်း ၁၀ မျိုး အတတ်ပညာဝင် ပန်းတမော့ကျောက်ဆစ်လုပ်ငန်း

## ဝေဖြိုးအောင်၊ သန်းဇော်မင်း(ပြန်/ဆက်)

**မြန်မာ့ပန်း ၁၀ မျိုး အတတ်ပညာတွင် တစ်ခုအပါအဝင်ဖြစ်သော ပန်းတမော့ကျောက်ဆစ်လုပ်ငန်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ကျောက်ဆစ်တန်းတွင် ကျောက်ဆစ်လုပ်ငန်းများဖြစ်သည့် ဆင်းတုရုပ်ပွားတော်များ၊ ရုပ်လုံးရုပ်ကြွများ၊ သိမ်တိုင်၊ ကမ္ဗည်းတိုင်၊ ကျောက်စာတိုင်များ၊ ကျောက်ပြားများကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိရာ ပြည်ပခရီးသွားများလာရောက်လေ့လာမှု များပြားလျက်ရှိကြောင်း သိရသည်။**

"ကျောက်ဆစ်လုပ်ငန်းကို မန္တလေးမြို့မှာ အများဆုံးလုပ်ကိုင်ကြပြီး ကျောက်တုံးတစ်တုံးကို ဘုရားဆင်းတုတစ်ဆူဖြစ်လာအောင် ရွေးချယ်ဆုံးဖြတ်နိုင်သူဟာ အခရာအကျဆုံးသူလို့ ကျောက်ဆစ်လုပ်ငန်း လုပ်ကိုင်သူတွေက သတ်မှတ်ကြပါတယ်။ ကျောက်တုံးတိုင်းကို ထုဆစ်လို့ရနိုင်ပေမယ့် ဘုရားဆင်းတုထုမယ့် ကျောက်တုံးမှာ အပြစ်အနာအဆာတွေ ကင်းနေအောင် ရွေးချယ်နိုင်ဖို့ လိုအပ်ပါတယ်။ စကျင်ကျောက်တွေထွက်ရှိရာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာ စကျင်တောင်ကနေ အများဆုံး မှာယူလုပ်ကိုင်ကြပါတယ်"ဟု မန္တလေးမြို့မှ ကျောက်ဆစ်လုပ်ငန်း လုပ်ကိုင်သူများက ပြောကြားသည်။

အဆိုပါ ကျောက်ဆစ်တန်းတွင် ကျောက်ဆစ်လုပ်ငန်းရှင် ၇၅ ဦးရှိပြီး ပြည်ကြီးတံခွန်မြို့နယ်တွင်လည်း ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူများရှိကြောင်း၊ မန္တလေးမြို့သို့ ဝင်ရောက်လာသည်မှာ အကြမ်းထည်များဖြစ်ပြီး ယင်းအကြမ်းထည်များကို ဆင်းတုတော်ထုလုပ်ကာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အချောထည်လုပ်ငန်းအနေဖြင့် ဆင်းတုတော်ထုလုပ်ရာတွင် မျက်နှာတော်ဖွင့်ခြင်း၊ ဆံတော်ထိုးခြင်း၊ စက်အကြမ်းချောခြင်း၊ လက်အချောလိုက်ခြင်း၊ အရောင်တင်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်ရှိကြောင်းနှင့် အရွယ်အစားမျိုးစုံ ပြုလုပ်ကြကြောင်း ရွှေယင်းမာကျောက်ဆစ်လုပ်ငန်းမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"လက်ရှိဈေးကွက်ကတော့ ပြည်တွင်းပဲအားကိုးရတာ၊ ပြည်ပခရီးသွားတွေကတော့ အမှတ်တရပစ္စည်းအဖြစ် ရုပ်တုအသေးတွေသာ ဝယ်ယူကြပါတယ်။ အကြီးစားတွေက ပြည်ပခရီးသွားတွေအနေနဲ့ သယ်ယူဖို့ အဆင်မပြေတာကြောင့် လာရောက်လေ့လာမှုများပြားပေမယ့် လေ့လာဖို့သက်သက်သာ လာရောက်ကြပါတယ်။ အရင်က စူး၊ ဆောက်၊ တံစဉ်း အသုံးပြုခဲ့ရာမှ အခုအခါ ကျောက်စက်၊ စိန်တံတပ်ဂန်းစက်တွေ အသုံးပြုပြီး လုပ်ငန်းတွင်ကျယ်စွာ လုပ်ကိုင်လာကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာ့ပန်းတမော့ပညာကျောက်ဆစ်လုပ်ငန်းသည် မန္တလေးမြို့ဂုဏ်ဆောင် လုပ်ငန်းတစ်ခုအဖြစ်တည်ရှိနေပြီး အောင်မြင်မှုရနေသောလုပ်ငန်းတစ်ခုဖြစ်ကာ ပြည်ပခရီးသွားများကိုလည်းဆွဲဆောင်လျက်ရှိကြောင်း သိရသည်။



အရောင်တင်ခြင်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေစဉ်။ ▲



စကျင်ကျောက်တုံးများနှင့် ကျောက်ဆစ်အကြမ်းထည်များအား မြင်တွေ့ရစဉ်။ ▲



ကျောက်ဆစ်ဆင်းတုတော်အား မျက်နှာတော်ဖွင့်ရန် ဆောင်ရွက်နေစဉ်။ ◀



ကျောက်ဆစ်လုပ်ငန်းခွင်တစ်ခုအားမြင်တွေ့ရစဉ်။ ▲



အရောင်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။ ▶



ကျောက်ဆစ်လုပ်ငန်းအား ပြည်ပခရီးသွားများ လာရောက်လေ့လာနေစဉ်။ ◀



အဆင့်ဆင့်ဆောင်ရွက်ပြီးစီးသော ဆင်းတုတော်အား တွေ့ရစဉ်။ ◀

# တမူးမြို့နယ်၌ လယ်ယာမြေဧက ၅၀၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်မှု ပြီးစီးတော့မည်

**တမူး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေတောင်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ် ဖောက်လုပ်ပေးခဲ့သော တီးတိန်ယံကျေးရွာ ကုန်ထုတ်လမ်းကို ယခုနှစ်မတ်လက စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



တမူးမြို့နယ်၌ လယ်ယာမြေဧက ၅၀၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်မှုကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစဉ်။

အဆိုပါကုန်ထုတ်လမ်းမှာ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်၌ တင်ဒါ အောင်မြင်သော MIT ကုမ္ပဏီမှ မူလခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၈ ဒသမ ၆၀၀ ဖြင့် အရှည် ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ မြေသားတာပေါင်တင်ခြင်းနှင့် ထု ၉ လက်မ ချောင်းသဲ ကျောက်ခင်းခြင်း တို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအား ယနေ့နံနက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းကျော်မျိုး၊ ကလေးခရိုင် ကျေးလက်ဦးစီးမှူး ဦးဇေယျာညို၊ တမူးမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်း တို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ကွင်းဆင်းစစ်ဆေးရာတွင် ကုမ္ပဏီမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ စစ်ဆေးချိန်တွင် လမ်းအချောသတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ၉၀ ရာခိုင်နှုန်း အထိပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းလုပ်ငန်းများအား သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်အချိန်ကာလ အတွင်းပြီးစီးရေး ဆောင်ရွက်ကြရန် ညွှန်ကြားရေးမှူးချုပ်က မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ် ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၅၀၊ လူဦးရေ ၂၃၉ ဦးတို့အား အကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ပြီး လယ်/ယာ ၅၄၃ ဧကတို့မှ လယ်ယာထွက်ကုန်များအား ဈေးကွက်သို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ငြိမ်းသူ (စလင်း)**

# ပုဗ္ဗသီရိမြို့နယ် မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင်များပေးအပ်



ပုဗ္ဗသီရိမြို့နယ် မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင်များ ပေးအပ်ပွဲ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) နေပြည်တော်ရုံးခွဲ အုပ်တွင်းရုံးခွဲနှင့် ထိုင်းနိုင်ငံအခြေစိုက် BCMF တို့မှ ပူးပေါင်း၍ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မသန်စွမ်းသူများအတွက် သုံးဘီးတပ်ကုလားထိုင်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မသန်စွမ်းသူများအသင်း(NAPD) ဥက္ကဋ္ဌ ဦးညီငယ်က အမှာစကားပြောကြားပြီး နေပြည်တော် မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကိုက MILI အဖွဲ့၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးအောင်မိုးက ဘီးတပ်ကုလားထိုင်များ သယ်ဆောင်ပေးအပ်သည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကာ မသန်စွမ်းသူများကို ဘီးတပ်ကုလားထိုင်များ ပေးအပ်ခဲ့သည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# သရက်သီးများ GAP အသိအမှတ်ပြုလက်မှတ်ရနေသော်လည်း ဈေးကွက်တွင် ဈေးကောင်းမရ

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices- GAP) အသိအမှတ်ပြု လက်မှတ်ရ သရက်သီးများ ဈေးကွက်တွင် အခြားသရက်သီးဈေးနှုန်းများအတိုင်းသာ ရရှိနေကြောင်း လက်မှတ်ရတောင်သူများထံမှ သိရသည်။

"သရက်သီး ၁၅ ကီလိုတစ်ဖာကို များများမရနဲ့ တရုတ်ငွေ ၃ ယွမ်ပဲ ပိုပြီးရမယ်ဆိုရင်တောင် GAP လက်မှတ်ကို လိုချင်တဲ့ ဆန္ဒရှိလာမယ်။ အခုအခြေအနေအထိ ဈေးကောင်းမရသေးဘူးဖြစ်နေတယ်။ လက်မှတ်ရအသီးတွေကို အခုဈေးနှုန်းနဲ့ ပိုပြီးတော့ရလာမယ်ဆိုရင် အခြားတောင်သူတွေလည်း အသိအမှတ်ပြုလက်မှတ်ကို စိတ်ဝင်စားမှုမြင့်တက်လာမယ်လို့ ပြောချင်တယ်။ အခုအခြေအနေကတော့ စိတ်ဝင်စားမှု နည်းသေးတယ်"ဟု စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာမှ သရက်စိုက်တောင်သူ ဦးကျော်မြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း GAP လက်မှတ် ထုတ်ပေးမှုသည် ၂၀၁၇ ခုနှစ်တွင် သရက်သီးတောင်သူ ခုနစ်ဦးအားလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် သရက်သီးတောင်သူ ၁၉ ဦးနှင့် သခွား မွေးတောင်သူတစ်ဦးအားလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် သရက်သီးတောင်သူ ၁၄ ဦးတို့အား ထုတ်ပေးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းဆင့်ပွားသင်တန်းဆင်း

**မော်လမြိုင် မေ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဖွင့်လှစ်ခဲ့သော ဘဏ္ဍာရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆင်းပွဲကို မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၇ ရက်က ကျင်းပသည်။

သင်တန်းကို မေ ၁၃ မှ ၁၇ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်နယ်ကျေးလက်ဦးစီး၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ မွန်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် software ဖြင့် ရေးသွင်းထိန်းသိမ်းခြင်း၊ ခေါင်းစဉ်ပြောင်းရေးဆွဲခြင်း၊ စာရင်းစစ်အကြံပြုချက်များ လျော့နည်းရေး လိုက်နာသင့်သည့် အချက်များ၊ ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းတို့တွင် စာရင်း ဇယား ထားသိုနည်းနှင့် ငွေစာရင်းလွှဲပြောင်း ထိန်းသိမ်းနည်းစသည်တို့ကို ဆွေးနွေး ပို့ချခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမောင်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**မွန်ကျေးလက်**

# တွန်းဇံမြို့၌ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်

**တွန်းဇံ မေ ၂၁**

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို တွန်းဇံမြို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်က ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ငိုက်မန်က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆလိုင်းထောင်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ရန်ပုံငွေဆိုင်ရာ လိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာကော်မတီဝင်များထံသို့ လွှတ်တော်ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၀၀ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၁ ・ ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၈ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၅၆ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၀ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၃ ・ ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ・ ၂၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၃၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံတကာတွင် ပြသနိုင်မည့် ဇာတ်ကားမျိုး ပို၍ဖန်တီးလာနိုင်ကြကြောင်း အကယ်ဒမီ နေတိုး ပြောကြား

မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးကြသည့် ပရိသတ်အချို့၏ ဝေဖန်မှုများ မြင့်တက်လာခဲ့ပြီးနောက်ပိုင်း မြန်မာရုပ်ရှင်ဇာတ်ကားကောင်းများ ပြန်လည်ပေါ်ထွန်းလာကာ နိုင်ငံတကာအထိ သွားရောက်ပြသနိုင်သော အရည်အသွေးရှိသည့် ဇာတ်ကားများကိုပင် ထုတ်လုပ်ရိုက်ကူးလာနိုင်သည့် အခြေအနေများလည်း ရှိလာခဲ့ရာ အဆိုပါ မြန်မာ့ရုပ်ရှင်အပြောင်းအလဲများနှင့်ပတ်သက်ပြီး သရုပ်ဆောင် အကယ်ဒမီ နေတိုးက ယခုလို သုံးသပ်ပြောကြားသည်။

“အဓိကကတော့ နိုင်ငံတကာပွဲတော်တွေကိုသွားတဲ့ ရုပ်ရှင်တွေမှာ ဇာတ်လမ်းပုံစံတွေနဲ့ တင်ဆက်ပြသထားပုံတွေက ပိုအရေးကြီးပါတယ်။ ဇာတ်ကားတိုင်းတော့ သွားပြလို့မရသေးဘူး။ ကျွန်တော်တို့က ဒီရုပ်ရှင်ပွဲတော်တွေကို သွားနိုင်ဖို့ ရုပ်ရှင်ဇာတ်ကားအရည်အသွေးတွေကို ဦးစားပေးပြီး ကျွန်တော်တို့ရိုက်ချင်တဲ့ ဇာတ်လမ်းအမျိုးအစား၊ နောက် နိုင်ငံတကာက စိတ်ဝင်စားနိုင်မယ့် အကြောင်းအရာတွေလည်း ဖြစ်ဖို့ လိုပါတယ်။ အဘက်ဘက်က ပြည့်စုံဖို့ လိုအပ်ပါတယ်။ အခု နောက်ပိုင်းမှာ ကျွန်တော်တို့ဆီမှာ နိုင်ငံတကာကိုပြနိုင်တဲ့ ဇာတ်ကားမျိုးတွေ ပိုပြီးတော့ ဖန်တီးလာနိုင်တာတွေကိုလည်း တွေ့ရပါတယ်”ဟု နေတိုးက ပြောသည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း ရုံတင်ခဲ့သော ဒုဋ္ဌဝတီကိုလွန်၍၊ ဥပါယ်တံမျဉ်၊ မုန်းစွဲ၊ မီ စသည့် ရုပ်ရှင်ဇာတ်ကားများသည် ပြည်တွင်း လူငယ်ဒါရိုက်တာများ၏ ကြိုးစားမှု၊ မြန်မာ့ရုပ်ရှင်အပေါ် စေတနာထားမှုတို့ကို သိသာထင်ရှား မြင်သာစေသလို ရုံတင်စဉ်ကလည်း ရက်ကြာရှည်စွာပြသခဲ့ရသော အောင်မြင်သည့် ဇာတ်ကားများလည်း ဖြစ်ခဲ့သည်။ ထိုသို့ ဇာတ်ကားကောင်းများ ထွက်ပေါ်လာခြင်းမှာ မြန်မာ့ရုပ်ရှင်အပေါ် ပရိသတ်၏ စိတ်ဝင်စားမှု ပြန်လည်မြင့်တက်လာစေသည့် အလားအလာလည်း ဖြစ်သည်။

နေတိုးက ဆက်လက်၍ “ရုပ်ရှင်အရွေ့ကတော့ အရှင်းဆုံးပြောရရင် ကျွန်တော်တို့ရဲ့ရုပ်ရှင်သည် ဒစ်ဂျစ်တယ်ခေတ်တစ်ခုကို ပြောင်းလဲလိုက်တဲ့အချိန်မှာ ရုပ်ရှင်ဖလင်နဲ့ ကြားထဲမှာရှိနေတဲ့ ဗီဒီယိုဆိုတဲ့ ရိုက်ကူးမှုပြုလုပ်ခဲ့တဲ့ အချိန်ကာလတစ်ခုက ရုပ်ရှင်ဘက်ကို ရွေ့သွားတယ်။ အဲဒီအချိန်မှာ တချို့ လုပ်ကိုင်တဲ့ အပိုင်းလေးတွေမှာ မှားယွင်းစွာ လုပ်ကိုင်မိတာတွေလည်းရှိတယ်။ နောက် ကျွန်တော်တို့ ပရောဂျက်တစ်ခုကို လုပ်ဆောင်တဲ့အချိန်မှာ အရင်တုန်းက ရုပ်ရှင်ခေတ်တုန်းကလုပ်ခဲ့တဲ့ လုပ်ငန်းစဉ်တွေကို မလုပ်တော့ဘဲ ကြားထဲမှာ ဗီဒီယိုရိုက်ကူးမှုပုံစံမျိုးတွေကို အကျင့်တွေပါခဲ့တာတွေလည်း ရှိခဲ့ဖူးတယ်။ အဲဒီအရွေ့တွေကို ကျော်လွန်ပြီးတော့ တကယ်ကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ကင်မရာ၊ အလင်းအမှောင်၊ ဇာတ်ညွှန်းပိုင်းတွေ အဘက်ဘက်က ပြည့်စုံအောင် ကြိုးစားလာတာကို မြင်တွေ့ရပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေမှာ ပြသနိုင်မယ့် ဇာတ်ကားမျိုးကို စိစစ်ပြီးတော့ ရိုက်ကူးနိုင်ဖို့ လိုအပ်သလို ပြည်တွင်းဈေးကွက်က လက်ခံ အားပေးနေတဲ့ ဇာတ်လမ်းအမျိုးအစားကိုလည်း ရိုက်ကူးဖို့ လိုအပ်ပါတယ်။ မြန်မာ့ရုပ်ရှင်ဆိုတာကတော့ မြန်မာပရိသတ်တွေ ကြိုက်နှစ်သက်တဲ့ မြန်မာ့ယဉ်ကျေးမှုနဲ့ရိုက်တဲ့ ဇာတ်ကားတွေလည်း သပ်သပ်ရှိတယ်၊ နိုင်ငံတကာကိုသွားရမယ့် ဇာတ်လမ်းအမျိုးအစားကလည်း သပ်သပ်ရှိနေပါတယ်”ဟု ပြောသည်။

ယနေ့အချိန်တွင် မြန်မာ့ရုပ်ရှင်အပေါ် ပရိသတ်၏ ဝေဖန်မှုများနှင့် ပတ်သက်၍လည်း နေတိုးက “ရွေ့လျားနေတဲ့ ဒီကာလတစ်ခုမှာ ကျွန်တော်တို့ ပရိသတ်တွေက မကောင်းရင် မကောင်းတာကို ဝေဖန်တတ်လာတယ်။ ပြောဖို့အတွက် အခွင့်အရေးတွေလည်း များလာတယ်၊ ဒီဘက်က ထုတ်လုပ်ရေးတွေဘက်ကလည်း ဇာတ်ကားတွေကို သေချာ စိစစ်ပြီးတော့ ရိုက်ကူးလာတာတွေကိုလည်း မြင်တွေ့ရပါတယ်။ အရင်တုန်းကဆိုရင် ဇာတ်ကားရုံတင်လိုက်ရင် ပရိသတ်တွေဆီက ဝေဖန်အကြံပြုမှုကို သိပ်မကြားရပါဘူး။ အခု ဆိုရှယ်မီဒီယာတွေ ပေါ်လာတော့ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူးဆိုတာတွေကို ပရိသတ်တွေက ကျွန်တော်တို့ကို တိုက်ရိုက် ပြောပြနိုင်လာပါတယ်။ ဒါကြောင့်အနုပညာရှင်တွေရော၊ ထုတ်လုပ်သူတွေရော သူတို့နဲ့ဆိုင်ရာဆိုင်ရာအပိုင်းတွေဖြစ်တဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်းအပိုင်းတွေ၊ သရုပ်ဆောင်တဲ့ အမူအယာပိုင်းတွေကို သေချာလုပ်လာတယ်လို့ မြင်ပါတယ်။ ဒါကလည်း ပရိသတ်တွေက ကောင်းတဲ့အချက်၊ မကောင်းတဲ့အချက်တွေကို ဝေဖန်ထောက်ပြလာနိုင်တာကြောင့် ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်”ဟု ဆက်လက်ပြောကြားသည်။

**ကိုလင်း**



# ယာဉ်မောင်းအကူအဖြစ် သရုပ်ဆောင်ထားသည့် “စရိုက်”ရုပ်ရှင်အတွက် ရင်ခုန်နေကြောင်း ကျော်ထက်အောင် ပြောကြား

မေ ၃၀ ရက်တွင် ရုံတင်ပြသတော့မည့် “စရိုက်”ရုပ်ရှင်ဇာတ်ကားကြီးမှာ အခြေခံလူတန်းစားများ၏ ဘဝကို ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ ထိုရုပ်ရှင်တွင် ယာဉ်မောင်းအကူ ထွန်းထွန်းနိုင်နေရာမှ ပါဝင်သရုပ်ဆောင်ထားသည့် ကျော်ထက်အောင်က ဇာတ်ကားအတွက် ကြိုတင်ရင်ခုန်နေကြောင်း ပြောကြားသည်။

“ဒီဇာတ်ကားလေးက ရိုက်ထားတာတော့ နှစ်နှစ် ကြာသွားပြီ။ ၂၀၁၇ သင်္ကြန်ပြီးလောက်ကတည်းက ရိုက်ထားတာ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဇာတ်ကား မတိုင်ခင်ကတည်းက ရိုက်ထားတာပါ၊ ရုံတင်တော့မှာကို ရင်ခုန်နေပါတယ်။ ကျွန်တော်တို့က Family Show တော့ ကြည့်ပြီးပါပြီ၊ စရိုက် ဇာတ်ကားက အရင်တုန်းကလည်း အန်တီဝါနဲ့ ဦးထွန်းထွန်းနိုင်တို့ ရိုက်ခဲ့ဖူးတယ်။ ဒေါင်ဒေါင်မြည်တဲ့အသည်း ဆိုတဲ့ နာမည်နဲ့ ရိုက်ခဲ့ဖူးတာပါ။ အခု ကျွန်တော်တို့က ပြန်ရိုက်တာပါ။ အခုပြန်ရိုက်တဲ့ စရိုက်ဇာတ်ကားမှာတော့ ကျွန်တော်က ဦးထွန်းထွန်းနိုင်နေရာကနေ ယာဉ်မောင်းအကူအဖြစ် ပါဝင်သရုပ်ဆောင်ထားတာပါ။ Family Show ကြည့်တော့ အန်တီဝါနဲ့အတူတူ ကြည့်ဖြစ်ကြတယ်။ အန်တီဝါကိုလည်း ကျွန်တော် မေးပါတယ်။ ကာရိုက်တာ ဝင်ရဲ့လားလို့။ အန်တီဝါက ကာရိုက်တာဝင်တယ်လို့ ပြောပါတယ်”ဟု ကျော်ထက်အောင်က စရိုက် ရုပ်ရှင်အကြောင်းကို ပြောပြသည်။

သရုပ်ဆောင်ရသည့် ယာဉ်မောင်းအကူ ကာရိုက်တာနှင့်ပတ်သက်၍ ကျော်ထက်အောင်က “ဒီဇာတ်ကားက အခြေခံလူတန်းစားတွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတာတွေကို ရိုက်ပြထားတာဖြစ်ပါတယ်၊ ဇာတ်လမ်းဆိုတာကလည်း အပြင်လောကမှာ တကယ်ဖြစ်နေတာတွေ ရှိတဲ့အတွက် ဇာတ်လမ်းဆိုတာ ဖြစ်လာတာပါ။ ဒီထဲမှာ ကျွန်တော့် ကာရိုက်တာကတော့ ဆိုးတယ်။ ယာဉ်မောင်းအကူလုပ်တယ်။ ဘယ်သူ့ကိုမှလည်း အလေးအနက်မထားဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း အလေးအနက်မထားတတ်တဲ့ ကာရိုက်တာပါ။ ကြုံရာကျပန်းလုပ်တယ်။ ရရစားစားပေါ့၊ မိန်းမကိုလည်း ဂရုမစိုက်ဘူး၊ သောက်သောက်စားစားနေတတ်တဲ့ လူတစ်ယောက်ရဲ့ကာရိုက်တာပါ” ဟု ပြောသည်။



ကျော်ထက်အောင်အနေဖြင့် Myanmar Idol ပြိုင်ပွဲတွင် Host အဖြစ် ဆောင်ရွက်ရာမှ ပရိသတ်များ၏ အားပေးမှုကို စတင်ရရှိလာခဲ့ပြီး နောက်ပိုင်းတွင် ရုပ်ရှင်လောကသို့ ကူးပြောင်းဝင်ရောက်ခဲ့ချိန်တွင်လည်း သာမန်အားဖြင့် သရုပ်ဆောင်နိုင်ရန် ခက်ခဲသော ကာရိုက်တာများကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ပရိသတ်၏ အသိအမှတ်ပြုမှုကို ပို၍ ရရှိလာလျက်ရှိသလို ယခု ရုံတင်တော့မည့် စရိုက် ဇာတ်ကားမှာလည်း ကျော်ထက်အောင်အနေဖြင့် ယာဉ်မောင်းအကူကာရိုက်တာကို ပထမဆုံး သရုပ်ဆောင်ဖူးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# အချစ်နှင့် ဟာသကို ဦးစားပေးထားသည့် “ယောက်ဖစစ်ဆင်ရေး”ဇာတ်ကား ရုံတင်ပြသ

လူစွမ်းကောင်းထုတ်လုပ်ရေးမှ ထုတ်လုပ်၍ ဇာတ်လမ်း/ဇာတ်ညွှန်း လွင်မင်းအံ့၊ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးထားသည့် ယောက်ဖစစ်ဆင်ရေး အချစ်ဟာသရုပ်ရှင်တွင် သရုပ်ဆောင် ဇေရဲထက်၊ ရာဇာနေဝင်း၊ ကျော်ကျော်၊ ခင်လှိုင်၊ ခင်ဝင့်ဝါ၊ မေပန်းချီ၊ ယွန်းရွှေရည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး မေ ၂၃ ရက်မှစ၍ ရုံတင်ပြသတော့မည်ဟု သိရသည်။

သရုပ်ဆောင် ဇေရဲထက်က “ဒီကားလေးက အချစ်ဟာသပုံစံလေး ရိုက်ထားတာပါ၊ ဒီကားမှာ ခင်ဝင့်ဝါကို ကာရိုက်တာတစ်မျိုးလေးနဲ့ မြင်ရမယ်၊ ယောကျ်ားလျာပုံစံပေါ့၊ သူ့ရဲ့အချစ်တော်က မေပန်းချီ၊ ခင်လှိုင်က ခင်ဝင့်ဝါရဲ့အစ်ကို၊ ဇာတ်က ရိုးရှင်းတယ် ဆိုပေမယ့် ဇာတ်အိမ်ခိုင်တယ်၊ ပြီးတော့ ဒီကားလေးက အပြင်မှာ တကယ်ရှိတတ်တဲ့ ဟာကို ဟာသနှောပြီး ရိုက်ထားတာပါ၊ ယောကျ်ားလျာစိတ်ပေါက်နေတဲ့ မိန်းကလေးက မိန်းကလေးတစ်ယောက်ကို အချစ်တော်အဖြစ်ထားတယ်၊ အဲဒါကို တခြား ယောကျ်ားလေးတွေက လိုက်နှောင့်ယှက်ကြတဲ့အခါ အချစ်တော်ကောင်မလေးကို ကာကွယ်စောင့်ရှောက်ရင်း ယောကျ်ားလျာမိန်းကလေးနဲ့ ကောင်လေးတစ်ယောက် ချစ်သူဖြစ်သွားကြတယ်၊ အဲလိုပုံစံလေးရိုက်ထားတာပါ”ဟု ပြောသည်။ **ကိုလင်း**




# ကိုရီးယားမင်းသားတစ်ဦး ပါဝင်မည့် “ရင်ဝှက်အက္ခရာ” ရုပ်ရှင်ဇာတ်ကားကို မြစ်ကြီးနားနှင့် ပူတာအိုအထိ သွားရောက်ရိုက်ကူးမည်

AA Film Production မှ စီစဉ်ထုတ်လုပ်ပြီး ဒါရိုက်တာ အောင်ကိုလတ် ရိုက်ကူးမည့် “ရင်ဝှက်အက္ခရာ” ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် ထွန်းကိုကို၊ ကိုရီးယားမင်းသား Mah Won Woo နှင့် နန်းဆုဦးတို့ အဓိက ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ဇာတ်ကားကို မြစ်ကြီးနားနှင့် ပူတာအိုဒေသအထိ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည် ။

ဒါရိုက်တာ အောင်ကိုလတ်က “ဒီကားကို ရိုက်ကူးထုတ်လုပ်မယ့် AA Production ကို ကျေးဇူးတင်ပါတယ်၊ နိုင်ငံပေါင်း သုံးနိုင်ငံမှာ သွားရောက်ရိုက်ကူးမယ်လို့ သိရပါတယ်၊ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင် နိုင်ငံတကာကို သွားဖို့အတွက်ဆို ကျွန်တော့်အနေနဲ့ တတ်အားသမျှ ပံ့ပိုးသွားဖို့ အဆင်သင့်ပါပဲ။ ဒီကားရဲ့အရည်အသွေးပိုင်းရော၊ ဇာတ်ရဲ့ ပုံစံလေးကိုရော အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားသွားမှာပါ”ဟု ပြောကြားသည်။

ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ထားသော သရုပ်ဆောင် ထွန်းကိုကိုက “ကျွန်တော့်အတွက် တာဝန်ကြီးတယ်။ ကျွန်တော် အများကြီး ကြိုးစားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားမှာ ကိုရီးယားမင်းသားလည်းပါတော့ အားလုံး တိုင်တိုင်ပင်ပင်နဲ့ အကောင်းဆုံး ကြိုးစားရမယ်။ ဒါရိုက်တာကတော့ ဦးအောင်ကိုလတ်ဆိုတော့ ကျွန်တော့်အတွက် ကံကောင်းခြင်း ဆုလာဘ်တစ်ခုလို့ထင်ပါတယ်”ဟု ပြောသည်။

နန်းဆုဦးကလည်း ပါဝင်သရုပ်ဆောင်ရမည့် ကာရိုက်တာနှင့်ဇာတ်လမ်းအတွက် ကြိုတင်ပြင်ဆင်ခဲ့ရပုံများနှင့် ပတ်သက်၍ “ဒီဇာတ်ကားလေးက နူးနူးညံ့ညံ့ အချစ်ဇာတ်ကားလေးဆိုတော့ အဓိကကတော့ စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ဒီကားမရိုက်ခင် နှစ်ပတ်လောက်မှာ သီချင်းနားထောင်ရင်တောင်မှ အချစ်သီချင်းလေးတွေ နားထောင်ရတယ်။ အဲဒီလို ကြိုတင်ပြင်ဆင်မှုလေးတွေတော့ လုပ်ထားပါတယ်။ ရုပ်ရှင်ဇာတ်ကားကိုတော့ မေ ၂၀ ရက်ကျရင် ပူတာအိုမှာ စတင်ရိုက်ကူးသွားမှာပါ။ ညီမကို ဆရာအောင်ကိုလတ်က ဒီကားမှာ နူးညံ့ရမယ်လို့ ကြိုပြီးမှာထားတယ်၊ ညီမရဲ့ ကာရိုက်တာကတော့ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့တဲ့ပုံစံလေး လုပ်ပြရမှာပါ၊ အဲဒီအတွက်လည်း ကြိုးစားထားပါတယ်၊ ကိုရီးယားမင်းသား ပါမယ်ဆိုတာကတော့ အရင်က ကိုရီးယားကားတွေ ကြည့်ခဲ့ဖူးတယ်လေ၊ ဒါပေမယ့် ကိုရီးယားသရုပ်ဆောင်နဲ့ တွဲရိုက်ရမယ်လို့ မစဉ်းစားဖူးဘူး၊ အခုလို ရိုက်ကူးရလို့ ပျော်ပါတယ်” ဟု ပြောသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ပရိသတ်ကြားထဲ အကန်ခံရမှုကို မင်းသားကြီးအာနိုးက တရားစွဲလိမ့်မည်မဟုတ်

ဟောလိဝုဒ်မင်းသားကြီး အာနိုးရှဝါဇန်နေဂါကတော့ တောင်အာဖရိကမှာ ပြုလုပ်တဲ့ အားကစားပြိုင်ပွဲတစ်ခုမှာ သူ့ကိုတိုက်ခိုက်ခဲ့သူကို တရားစွဲဆိုသွားမှာ မဟုတ်ဘူးလို့ ပြောပါတယ်။

အသက် ၇၁ နှစ်အရွယ် မင်းသားကြီးအာနိုးဟာ တောင်အာဖရိကမှာ ပြုလုပ်တဲ့ Arnold Classic Africa အခမ်းအနားတစ်ခုမှာ ပရိသတ်တွေနဲ့စကားပြောနေစဉ် နောက်မှ အမျိုးသားတစ်ယောက်က အာနိုးကို ကန်ခဲ့တာဖြစ်ပါတယ်။ အာနိုးကိုကန်ခဲ့တဲ့သူကိုတော့ ဖမ်းဆီးထိန်းသိမ်းထားပါတယ်။

ဒါပေမယ့် အာနိုးကတော့အဲဒီလူကို တရားစွဲဆိုသွားမှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ အာနိုးကို ကန်လိုက်တဲ့ဗီဒီယိုကတော့ လူမှုကွန်ရက်မီဒီယာမှာ ပျံ့နှံ့သွားခဲ့ပါတယ်။ အာနိုးလည်း ကန်ချက်ကြောင့် လဲကျသွားပါတယ်။ ကန်လိုက်တဲ့လူကိုတော့ လုံခြုံရေးအရာရှိတွေက ဖမ်းဆီးခဲ့ပါတယ်။

အာနိုးကတော့ သူ့ကိုပရိသတ်ကြားထဲ အကန်ခံလိုက်ရတဲ့ကိစ္စကို အာရုံမစိုက်ဘဲ အားကစားပွဲကိုသာ အာရုံစိုက်ကြဖို့ ပြောခဲ့ပါတယ်။ ဒီအားကစားပြိုင်ပွဲမှာဆိုရင် အရွယ်စုံအားကစားသမား ၂၄၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြတာပဲဖြစ်ပါတယ်။

Arnold Classic Africa အားကစားပြိုင်ပွဲကို နှစ်စဉ်မေလရောက်တိုင်း ကျင်းပလေ့ရှိပြီး ကာယဗလပြိုင်ပွဲ၊ တိုက်ခိုက်ရေးအားကစားပြိုင်ပွဲတို့အပါအဝင် အခြားသော အားကစားပွဲတွေ ပါဝင်ပါတယ်။

**ဘီဘီစီ**



ဟောလိဝုဒ်မင်းသားကြီး အာနိုးရှဝါဇန်နေဂါ

### Legally Blonde 3 ဇာတ်ကားအကြောင်း ရီးဝစ်သာစပွန်းပြော

ဟောလိဝုဒ်မင်းသမီး ရီးဝစ်သာစပွန်းဟာ ၂၀၀၁ ခုနှစ်မှာ Legally Blonde၊ ၂၀၀၃ ခုနှစ်မှာ နောက်ဆက်တွဲဖြစ်တဲ့ Legally Blonde 2 တို့ကို ရိုက်ခဲ့ပြီး အခုအခါမှာလည်း Legally Blonde 3 ကို ဆက်လက်ရိုက်ကူးနေတယ်လို့ စကားပြောအစီအစဉ်မှာ အသိပေးခဲ့ပါတယ်။

ပရိသတ်တွေဟာ Legally Blonde 3 ကို ဆက်ကြည့်ချင်ကြသလားမသိဘူးလို့ ရီးဝစ်သာစပွန်းက ပြောခဲ့ပါတယ်။ အခုအချိန်ဟာ Legally Blonde 3 ကို ပရိသတ်ကြားထဲ ချပြရမယ့်အချိန်ကောင်းပဲလို့ သူကဆက်ပြောပါတယ်။ အရင်ဇာတ်ကားနှစ်ကားလုံးမှာ ရီးဝစ်သာစပွန်းက အယ်လီဝုဒ်အဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။

အော်စကာဆုရှင်လည်းဖြစ်တဲ့ ရီးဝစ်သာစပွန်းဟာ လွန်ခဲ့တဲ့နွေရာသီကစပြီး Legally Blonde 3 ကို ရိုက်နေခဲ့ပြီး သူ့ရဲ့ကုမ္ပဏီဖြစ်တဲ့ ဟယ်လိုဆန်းရှိုင်းကနေ ထုတ်လုပ်တာဖြစ်၍ လာမယ့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီမှာပြသမယ်လို့ ရက်သတ်မှတ်ခဲ့ပါတယ်။ ဒီဇာတ်ကားမှာလည်း အရင်တုန်းကလိုပဲ ပန်းရောင်တွေ အများဆုံးသုံးထားတယ်လို့ မင်းသမီးက ပြောပါတယ်။

အရင်နှစ်ကားမှာတော့ အဓိကဇာတ်ကောင်ဖြစ်တဲ့ ဝုဒ်ဟာ ဟားဗတ်တက္ကသိုလ်ကနေ ဥပဒေဘွဲ့ရပြီး နိုင်ငံရေးလောကမှာ စတင်လုပ်ကိုင်နေပါပြီ။ အခုနောက်ထပ်တစ်ကားမှာတော့ ဘယ်လိုအချိုးအကွေ့တွေကို တွေ့ရဦးမလဲဆိုတာ မသိရသေးပါဘူး။

**စီအင်န်အင်န်**




ဟောလိဝုဒ်မင်းသမီး ရီးဝစ်သာစပွန်းကို ဇာတ်ဝင်ခန်းတစ်ခုတွင် တွေ့ရစဉ်။

---

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၄)

# စာချွန်တော်အမိန့်များ ထူးခြားပါသည်



**ဦးဟန်ညွန့် (ဥပဒေ)**

**ပြီးခဲ့သည့်အပတ်**

ပြီးခဲ့သည့် အပတ်က "သတိထားရသည့် စာချွန်တော်အမိန့်များ" အကြောင်း ဆောင်းပါးရေးသားတင်ပြခဲ့ပါသည်။ ယခုဆက်လက်၍ "စာချွန်တော်အမိန့်များ ထူးခြားပါသည်" ဆောင်းပါးကို ဆက်လက်ရေးသားတင်ပြအပ်ပါသည်။ ဘာ့ကြောင့်လဲ။

အထူးနှင့် အထွေထွေဥပဒေ၊ ရာဇသတ်ကြီးဆိုင်ရာ အမှုများ၊ မူလမှုများ၊ အယူခံ၊ ပြင်ဆင်မှု၊ အထွေထွေမှု စသည်ဖြင့် အမှုအမျိုးမျိုးအနက် စာချွန်တော်ဆိုင်ရာ အမှုများကတော့ ထူးခြားလှပါသည်။ အမှုသဘောသဘာဝကလည်း သီးခြားသုံးသပ် ဆုံးဖြတ်ရသည်ဟု ဆိုလျှင် မှားမည်မထင်ပါ။

**သူစိမ်းပြင်ပြင်**

စာချွန်တော်သည် ဥပဒေရပ်ဝန်းမှ မျိုးဆက်သစ်လူငယ်များအဖို့ သူစိမ်းပြင်ပြင် ဖြစ်ခဲ့သောကြောင့် စာချွန်တော်ပြန်လည်ပေါ်ခါစက အတော်လေ့လာလုံးပန်းခဲ့ကြရပါသည်။

လျှောက်လွှာဘယ်လိုရေးမလဲ။ ဘယ်လိုအယူခံဝင်မလဲ။ တံဆိပ်ခေါင်းမည်မျှကပ်ရမလဲ။ ကျမ်းကျိန်လွှာက ပါရသေး။ အကြောင်းပြချက်က ဖြစ်သလိုရေး၍မဖြစ်။ နှစ်နှစ်ကာကာ သေသေချာချာ ရေးမှဖြစ်မည်။ အကိုးအကား သေချာမှု၊ စနစ်ကျမှု ဖြစ်မည်။ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ရှိရမည်။ နမူနာစာလွှာတွေ၊ စီရင်ထုံးတွေ ပြန်ဖတ်၊ ပြန်ရှာ၊ ပြန်လည်ကိုးကား။ အတော်ကြိုးစားကြမှဖြစ်မည်။ အတွေ့အကြုံရှိသူတွေကလည်း ကွယ်လွန်ကုန်ကြပြီ။ တစ်ခေတ်တစ်ခါက ဥပဒေနှင့် လက်ရှိဥပဒေယှဉ်တွဲလေ့လာကြ၊ ဆည်းပူးကြ၊ ဆီလျော်သလို ကောက်ယူကြ။ နမူနာပြုကြ။ အတော်ကြိုးစားရသည်။

**နိုင်ငံသားအခွင့်အရေး**

နိုင်ငံသားအခွင့်အရေးကို ဘယ်လိုအကာအကွယ်ပေးမည်လဲ။ သီးခြားပေးထားသည့် ဥပဒေကပေးသည့်အခွင့်အရေးပါ။ ဤအခွင့်အရေးကို နိုင်ငံသားတိုင်း ရယူလိုချင်သည်မှာ သဘာဝကျလှသည်။ နစ်နာမှုကို ကုစားပေးရန် လျှောက်ထားတောင်းခံနိုင်သည့် အခွင့်အရေးတစ်ရပ်လည်း ဖြစ်သည်မဟုတ်လား။ ၂၀၁၁ ခုနှစ်တွင်မှ ပြန်လည်စတင်ခဲ့သော စာချွန်တော်ခရီးကို နိုင်ငံသားတို့ အတော်ခရီးနှင်ပြီး မီအောင်လိုက်ခဲ့ရသည်ပါ။ ဥပဒေလေ့လာသူ ရှေ့နေရှေ့ရပ်များ ခများလည်း လေ့လာဆည်းပူး၍ ဥပဒေအခွင့်အရေး အလေးပေးခဲ့ကြပါသည်။

**မောင်ပျင်းရိဝေဖန်သလို**

ကျွန်တော့်တပည့် အလုပ်သင်ရှေ့နေမောင်ပျင်းရိဝေဖန်သလို စာချွန်တော်ငါးမှု အယူခံတင်လျှင် တစ်မှုအနိုင်ရဖို့အတော်ခက်သည်။ နိုင်လျှင် အထူးကံကောင်းသည် ပြောမည်လား။ ဥပဒေဘောင်ဝင်သွားပြီမို့ ဥပဒေနှင့်အညီ နိုင်ငံသားအခွင့်အရေးရပြီ ပြောမလား။ ထူးခြားသည်ပေါ့။

**အောက်ပါအကြောင်းတစ်ရပ်ရပ်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးနိုင်ခွင့်ရှိကြောင်း ကျွန်တော်တို့ အထူးသတိချပ်သင့်ပါသည်-

(၁) အခွင့်အာဏာရှိသည်ထက် ကျော်လွန်၍ ပြုလုပ်ခြင်း
(၂) အခွင့်အာဏာမရှိဘဲ ပြုလုပ်ခြင်း
(၃) အခွင့်အာဏာဖြင့် ဆောင်ရွက်ပေးရန် ရှိသည်ကို ဆောင်ရွက်မပေးခြင်း
(၄) အမိန့်တစ်ရပ်သည် အပေါ်ယံကြောကြည့်ရုံဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်နေခြင်း
(၅) သဘာဝတရားမျှတမှု နည်းဥပဒေများ (Rules of Natural Justice) နှင့် ဆန့်ကျင်သွေဖည်နေခြင်း

ဤသို့ဆိုလျှင် ဤအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း တင်ပြသူက ပီပြင်စွာတင်ပြနိုင်မှသာ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးနိုင်မည်။ မတင်ပြနိုင်လျှင် ရှုံးမည်။ အနိုင်မရနိုင်။

**ဘာ့ကြောင့် ရှုံးရသည်**

စာချွန်တော်အမှုဟူသည် တင်တိုင်း အနိုင်မရနိုင်။ သူ့သတ်မှတ်ချက်၊ သူ့အရည်အချင်းပြည့်စုံမှ၊ အကြောင်းအချက်ခိုင်လုံမှ၊ သေချာရေရာမှ အောင်နိုင်မည်။ ဤသဘောကို သိမှဖြစ်မည်။ တင်တိုင်းနိုင်မည့် အမှုကိစ္စမဟုတ်။ အရေအတွက်ကို မကြည့်။ အရည်အချင်းကိုကြည့်သည်ဟု မောင်ပျင်းရိနှင့် တွေ့မှ (လာမည့်အစည်းအဝေးကျမှ) ရှင်းပြရဦးမည်။ ဒါတောင်မှ သူ့စောဒကကို နားထောင်ရဦးမည်။

**ကြီးကြပ်ကွပ်ကဲခြင်း**

စာချွန်တော်အမိန့်များထုတ်ဆင့်၍ နစ်နာမှုများကို ကုစားပေးခြင်းမှာ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်တို့၏ လုပ်ဆောင်ချက်များသည် မှန်ကန်၍ တရားမျှတမှုရှိရန်နှင့် ဥပဒေနှင့်အညီ ဖြစ်စေရန်တို့အတွက် အောက်တရားရုံးများနှင့် စီမံခန့်ခွဲရေးအာဏာပိုင်တို့၏ တရားစီရင်ရေးသဘောဆန်သော လုပ်ဆောင်ချက်များအပေါ် ကြီးကြပ်ကွပ်ကဲခြင်းဖြစ်သည်။



"လက်အောက်တရားရုံးတစ်ရုံး၏ အမိန့်တစ်ရပ် (သို့မဟုတ်) တရားစီရင်ရေးသဘောဆန်သော စီမံခန့်ခွဲရေးအာဏာပိုင်တို့၏ အမိန့်တစ်ရပ်ရပ်သည် မှားယွင်းပြီး နိုင်ငံသားတစ်ဦး၏ ဥပဒေအခွင့်အရေးတစ်ရပ်ရပ်ကို ထိပါးစေသည့်အခါ ကုစားပေးရန်အတွက် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လိုအပ်မည်ဖြစ်သည်" ဟု ၂၀၁၃ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၂၀၊ မတင်နီလာမြင့်ပါ-၂ နှင့် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး အမှုတွင် ဆုံးဖြတ်သည်။

**အာဏာပေးစာချွန်တော်အမိန့်**

အာဏာပေးစာချွန်တော်အမိန့်သည် ဥပဒေအရ အပ်နှင်းထားသော အာဏာဖြင့် ဆောင်ရွက်ပေးရန်ရှိသည်ကို ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကဖြစ်စေ၊ ဆောင်ရွက်မပေးဘဲနေသည့် ကိစ္စများ၌ တစ်စုံတစ်ယောက်၏ ဥပဒေရေးရာအခွင့်အရေးကို ထိခိုက်ခြင်း၊ ဆုံးရှုံးခြင်း ဖြစ်ပေါ်မှုမှ ကာကွယ်ရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ထုတ်ပေးခြင်းဖြစ်သည်။

အထက်ဖော်ပြပါအချက်များအရ လျှောက်ထားသူအပေါ် မယူမနေရပင်စင် (Force to retire) ပေးခဲ့သည့်အမိန့်သည် ဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးရသည့် အခြေအနေရောက်ရှိနေသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုသင့်သည်ဟု သုံးသပ်ရရှိသည်။

သို့ဖြစ်၍ ဤတရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြု၍ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဒေါ်ကျင်ဌေးအား မယူမနေရ ပင်စင်ပေးလိုက်သည့် အမိန့်ကြော်ငြာစာကို ပယ်ဖျက်လိုက်ကြောင်း၊ အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးလိုက်ကြောင်း ၂၀၁၃ ခုနှစ် တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၂၉၀၊ ပါမောက္ခဒေါက်တာ ဒေါ်ကျင်ဌေးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနအမှုတွင် ဆုံးဖြတ်သည်။

**ရဲတရားရုံး**

ရဲတရားရုံးသည် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းဟုတ်၊ မဟုတ်။ ပါဝင်သူအရာရှိများသည် နည်းဥပဒေ ၂၉ အရ ရဲတရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိသည့် အရည်အချင်းပျက်ယွင်းသူများဟုတ်၊ မဟုတ်ကို နည်းဥပဒေ ၃၁ အရ စိစစ်ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အပြင် ရဲတရားရုံးတွင် ပါဝင်ရုံးထိုင်သည့်အရာရှိတစ်ဦးဦးနှင့် စပ်လျဉ်း၍ လျှောက်ထားသူက ကန့်ကွက်ခဲ့ခြင်း မရှိသည်ကို အကြောင်းပြု၍ ဆက်လက်စစ်ဆေးခြင်း၊ လျှောက်ထားသူအပေါ် ရာထူးအဆင့် လျှော့ချခဲ့သည့် ရဲတရားရုံး၏အမိန့်ကို အတည်ပြုခဲ့သည့် ရဲချုပ်၏ အမိန့်သည် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လျှောက်ထားသူက အသနားခံစာ တင်သွင်းမှုအပေါ် ပလပ်၍ ပြစ်ဒဏ်ကို ဆက်လက်အတည်ပြုခဲ့သည့် အမိန့်သည်လည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှန်ကန်ခြင်းမရှိဘဲ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်သင့်သည်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ကြောင်း ၂၀၁၄ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှုအမှတ် ၁၅၊ ရဲအုပ်လှမြင့်နှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနအမှုတွင် ဆုံးဖြတ်သည်။

**အငြိမ်းစားပေးလိုက်သည့်အမိန့်**

တာဝန်မှ အငြိမ်းစားပေးလိုက်သည့်အမိန့်သည် လျှောက်ထားသူအား ဥပဒေရေးရာ အခွင့်အရေးများ ထိခိုက်ဆုံးရှုံးနစ်နာခြင်းတို့ ဖြစ်ပေါ်စေသည့်အတွက် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးသင့်ကြောင်း သဘောရရှိသည်။

ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)၏ ဗဟိုပစ္စည်းထိန်းဌာနမှ ဒုတိယဌာနမှူး သူရဦးခင်မောင်လတ်အား တာဝန်မှ အငြိမ်းစားပေးလိုက်သည့်အမိန့်ကို ပယ်ဖျက်လိုက်ကြောင်း၊ အာဏာပေးစာချွန်တော်အမိန့်ကို ထုတ်ဆင့်ခဲ့ကြောင်း ၂၀၁၄ ခုနှစ် တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၂၅၈ တွင် ဆုံးဖြတ်သည်။

**လမ်းညွှန်အမှုအချို့**

စာချွန်တော်အမိန့်များ (လမ်းညွှန်အမှုအချို့) သာ ဖြစ်ပါသည်။ အောင်နိုင်သူ၊ နိုင်ငံသားအခွင့်အရေး အပြည့်အဝရသူများအတွက် ကြည်နူးဖွယ် ကြိုဆိုဖွယ်ဖြစ်ပေသည်။

**စေတနာ**

စာချွန်တော်အမိန့်များအကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ…။ ။

**"စာချွန်တော်အမိန့်များထုတ်ဆင့်၍ နစ်နာမှုများကို ကုစားပေးခြင်းမှာ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်တို့၏ လုပ်ဆောင်ချက်များသည် မှန်ကန်၍ တရားမျှတမှုရှိရန်နှင့် ဥပဒေနှင့်အညီ ဖြစ်စေရန်တို့အတွက် အောက်တရားရုံးများနှင့် စီမံခန့်ခွဲရေးအာဏာပိုင်တို့၏ တရားစီရင်ရေးသဘောဆန်သော လုပ်ဆောင်ချက်များအပေါ် ကြီးကြပ်ကွပ်ကဲခြင်းဖြစ်"**

# တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**မန္တလေး မေ ၂၁**

ဥပဒေချိုးဖောက်မှုများသည် မတည်ငြိမ်မှုကိုဖြစ်စေပြီး တိုင်းပြည်၏ဖွံ့ဖြိုးမှုများကို အဟန့်အတားဖြစ်စေနိုင်သဖြင့် တရားဥပဒေစိုးမိုး၍ တည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် ပြည်သူအားလုံးတွင် တာဝန်ရှိကြောင်း မေ ၁၉ ရက်က မန္တလေးမြို့ Hotel Sakura Princess ၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"ဥပဒေကို လက်တစ်လုံးခြား လုပ်တယ်ဆိုတဲ့အသိ ရှိနေသရွေ့ကတော့ တော်တော်ကြိုးစားပမ်းစား ဆောင်ရွက်နေရဦးမှာပါ။ တရားစွဲအဖွဲ့အစည်းတွေလည်း ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်စေချင်တယ်၊ ခိုင်မာစေချင်တယ်၊ အသိပညာလည်း ပေးဖို့လိုတယ်။ ဥပဒေချိုးဖောက်မှုတွေဟာ မတည်ငြိမ်မှုကို ဖြစ်စေတယ်၊ တိုင်းပြည်ရဲ့ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ ကျယ်ပြန့်ပါတယ်။ တည်ငြိမ်အေးချမ်းမှုက ဒီထက်ပိုကျယ်ပြန့်တယ်၊ တစ်နိုင်ငံလုံးမှာတာဝန်ရှိတယ်" ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။



တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ ဝန်ကြီးချုပ်က ပြည်သူလူထုအနေဖြင့်လည်း တရားဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ တရားရေးဆိုင်ရာ အချက်အလက်များကို ပိုမိုသိမြင်လာပြီး ဌာနဆိုင်ရာများကလည်း လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်လာပါက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အတော်အတန်ခရီးပေါက်ရောက်လာမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပွင့်လင်းလာသဖြင့် ဝေဖန်မှု များပြားလာကြောင်း၊ ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများအား ပြည်သူများသိရှိစေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာများကလည်း မေတ္တာထား၍ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တရားစီရင်ရေးကိစ္စများတွင် ကြန့်ကြာမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားစွဲအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုမှလည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ တရားရေးကိစ္စများတွင် လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှေ့နေချုပ်ရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာသီသီမြင့်က တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုအတွက် ငါးနှစ်တာစီမံကိန်းဆိုင်ရာများကို ရှင်းလည်းပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီး တရားမျှတရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ ခေါင်းဆောင်က တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို ရှင်းလင်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များကလည်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# ရှမ်းပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉)ကို ယနေ့နံနက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးကော်မတီများသည် လုပ်ငန်းဆောင်ရွက်လာခဲ့သည်မှာ သုံးနှစ်ပြည့်ပြီးဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဗဟိုဆုံးဖြတ်ချက်များအရ ဦးစားပေးဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် အလိုက်သင့်ပြောင်းလဲစီမံဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၉) ဆုံးဖြတ်ချက်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၉) ဆုံးဖြတ်ချက်များအား ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ လယ်ယာ မြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းဦးက ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြု ရယူပြီး ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉) တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်၍ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉)တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကာ တက်ရောက်လာသူများက ဆွေးနွေးကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**



ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။





သွားဘက်ဆိုင်ရာဆရာဝန်များအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်လှစ်စဉ်။

# သွားဘက်ဆိုင်ရာဆရာဝန်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**မြစ်ကြီးနား မေ ၂၁**

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကချင်ပြည်နယ်ဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များအတွက် အရည်အသွေးမြင့်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆင့်ပွားသင်တန်းကို ယမန်နေ့က မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်သူများအား အရည်အသွေးမြင့် သွားနှင့်ခံတွင်းစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုပေးရာတွင် လွှမ်းခြုံနိုင်မှုပေးနိုင်ရေးတို့အတွက် သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်များ၊ လက်ထောက်ညွှန်ကြားရေးမှူး (သွားကျန်းမာ)များနှင့် သွားဘက်ဆိုင်ရာဆရာဝန်များ၊ ဦးစီးအရာရှိများအနေဖြင့် စည်းလုံးညီညွတ်စွာ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နိုင်ငံအဝန်း လွှမ်းခြုံပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ ဆင့်ပွားသင်တန်းတွင် နေပြည်တော်ကုသရေးဦးစီးဌာန သွားနှင့် ကျန်းမာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်နှင့် တာဝန်ရှိသူများက သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျောင်းအခြေပြုကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ပြည်နယ်အတွင်းရှိ ဝန်ထမ်းသွားဘက်ဆိုင်ရာဆရာဝန် ၂၀ ကျော်တို့အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မကွေး၌ စက်မှုကျွမ်းကျင်ပုံမှန်တစ်နှစ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်

**မကွေး မေ ၂၁**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုသင်တန်းကျောင်း ခြောက်ခုကို တည်ထောင်၍ စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးအတွက် တစ်နှစ်သင်တန်းများဖြင့် နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)၏ စက်မှုကျွမ်းကျင် ပုံမှန်တစ်နှစ်သင်တန်း အမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက်က အဆိုပါ သင်တန်းကျောင်းရှိ Auditorium ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေက မကွေးတိုင်းဒေသကြီးသည် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်တွင်းနယ်ပယ်အနှံ့မှသည် ပြည်ပအထိ လုပ်သားစီးထွက်မှုများသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ယင်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း၊ ပြင်ပစီးထွက်သွားမည့် လုပ်သားများမှာ ကျွမ်းကျင်မှုအဆင့်မြင့်မြင့်ရှိနေခြင်းဖြင့် ဝင်ငွေမြင့်မားလာမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း၏ကျွမ်းကျင်မှုအရည်အသွေးတိုးတက်နေမှ နည်းပညာမြင့် ဝင်ငွေမြင့်အလုပ်အကိုင်များ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းကျောင်းမှပို့ချမည့် သင်ခန်းစာများကို သင်တန်းသားများအနေဖြင့် ကြိုးစားလေ့လာသင်ယူကြရန်လိုကြောင်း ပြောကြားပြီး စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)၏ စက်မှုကျွမ်းကျင် ပုံမှန်တစ်နှစ်သင်တန်းအမှတ်စဉ်(၉)အား CAD/CAM ဘာသာရပ်နှင့် Automobile ဘာသာရပ်တို့ဖြင့် ၂၀-၅-၂၀၁၉ မှ ၁၀-၄-၂၀၂၀ အထိ သင်တန်းသား သင်တန်းသူ ၁၇၀ တို့ဖြင့် တစ်နှစ်ကြာလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယခင်ဖွင့်လှစ်ခဲ့သည့် သင်တန်းအမှတ်စဉ် (၁) မှ (၈)အထိ သင်တန်းသား သင်တန်းသူ ၁၁၉၂ ဦးကို စက်မှု ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး လုပ်ငန်းခွင်တွင် အလုပ်အကိုင် ကိုယ်စီရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပေါင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ပေါင် မေ ၂၁**

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် သဲအိမ်ကျေးရွာအုပ်စု၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ ကတိုက် ကျေးရွာအုပ်စုနှင့် အင်းပြောင်ကျေးရွာအုပ်စုများရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာအုပ်စုများမှ စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ရန်ကျန်ရှိနေသည့် စီမံကိန်း လုပ်ငန်းခွဲများ မြေပြင်အခြေအနေများကို မြို့နယ်ဦးစီးမှူးဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းတွင် တွေ့ကြုံရသည့်အခက်အခဲပြဿနာများကို မေးမြန်းခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းခွဲများတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေးနှင့် လုပ်ငန်းများအချိန်မီ ပြီးစီးရေးတို့အပြင် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါင်ကျေးလက်**

# မိတ္ထီလာ၌ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်များက အခမဲ့ ခွဲစိတ်ကုသပေး

**မိတ္ထီလာ မေ ၂၁**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာမြို့နယ် အပါအဝင် မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မြင်းခြံ၊ တောင်သာ ၊ ကျောက်ပန်းတောင်းနှင့် နတ်မောက်မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုများကို မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် မျက်စိအထူးကုဆရာဝန်များက မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာအနီးရှိ ထီလာဦး မျက်စိအထူးကုဆေးရုံ၌ မေ ၂၀ ရက်နှင့် ၂၁ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းအနေနဲ့ ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ရပ်အဖြစ် အခုလို မျက်စိဝေဒနာရှင်တွေကို အခမဲ့ လာရောက်ခွဲစိတ်ကုသပေးတာပါ၊ လူနာတွေကို အခုလို လာရောက်မကုသပေးခင်မှာ မိတ္ထီလာ ပတ်ဝန်းကျင်ဒေသက မျက်စိဝေဒနာရှင် လူနာတွေကို ထီလာဦး အထူးကုဆေးရုံက ဒေါက်တာခင်ဇော်ထွန်းက စုစည်းပေးထားပါတယ်၊ ဆေးရုံမှာလည်း ခွဲစိတ်ခန်းနဲ့ ခွဲစိတ်ကုသတဲ့ ပစ္စည်းကိရိယာတွေ အစုံအလင်ရှိတယ်၊ ကျွန်မတို့ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းကလည်း လိုအပ်တဲ့ပစ္စည်းကိရိယာတွေ ယူလာပြီး မျက်စိအထူးကုဆရာဝန် ခြောက်ဦးအဖွဲ့နဲ့ အခမဲ့ ခွဲစိတ်ကုသပေးတာပါ၊ အခုက မျက်ခွံနဲ့ မျက်ရည်လမ်းကြောင်းဆိုင်ရာ မျက်စိဝေဒနာရှင်တွေကို ကုသပေးတာဖြစ်ပြီး လူနာတွေအနေနဲ့ အချိန်တိုအတွင်း စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ ကုသမှုခံယူရတာကြောင့် လူနာတွေအတွက် အကျိုးရှိပါတယ်"ဟု မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်ဥမ္မာခိုင်က ပြောကြားသည်။

အခမဲ့ ကုသမှုများ ဆောင်ရွက်ပေးရာသို့ လာရောက် ကုသမှုခံယူသူ လူနာအရေအတွက် ၃၈ ဦးရှိကြောင်းနှင့် ယခုလို မျက်စိဝေဒနာရှင် လူနာများ တစ်စုတစ်စည်းတည်း အခမဲ့ ခွဲစိတ်ကုသမှု ခံယူနိုင်ရန်အတွက် အချိန်နှစ်လခန့် ကြိုတင်စုစည်းပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း ထီလာဦး မျက်စိအထူးကုဆေးရုံမှ ဒေါက်တာခင်ဇော်ထွန်းထံမှ သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ကလေးခရိုင်အတွင်းရှိ ဂရန်အင်းများနှင့် တင်ဒါ(ငါးဖမ်းကွက်)များကို ဈေးပြိုင်အိတ်ဖွင့်လေလံ ရောင်းချမည်

**ကလေး မေ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၈- ၂၀၁၉ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ခရိုင်အတွင်းရှိ ဂရန်အင်းငါးနေရာနှင့် တင်ဒါ(ငါးဖမ်းကွက်)များကို ရပ်ကွက်/ကျေးရွာများမှ ရေလုပ်ငန်းလုပ်ကိုင်သူများထံသို့ မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်လေလံတင် ရောင်းချမည်ဟု သိရသည်။

လေလံပွဲကို စည်းကမ်းချက်များနှင့်အညီ ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ ရောင်းချမည့်ဂရန်အင်းများမှာ ကလေးမြို့နယ်မှ ကလေးအင်း၊ တိန်ညှင်းအင်း၊ ရာဇဂြိုဟ်အင်းနှင့် မင်းကင်းမြို့နယ်မှ ကံအင်းနှင့် ပင်တင်းအင်းတို့ဖြစ်ကြောင်း၊ အဆိုပါအင်းများအတွက် တင်ပြရမည့် စပေါ်ငွေမှာ အင်းတစ်နေရာလျှင် ၁၀၀ ရာခိုင်နှုန်းစီဖြစ်ကြောင်း၊ ရောင်းချမည့် တင်ဒါ(ငါးဖမ်းကွက်)များမှာ ကလေးဝမြို့နယ်တွင် ဝဲဒေါင့်၊ လောင်းကတိတ်၊ ဂဇက်၊ ကျွဲကူး၊ မှန်လုံ၊ ရွှေတောင်၊ တုံနန်း၊ ဇီးဒေါင့်၊ ခုံကြီး ငါးဖမ်းကွက် ကိုးကွက်နှင့် မင်းကင်းမြို့နယ်တွင် တရာ၊ အင်ကုန်းကြီး၊ ရှားတော၊ အူ၊ ခုံသာ၊ ကဗျက်(ဗရုံကာ)၊ ရှမ်းတော၊ ကံ၊ ကျွန်းတော်၊ ငါးသော်သေ/ယားချောင်း၊ ပင်တင်း၊ ပန်းဆက်၊ ဘိုင်၊ တုံနှင့် ဘင် ငါးဖမ်းကွက် ၁၅ ကွက်ဖြစ်ကြောင်း သိရသည်။

"ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းတွေကနေ ငါးအထွက်နှုန်းတိုးတက်စေဖို့၊ အင်းနယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ အင်းရာသီအတွင်း ငါးကုန်/ရေခန်းဖမ်းဆီးခြင်းမပြုလုပ်ဘဲ အင်းရေချန်/ငါးချန်စနစ် လုပ်ကိုင်စေဖို့ ရည်ရွယ်ပါတယ်၊ ဂရန်အင်းများဟာ နိုင်ငံတော်ပိုင် သယံဇာတတွေ ဖြစ်ပါတယ်။ အင်းလုပ်ငန်းဟာ သဘာဝကထွက်ရှိတဲ့ ငါးတွေကို ဖမ်းဆီးရတဲ့လုပ်ငန်းဖြစ်တာနဲ့အညီ ရေရှည် စဉ်ဆက်မပြတ် ငါးဖမ်းဆီးထုတ်လုပ်နိုင်ဖို့ အဲဒီဂရန်အင်းရဲ့ ငါးမျိုးစိတ်တွေ မျိုးမတုန်းစေရေး၊ ငါးမျိုးတွေ ပြုန်းတီးနိုင်တဲ့ တရားမဝင် ငါးဖမ်းကိရိယာတွေ အသုံးပြုခြင်းကို ကာကွယ်ကြီးကြပ်ရေး၊ ငါးရစ်ငါးသန်ရာသီချိန် တားမြစ်ကာလ မေ၊ ဇွန်၊ ဇူလိုင်လတွေမှာ ငါးဖမ်းဆီးမှုမရှိစေရေးတို့ကို အင်းလေလံဆွဲ ဝယ်ယူရရှိသူတွေက အလေးထားဖို့ အခုလို ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းက ပြောသည်။

အင်းများ လေလံတင်ရောင်းချရာတွင် မည်သည့်ဌာန အဖွဲ့အစည်းကိုမှ ဦးစားပေးအဆင့် မထားရှိဘဲ ပွင့်လင်းမြင်သာစွာ အများရှေ့မှောက်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ကြောင်း၊ လေလံဆွဲ ဝယ်ယူရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသော ငါးဖမ်းကွက်အတွင်း တားမြစ်ထားသော ငါးဖမ်းကိရိယာများ အသုံးပြုခြင်း၊ ငါးမျိုးသုဉ်းစေသော အဆိပ်ခတ်ခြင်း၊ မိုင်းခွဲခြင်း၊ လျှပ်စစ်ဒိုင်နမိုဖြင့် ဖမ်းခြင်း၊ ဘက်ထရီရှော့ခ်တိုက်ဖမ်းခြင်းနှင့် ငါးဖမ်းကွက်လုပ်ငန်းများနှင့် မသက်ဆိုင်သည့် ရွှေ/သတ္တု တူးဖော်ခြင်းများ၊ မြစ်သဲ/ကျောက် တူးဖော်ခြင်းလုပ်ငန်းများ ပြုလုပ်ပါက တင်ဒါလိုင်စင် ဖျက်သိမ်းခြင်းခံရမည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေအရ တရားစွဲဆိုခြင်းကိုလည်း ခံရမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# တပ်ကုန်းမြို့၌ ကားလမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပစေရန် စုပေါင်းအမှိုက်ကောက်

**တပ်ကုန်း မေ ၂၁**
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ တပ်ကုန်းမြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကားလမ်းဘေးဝဲယာ သန့်ရှင်း သာယာလှပစေရန် စုပေါင်းအမှိုက် ကောက်ခြင်းကို ယမန်နေ့က စတင်၍ ကောက်ယူသိမ်းဆည်းသည်။

အဆိုပါ အမှိုက်ကောက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင် သာယာရေး အုပ်ချုပ်ရေးမှူးဦးအောင်လင်းထက်နှင့်ဝန်ထမ်းများ၊ ရှားတော ကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများပါဝင်ပြီး တပ်ကုန်း-ပုဗ္ဗသီရိဆက်သွယ်ထားသည့် အမှတ်(၃)ကားလမ်း၊ ဆင်သေချောင်းကူးတံတားမှ စတင်၍ ကားလမ်းဘေး ဝဲ / ယာ၊ ယင်းကားလမ်းနှင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းလမ်းဆုံ (နီလာရိုးမဆီအရောင်းဆိုင်)အနီးအထိလည်းကောင်း၊ ယင်းမှတစ်ဆင့် တပ်ကုန်းတိုးဂိတ်အထိ လမ်းဘေး ဝဲယာ သန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်ပလတ်စတစ် ဘူးခွံ၊ ကြွပ်ကြွပ်အိတ်နှင့် အလေ့ကျပေါက်ရောက်နေသည့် အပင်ငယ်များကို အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် ကောက်ယူသန့်ရှင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



တပ်ကုန်းမြို့ ကားလမ်းဘေးဝဲယာ၌ စုပေါင်းအမှိုက်ကောက်နေစဉ်။

# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်နည်းသရုပ်ပြ

**လယ်ဝေး မေ ၂၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် မေ ၁၈ ရက်က မီးငြှိမ်းသတ်နည်း သရုပ်ပြခြင်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းမြတ်နောင်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ ငြှိမ်းသတ်နည်းတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ပန်းချီပြိုင်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း မေ ၂၁**
ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် အကြီးတန်းနှင့် အငယ်တန်း ပန်းချီပြိုင်ပွဲကို မေ ၂၀ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့သည်။

ပန်းချီပြိုင်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့် မြို့နယ်ပညာရေးမှူး(ပူးတွဲတာဝန်)ဒေါ်တင်တင်စန်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲတွင် အကြီးတန်းနှင့် အငယ်တန်း နှစ်မျိုးပေါင်း ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

# မိုင်းယုမြို့၌ရိုးရာဓလေ့ လှေလှော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းယု မေ ၂၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ လှေပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူးပြီး သုံးနှစ်တစ်ကြိမ်ကျင်းပသည့် ရိုးရာဓလေ့ လှေလှော်ပြိုင်ပွဲ၏ ယခုနှစ်အတွက် ပြိုင်ပွဲကို မေ ၂၀ ရက်က နမ့်လွေချောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်က အမှာစကားပြောကြားပြီး မိုင်းယုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းနှင့်ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး၊ အမှတ်(၁၀၀၈) နယ်ခြားတပ်မှူးနှင့် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က လှေလှော်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပြိုင်ပွဲတွင် မိုင်းယုဒေသအတွင်းမှ ဝန်ထမ်းပေါင်းစုံအဖွဲ့၊ အမှတ် (၁၀၀၈) နယ်ခြားတပ်ရင်း အဖွဲ့(၁)နှင့် အဖွဲ့(၂)၊ မြို့မရပ်ကွက်အဖွဲ့၊ ဒေါင်နေကျေးရွာအဖွဲ့၊ ဒွန်းနွဲ့ကျေးရွာအဖွဲ့၊ တာကြန့်ကျေးရွာအဖွဲ့နှင့် ဝမ်နားဟွေကျေးရွာအဖွဲ့ဟူ၍ အဖွဲ့ရှစ်ဖွဲ့ ပါဝင်ကြပြီး ယင်းအဖွဲ့များမှ နှစ်ဖွဲ့စီဖြင့် ပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ခဲ့ကြောင်း၊ လှေလှော်ပြိုင်ပွဲကျင်းပချိန်တွင် လာရောက်ကြည့်ရှု အားပေးသူများ၊ ဈေးသည်များဖြင့် အထူးစည်ကားခဲ့ကြောင်း၊ ပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို မေ ၂၂ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးယုမြို့ ရိုးရာလှေလှော်ပြိုင်ပွဲသည် မိုးယုဒေသကို သဘာဝဘေးအန္တရာယ် အမျိုးမျိုး ကျရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် မိုင်းယုမြို့၊ ဒွန်းနွဲ့ကျေးရွာ၊ ဝမ်ပေါက်ကျေးရွာနှင့် ကျိုင်းခမ်းကျေးရွာတို့မှ ရိုးရာနတ်များကို ပူဇော်ပသသည့်အနေဖြင့် ဒေသခံတိုင်းရင်းသားဘိုးဘွားများလက်ထက်မှစ၍ သုံးနှစ်တစ်ကြိမ် ကျင်းပခဲ့သော ပြိုင်ပွဲဖြစ်ကာ ပြိုင်ပွဲကို သုံးနှစ်တစ်ကြိမ် မကျင်းပပါက ဒေသတွင်း၌ လူမှုရေး စီးပွားရေး လုပ်ငန်းများ အဆင်မပြေဘဲ သဘာဝဘေးအန္တရာယ် အမျိုးမျိုးကျရောက်တတ်သည်ဟု ရှေးအစဉ်အလာ ယုံကြည်မှု အယူအဆများရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**



ပြိုင်ပွဲဝင် လှေအသင်းနှစ်သင်း ယှဉ်ပြိုင်နေစဉ်။

## သီလဝါ၌ ရင်းနှီးမြှုပ်နှံသူတို့၏လုပ်ငန်းများ အချိန်တိုအတွင်း အခြေကျလည်ပတ်နိုင်ရန် ဆောင်ရွက်ပေးနေ

**ရန်ကုန် မေ ၂၁**
သီလဝါ အထူးစီးပွားရေးဇုန်သို့ လာရောက် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရန်၊ ဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူတိုင်းသည် တာဝန်ကျေသော ရင်းနှီးမြှုပ်နှံသူများ ဖြစ်စေရန်၊ ဇုန်အတွင်းရှိ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ကို ထိခိုက်စေနိုင်မည့် မည်သည့်အရာကိုမျှ မပြုလုပ်အောင် ထိန်းသိမ်းရန်နှင့် ရင်းနှီးမြှုပ်နှံသူတို့၏ လုပ်ငန်းများ အချိန်တိုအတွင်း အခြေကျကာ လုပ်ငန်းလည်ပတ်နိုင်စေရန် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စီမံခန့်ခွဲမှု ကော်မတီသည် ဂျပန်-မြန်မာ ဖက်စပ်ကုမ္ပဏီ Myanmar Japan Thilawa Development Limited(MJTD)နှင့် ပူးပေါင်း၍လည်း ဇုန်အတွင်း လမ်းများ ဖွံ့ဖြိုးလာစေရေး၊ ရေသန့်ရှင်းရေး၊ ရေဆိုးသန့်စင်ခြင်းစနစ် စသည့် အခြေခံလိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ MJTD သည် မြန်မာနှင့် ဂျပန်နိုင်ငံတို့မှ ရှယ်ယာရှင်လေးဦး အကျိုးတူ ပူးပေါင်းတည်ထောင်ထားသော လုပ်ငန်းဖြစ်သည်။

ရှယ်ယာပိုင်ဆိုင်မှုပုံစံအရ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ(TSMC)နှင့် မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ(MTSH)တို့သည် ရှယ်ယာပမာဏ စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ကျန်သော ၄၉ ရာခိုင်နှုန်းကို ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် MMS သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတို့က ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

သန်လျင် သီလဝါ အထူးစီပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်က စတင် အကောင်အထည်ဖော်ခဲ့၍ ၂၀၁၅ ခုနှစ်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးနောက် ယနေ့အချိန်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အထူးစိတ်ဝင်စားသော စက်မှုဇုန်ကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ လက်ရှိ သီလဝါစက်မှုဇုန်(အေ)တွင် ဟက်တာ ၄၀၀ ကိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဇုန်(ဘီ)ကို ဆက်လက်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

သီလဝါ အထူးစီပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားသော သီလဝါ အထူးစီးပွားရေးဇုန်ကြီး၌ ရင်းနှီးမြှုပ်နှံသူတို့ အချိန်တိုအတွင်း အခြေကျ လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိသလို ဇုန်ပတ်ဝန်းကျင်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့မှုများကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

## ဟသ်ာတ၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆွေးနွေး

**ဟသ်ာတ မေ ၂၁**
မိုးဦးကျရာသီတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မြို့နယ်လုံးကျွတ် ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးပွဲနှင့် ရောဂါကာကွယ်ရေး လုပ်ငန်းစီမံချက်နှင့်အညီ ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မေ ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဆွေးနွေးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ကြက်ခြေနီအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြား လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ နေအိမ်များ၊ စားသောက်ဆိုင်များ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသော ခြင်နှင့် ပိုးလောက်လန်း နှိမ်နင်းရေးလုပ်ငန်းများအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ရေစည်၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများမှ ရှောင်ရှားနိုင်ရန် တောင်သူများအား အသိပညာပေး

**ဖားကန့် မေ ၂၁**
ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများမှ ရှောင်ရှားနိုင်ရန်အတွက် အသိပညာပေး ဟောပြောပွဲကို မေ ၁၈ ရက်က လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

ဖားကန့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံသို့ မိုးသီးနှံ ထောက်ပံ့ပေးအပ်မှုအဖြစ် မော်ဘီ-၂ မျိုးကောင်းမျိုးသန့်စပါး တင်း ၅၀ ပေးအပ်ပွဲသို့ လာရောက်ကြသည့်တောင်သူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးထိုက်လင်းစိုးက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် တောင်သူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများမှ ရှောင်ရှားနိုင်ရန်အတွက် ဟောပြောဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဟောပြောရာတွင် တောင်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြုံတွေ့ပါက ဆောင်ရန်/ရှောင်ရန်နှင့် သိရှိလိုက်နာသင့်သည့်အချက်များကို ရှင်းလင်းပြောကြားကာ ပညာပေးစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ **တာလင်းမောင်(ပြန်/ဆက်)**

## မြို့နယ်များ၌ လေပြင်းတိုက်ခတ်မှုများကြောင့် အဆောက်အအုံပျက်စီးမှုများ ဖြစ်ပွား

**မကြာမီ မိုးရာသီရောက်ရှိတော့မည်ဖြစ်ရာ လက်ရှိအချိန် မိုးဦးကျကာလတွင် ဒေသအချို့၌ မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်မှုများလည်း ဖြစ်ပွားလျက်ရှိသည်။ မြို့နယ်အချို့တွင် လေပြင်းတိုက်ခတ်မှု အင်အားပြင်းသဖြင့် လူနေအိမ်များအပါအဝင် အဆောက်အအုံအမျိုးမျိုး အမိုးများပျက်စီးခြင်း၊ ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

### ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ မေ ၂၀ ရက် ည ၇ နာရီခွဲခန့်က ယခုနှစ်အတွင်း လေးကြိမ်မြောက် လေပြင်းတိုက်ခတ်မှုဖြစ်ပွား၍ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၀ ၌ အိမ်အလုံးရေ ၆၂ လုံး ပြိုလဲပျက်စီး၍ ၅၇၃ လုံး အမိုးလန်ပျက်စီးကာ အခြားအဆောက်အအုံများအနေဖြင့် ဆေးပေးခန်း အဆောက်အအုံ တစ်လုံး၊ စာသင်ကျောင်း တစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့လည်း အမိုးလန်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

လေပြင်းဒဏ်ကြောင့် စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းငွေကျပ် ၅၆၆ သိန်းကျော်ရှိပြီး အိမ်ထောင်စု ၆၃၅ စုမှ ပြည်သူ ၂၁၉၉ ဦး လေဘေးဒုက္ခခံစားနေရကြောင်း၊ လေပြင်းကြောင့် အဆောက်အအုံများ ပျက်စီးသော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကြို့ပင်ကောက်မြို့နယ်တွင် မတ်လအတွင်းက တစ်ကြိမ်၊ ဧပြီလထဲတွင် တစ်ကြိမ်နှင့် မေလထဲတွင် နှစ်ကြိမ် လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ရာ စုစုပေါင်း လေပြင်းတိုက်ခတ်မှု လေးကြိမ်တွင် အိမ်အလုံးရေ ၁၀၀၀ ကျော် ပျက်စီးမှုများ ရှိခဲ့ကြောင်း၊ အဆိုပါ လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုကို ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ပြိုလဲသွားသော နေအိမ်များမှ ပြည်သူများအတွက် အိမ်အသုံးအဆောင် ပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ အမိုးလန်ပျက်စီးသည့် နေအိမ်များအတွက် ထောက်ပံ့ငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကလည်း ပြိုလဲနေအိမ်များအတွက် မိသားစုအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယခု မေ ၂၀ ရက် လေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများကိုလည်း အမြန်ဆုံးရရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**



### အုတ်ဖို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်း မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့၍ ကျေးရွာအုပ်စု ခြောက်စု ကျေးရွာ ခုနစ်ရွာမှ အိမ်ခြေ ၁၇ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်း အမိုးများပျက်စီးခဲ့ပြီး အိမ်ရှစ်လုံး ပြိုလဲပျက်စီးခဲ့သည်။ အဆိုပါ လေဘေးသင့်အိမ်ထောင်စုများမှ ပြည်သူများအတွက် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆွေမျိုးသားချင်းများက လေဘေးသင့်မိသားစုများ၏ နေထိုင်စားသောက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### မင်းတုန်း

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် မေ ၂၀ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကြပ်ဝကျေးရွာ၊ ငါးခူအိုးကျေးရွာ၊ ရွာပုလဲကျေးရွာ၊ ဇွန်သိုက်ကျေးရွာ၊ သော်မောင်ကျေးရွာ၊ တိုင်တားကျေးရွာ၊ တပ်ကျေးရွာ၊ စပါးတန်းကျေးရွာ၊ ကွင်းကြီး(တောင်)ကျေးရွာ၊ မိုးနတ်(တောင်)ကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ကင်းပုန်ကိုင်းကျေးရွာ၊ ထန်းလေးပင်ကျေးရွာ၊ လေသာကျေးရွာ၊ မဲဇလီကျေးရွာနှင့် သရက်အုပ်ကျေးရွာတို့၌ အိမ်အလုံး ၁၀၀ နီးပါး အမိုးများ ပျက်စီးခဲ့ပြီး အိမ်အချို့မှာ ယိုင်လဲ ပြိုကျ ပျက်စီးခဲ့ကာ ဘုန်းတော်ကြီးကျောင်း အဆောက်အအုံနှင့် စာသင်ကျောင်းအဆောက်အအုံများ အပါအဝင် စုစုပေါင်း နေအိမ် အဆောက်အအုံ ၁၁၆ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ **ချင်းကလေး (မင်းတုန်း)**



### ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မေ ၂၀ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၃၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် မိဖုရားချိုင့်ကျေးရွာ၌ အိမ်အလုံး ၂၀ အမိုးများ ပျက်စီးကာ သပြေပင်ကျေးရွာ၌ သစ်ပင်ပိ၍ အိမ်တစ်လုံးပြိုလဲပြီး အိမ်နှစ်လုံး အမိုးလန် ပျက်စီးခဲ့သည်။ ကဇွန်းမရွာသစ်ကျေးရွာ၊ ကော်တုံကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာနှင့် စိုင်နီကျေးရွာတို့တွင်လည်း အိမ်တစ်လုံး ပြိုကျပျက်စီး၍ ၁၁ လုံး အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

### နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း မေ၂၀ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၂ စု ကျေးရွာ ၂၃ ရွာရှိ လူနေအိမ်များ၊ စာသင်ကျောင်းဆောင်များ၊ ဘာသာရေးအဆောက်အအုံများနှင့် အခြားအဆောက်အအုံများ အမိုးလန် ပြိုလဲ ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။ လေပြင်းဒဏ်ကြောင့် ရေငံ၊ ပကျားထူး၊ တကြီး၊ ဝါပန်၊ ပိတ်ချင်းတော၊ မြင်းတဲကြီး(တောင်နှင့် မြောက်)၊ ကျောက်မိုး၊ သစ်လှကျင်း၊ ဝင်အူ၊ ထနောင်းလှ၊ စိုင်ကောင်း၊ ရွာသစ်၊ သာယာအေး၊ ထနောင်းကုန်း၊ လျှော်ချောင်းလေး၊ နဘူးကွဲ၊ ကံလှ၊ သရက်ချောင်း၊ ညီသုမျှောင်၊ စမ်းကန်နှင့် ရွာမွန်ကျေးရွာတို့မှ အိမ် ၁၆၈ လုံး၊ ဘုန်းတော်ကြီးကျောင်းဆောင် သုံးဆောင်နှင့် စာသင်ကျောင်းဆောင် ၁၀ ဆောင်တို့ အမိုးပျက်စီးကာ နွားတင်းကုပ် ၃၄ လုံးလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**

### မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မေ ၂၀ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံများနှင့် စာသင်ကျောင်းအချို့ အမိုးလန် ပျက်စီးမှုများရှိခဲ့ကာ နွားသုံးကောင် သေဆုံးခဲ့ကြောင်း မင်းဘူး(စကု)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အိုးပြင်မဲကျေးရွာ၌ အိမ်တစ်လုံး ပြိုလဲပြီး အိမ်ငါးလုံးနှင့် စာသင်ကျောင်းတစ်ကျောင်း အမိုးလန် ပျက်စီးခဲ့သလို လက်ပံပင်တစ်ပင်လဲကျ၍ နွားသုံးကောင် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် လက်ပတောကျေးရွာ၊ ပန်းတောင်းကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ ကိုင်းတောကြီးကျေးရွာ၊ မကျီးသုံးပင်ကျေးရွာနှင့် တင်ပြင်ခွေကျေးရွာတို့၌လည်း လူနေအိမ်ငါးလုံး ပြိုလဲပျက်စီးခဲ့ပြီး အိမ် ၈၉ လုံး အမိုးလန် ပျက်စီးခဲ့ကြောင်း၊ ဘာသာရေးအဆောက်အအုံ ခုနစ်လုံးနှင့် စာသင်ကျောင်းဆောင် သုံးဆောင်လည်း အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများနှင့် စာသင်ကျောင်းအချို့ကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့ ပါဝင်သောအဖွဲ့က မေ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးကာ သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းပေးခြင်း၊ ပြိုလဲပျက်စီးခဲ့သော နေအိမ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးနေကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စိုးဝင်း (မင်းဘူး)**



### မကွေး

မကွေးမြို့နယ်အတွင်းရှိ ငါးဆောင်ကျေးရွာအုပ်စု ငါးဆောင်ရွာနှင့် အလယ်ဘိုကျေးရွာအုပ်စု ဖလံတောရွာတို့တွင် မေ ၂၀ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သည့် လေပြင်းကြောင့် အိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။ ငါးဆောင်ကျေးရွာ၌ အိမ်နှစ်လုံး အမိုးလန်ပျက်စီးပြီး ဖလံတောကျေးရွာ၌ အိမ်တစ်လုံး ပြိုလဲပျက်စီးကာ အိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ ပျက်စီးသည့်နေအိမ်များကို ပြုပြင်နိုင်ရေးနှင့် ထောက်ပံ့မှုများရရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
## အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူမည့်ရက်ကို တိုးမြှင့်သတ်မှတ်ခြင်း

၁။ ၂၀၁၉-၂၀၂၀ပညာသင်နှစ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း (၃၅) ကျောင်း၌ ပထမနှစ်သင်တန်းတက်ရောက်လိုသူများအတွက် ဝင်ခွင့်လျှောက်လွှာ ခေါ်ယူခဲ့ပြီး အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း)အောင်မြင်သူများအား မိမိတက်ရောက်လိုသည့်ကျောင်းများတွင် ၂-၅-၂၀၁၉ ရက်မှ ၁၆-၅-၂၀၁၉ ရက်အထိ လျှောက်လွှာတင်သွင်းရန် ကြေညာခဲ့ပါသည်။

၂။ အဆိုပါကျောင်းများအနက် အစိုးရနည်းပညာအထက်တန်းကျောင်း (ဇန်းမော်၊ ပူတာအို၊ လွိုင်ကော်၊ တီးတိန်၊ မင်းတပ်၊ ကလေး၊ ခန္တီး၊ ပခုက္ကူ၊ မြင်းခြံ၊ စစ်တွေ၊ ဟသ်ာတ၊ ပုသိမ်၊ လားရှိုး၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ ပင်းပက်၊ ကော့သောင်း) စုစုပေါင်း(၁၈)ကျောင်းတွင် ဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းကို ၁၂-၆-၂၀၁၉ ရက်အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် Training Course on Food Processing စီမံကိန်းအတွက် လိုအပ်သောစက်ကိရိယာ၊ အထောက်အကူပစ္စည်း (၁၉)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၅-၂၀၁၉ ရက်မှ ၁၂-၆-၂၀၁၉ ရက်ထိ ရုံးချိန်အတွင်း

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးအမှတ်(၁၆)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၂-၆-၂၀၁၉ ရက် ၁၃း၀၀ နာရီထိ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (စီမံခန့်ခွဲရေးဌာနခွဲ) ရုံးအမှတ်(၁၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၀၅၀၊ ၀၆၇-၄၁၀၃၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် (DDP At Site) အရောက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) Tender No.62/EPGE/2018-2019
- ရဲနွယ်စက်ရုံ၏ Cooling Water System တွင်တပ်ဆင်ရန် Valve များ ဝယ်ယူခြင်း။ (4Items)
- ခပေါင်းစက်ရုံ၏ Cooling Water System တွင် တပ်ဆင်ရန် Valve များ ဝယ်ယူခြင်း။ (3 Items)

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၄-၆-၂၀၁၉ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

---

## ဆိုင်ကယ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၅၅၁၃ Toyota -125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတိုး ၉/တသန(နိုင်)၁၃၄၃၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

---

# ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၇)၊ နယ်မြေ (၁၈)၊ သံလွင်တိုးချဲ့ဦးပိုင်အမှတ် (၆၃၀)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၉ဧက မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၄၃-၅/၁၉၉၂-၉၃(စီ)မြေကွက်ကို ဒေါ်ရင်ရင်အမည်ပေါက်ပိုင်ဆိုင်ပြီး ၁-၄-၂၀၁၆ ရက်တွင် ဒေါ်ရင်ရင်မှ နမ္မတူမြို့နယ် စာချုပ်စာတမ်းအမှတ် (၆/၂၀၁၆)ဖြင့် ဒေါ်လီလီ(ခ)ရန်လီရင် ၁၃/လရန (နိုင်)၀၇၄၇၂၂ သို့ SP လွှဲအပ်ခဲ့ပါသည်။ ၂-၁-၂၀၁၈ရက်တွင် ဒေါ်လီလီ(ခ)ရန်လီရင်မှ ဒေါ်ယဉ်ယဉ်ဌေး ၁၃/လရန (နိုင်)၁၃၂၅၇၄အား လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် (၈၉I၂၀၁၈)ဖြင့် အပြီးအပိုင်ရောင်းချခဲ့ပြီး ဒေါ်ယဉ်ယဉ်ဌေးမှ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

# ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၈)၊ သံလွင်တိုးချဲ့ဦးပိုင်အမှတ် (၆၃၁)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၉ဧက မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၄၃-၅/၁၉၉၂-၉၃(စီ)မြေကွက်ကို ဒေါ်ရင်ရင် အမည်ပေါက်ပိုင်ဆိုင်ပြီး ၁-၄-၂၀၁၆ရက်တွင် ဒေါ်ရင်ရင်မှ နမ္မတူမြို့နယ် စာချုပ်စာတမ်းအမှတ် (၆/၂၀၁၆) ဖြင့် ဒေါ်လီလီ(ခ)ရန်လီရင် ၁၃/လရန(နိုင်)၀၇၄၇၂၂သို့ SP လွှဲအပ်ခဲ့ပါသည်။ ၂-၁-၂၀၁၈ရက်တွင် ဒေါ်လီလီ(ခ)ရန်လီရင်မှ ဒေါ်ယဉ်ယဉ်ဌေး ၁၃/လရန (နိုင်)၁၃၂၅၇၄ အား လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် (၈၈I၂၀၁၈)ဖြင့် အပြီးအပိုင်ရောင်းချခဲ့ပြီး ဒေါ်ယဉ်ယဉ်ဌေးမှ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

## ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းဆည်းခြင်းအား ပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပဲခူးမြို့ပေါ် (၃၁) ရပ်ကွက်တွင် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား ပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး ပုဂ္ဂလိကအမှိုက်သိမ်းဆည်းခြင်းလုပ်ငန်း တင်ဒါခေါ်ယူခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားကုမ္ပဏီများအား တင်ဒါအဆိုပြုလွှာများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ရောင်းချမည့်နေရာ** - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

(ခ) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ရောင်းချမည့်ရက်၊အချိန်** - ၃၀-၅-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ

(ဂ) **တင်ဒါအဆိုပြုလွှာပုံစံ အပြည့်အစုံတင်သွင်းရမည့်ရက်** - ၃၀-၆-၂၀၁၉ရက် ညနေ ၁၆း၀၀နာရီထက် နောက်မကျစေဘဲ တင်သွင်းရန်

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့်အချက်များအား ၃၀-၅-၂၀၁၉ ရက်မှ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၂၂၅၄၇**

---

## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍သတိပေးတားမြစ်ချက်

အောက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများသည် ဒေါ်ခင်ခင်သိန်း ၁၀/ကထန (နိုင်)၀၇၂၉၂၈၏ တစ်ဦးတည်းမူပိုင်တံဆိပ်အမှတ်အသားအဖြစ် မြဝတီမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅/၂၀၁၆)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်များဖြင့် သောက်ရေသန့်ဘူး ၂၀လီတာရေဘူးကြီး၊ ၀.၆လီတာရေဘူးနှင့် ၀.၂၂လီတာ ရေခွက်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။




အထက်ပါကုန်အမှတ်တံဆိပ်များကို အတုပြုလုပ်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုခုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူပြီးတုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှားတုပ၍ သံတူကြောင်းကွဲစာလုံးများ သုံးစွဲ၍ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဆိုင်းဘုတ်အသုံးပြုခြင်း၊ Online Shopping တွင်အသုံးပြုခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဒေါ်ခင်ခင်သိန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမှုအတွက် ဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်သိန်း**
**၁၀/ကထန(နိုင်)၀၇၂၉၂၈**
**အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ဒက္ခိဏခရိုင်တရားရုံးတော်၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄နှင့် ဆက်နွယ်သည့် ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၂

ဒေါ်ဇာနည်ချို နှင့် ၁။ ဦးသူရိန်ထွဋ်
၂။ ဒေါ်အေးအေးငြိမ်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ (ခရေအိမ်ရာ)၊ တိုက် (၄၃)၊ အခန်းအမှတ် ၃၁ နေ (၂)တရားရှုံး ဒေါ်အေးအေးငြိမ်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၂၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ဇာနည်ချိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဇွန် ၅ ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤတရားရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် မေ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းလတ်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒက္ခိဏခရိုင်တရားရုံး**

---

# သက်ဆိုင်သူနှင့်အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့(ဉသာ)မြို့သစ်၊ မြေကွက်ကြီးအမှတ် (၇)၊ မြေတိုင်းရပ်ကွက်(၄) ဦးပိုင်အမှတ် -၈၄၀+၈၄၂၊ မြေကွက်အကျယ်အဝန်း ဧရိယာ ၀ဒသမ၁၁၀ဧက၊ အိမ်ရာမြေအမျိုးအစားမြေသည် ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း) ၁၂/အစန(နိုင်)၀၉၉၆၁၁ အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ ယခုအခါ အမည်ပေါက်ပိုင်ရှင်ရှိ မြေကွက်ပေါ်တွင် ပိုင်ရှင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ခြံစည်းရိုးခတ်လူမနေ တဲတစ်လုံးကျူးကျော်လာဆောက်ထားသည်ကို တွေ့ရှိရသဖြင့် ကျူးကျော်ခြံစည်းရိုးခတ်လူမနေဘဲ ဆောက်ထားသူအား ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ခြံစည်းရိုးဖျက်ကာ မြေအတွင်းမှ ဖယ်ရှားထွက်ခွာပေးရန်နှင့် သတ်မှတ်ရက်အတွင်း ဖယ်ရှားခြင်းမပြုပါက ကျူးကျော်သူများနှင့် အားပေးကူညီသူတို့အား တည်ဆဲဥပဒေအရ တရားစွဲအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီရိတင် B.A(Law) LL.B** | **ဒေါ်အေးအေးနိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၁၁၅/၂၉-၉-၁၉၈၁)** | **(စဉ်-၄၀၆၅/၈၇)** |
| **တိုက် ၉၇၊ အခန်း ၁၀၁၊** | **အမှတ် ၆၈/ဒုထပ်၊ (၉)ရပ်ကွက်၊** |
| **အောင်သုခလမ်း၊** | **ကျောက်တံတားမြို့နယ်၊** |
| **(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊** | **အနော်ရထာလမ်း၊ရန်ကုန်မြို့** |
| **ရန်ကုန်၊** | **ဖုန်း-၀၁-၃၈၆၅၅၉၊** |
| **ဖုန်း-၀၉-၅၀၇၄၆၇၃** | **၀၉-၅၄၀၁၂၉၂** |

---

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ မနော်ဟရီ၄၉/၅၀၊ ထွန်တုံးရပ်နေ ဦးမျိုးမြင့်-ဒေါ်စန်းစန်းမဲ့တို့၏သား
**မောင်ဇင်မင်းသန့် (B.Ecom)**
**(ကိုလှတောနှင့်ညီများ ဂျပန်ကားလေးဝပ်ရှော့မန္တလေး)**
**နှင့်**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းကြီးအုပ်စု၊ ပန်းတင်ကျေးရွာနေ ဦးသန်းလွင်-ဒေါ်အေးအေးမူတို့၏သမီး
**မဂျူးဂျူး(ခ)မေသန္တာထွန်းကြွယ် B.Sc (Bot)**
**(Ju Winko အမျိုးသမီးစင်တီမီတာအပ်ချုပ်ဆိုင်)**
တို့၏၁၈-၅-၂၀၁၉ရက်(စနေနေ့)တွင် မန္တလေးမြို့ Serene Restaurant ၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ဇင်မင်းသန့်-မမေသန္တာထွန်းကြွယ်**

---

# ရောင်းရန်

ကွန်ဒို(၄)ထပ်၊ ၁လွှာ ၂၂၀၀စတုရန်းပေ ၁လွှာချင်း (သို့) လေးထပ်စလုံးရောင်းမည်။ သံလွင်လမ်းသွယ်၊ကမာရွတ်။

**ဆက်သွယ်ရန်-ဖုန်း-၀၁-၅၃၇၁၃၉၊ ၀၉-၉၇၁၉၆၆၀၀၁**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဘားအံခရိုင်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဒေါ်အေးအေးသန်း နှင့် ၁။ ဦးကျော်ဖေ(ခ)ဦးရွှေဝင်း
၂။ ဒေါ်နန်းလှသင်
၃။ မနန်းချမ်းငြိမ်း
၄။ မနန်းကျော်ဟိ

**တရားလို** **တရားပြိုင်များ**

ဘားအံမြို့၊ အမှတ်(ဂ) ရပ်ကွက်၊ ရွှေကင်း (၅)လမ်းနေ တရားပြိုင် (၃) မနန်းချမ်းငြိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက မောင်နှမ(၃)ယောက် စုပေါင်းထည့်ဝင်ငွေဖြင့် စုပေါင်းလုပ်ဆောင်ခဲ့သော လုပ်ငန်းအကျိုးအမြတ်ဝင်ငွေများအား ထည့်ဝင်ငွေအချိုးအတိုင်း ခွဲဝေပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၆ ရက်၊ (၁၃၈၁ ခုနှစ် နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်လာရောက်ရန်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ်၊ မေ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိအောင်)**
**ခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ် (ဥ-၇၆၈၁)၊ ဦးကျော်တင့် ၉/တကန(နိုင်)၁၁၄၁၃၄ (ဘ) ဦးကျော်သန်းအမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်သန္တာဦး ၁၄/ဝခမ(နိုင်)၁၈၆၃၁၂(ဘ)ဦးပီပီး မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# အများသိစေရန် ကြေညာချက်

အမှတ်(၇/၅၁)၊ စွယ်တော်ရိပ်သာလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီးတွင်နေထိုင်သော ကျွန်တော် ဦးကျော်ကျော်နိုင် ၇/တငန(နိုင်)၀၅၁၄၇၈ ၏ သားဖြစ်သူ မောင်မင်းခန့် ၇/တငန(နိုင်)၁၉၅၈၇၇ သည် မိဘဆွေမျိုးများ၏ မကြိုက်နှစ်သက်သော ကိစ္စရပ်များကိုပြုလုပ်ပြီး နေအိမ်မှဆင်းသွားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်သူ-** |
| **ဦးရဲဝင်းလှိုင်(တရားလွှတ်တော်ရှေ့နေ)** | **ဦးကျော်ကျော်နိုင်(ဖခင်)** |
| **(စဉ်-၈၄၀၉/၂-၁၀-၂၀၁၂)** | **၇/တငန(နိုင်)၀၅၁၄၇၈** |
| **ဖုန်း-၀၉-၂၅၃၀၇၉၈၃၅** | |

---

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၄၄၉)၊ (၆)လွှာဟုခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မာမာအေး ၉/ဝတန(နိုင်)၁၀၆၈၆၅ ကိုင်ဆောင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်း၍ ကျွန်ုပ်မှဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက မည်သူမဆို စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဇော် ၁၂/ဥကတ(နိုင်)၀၂၀၂၂၇**
**အမှတ်(၄၆၅)၊(၂၂)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**

---

## အမည်မှန်

ကျောက်တော်မြို့၊ ခေါင်းတုတ်ကျေးရွာနေ(ဘ)ဦးဟန်သိန်း၏ သမီး မဝေဝေဌေး ၁၁/ကတန(နိုင်) ၁၃၃၆၃၇ ၏ အမည်မှန်မှာ မဝေဝေဖြိုး ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ ဘီအိုင်လယ်၊ အမကမှ အလယ်တန်းပြ (မူသင်) ဒေါ်စမ်းစမ်းနှင့် မစိုးတင့် ၁၄/အဂပ (နိုင်)၀၁၅၂၂၁ တို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်း(ခ)ဒေါ်စိုးတင့်**

---

## မွေးသက္ကရာဇ်အမှန်

အင်္ဂပူမြို့နယ်၊ အထက (ခွဲ) လိပ်ပေါင်ဆွဲ၊ သတ္တမတန်းမှ (ဘ) ဦးသန်းဇော်ဦး၏သား မောင်အောင်မျိုးပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၄-၂၀၀၇ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး**

---

## ပျောက်ဆုံးကြောင်း

MQILV 17-18(15011)19-1-2018 ရက်စွဲဖြင့် Shwe Yati San Co.,Ltd အမည်ပါ သွင်းကုန်လိုင်စင်မူရင်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၄၂၀၇၆၅၆၂၉**

---

**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ် ဥ.၇၆၂၁ ဦးဖိုးကြွား PMA-၂၁၂၉၈၁ (ဘ)ဦးပြား အမည်ပေါက်ပါမစ်မြေကွက်ကို ဦးဝင်းစိုး ၉/ပမန(နိုင်)၁၉၈၇၉၀(ဘ)ဦးထွန်းလှမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ် ဥ.၇၆၃၁ ဦးကိုမျိုး ၉/ပမန(နိုင်)၂၁၁၂၀၂ (ဘ) ဦးမောင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဝင်းစိုး ၉/ပမန(နိုင်)၁၉၈၇၉၀(ဘ) ဦးထွန်းလှမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထား လာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# တိပိဋကဓရ၊ တိပိဋကကောဝိဒ စာမေးပွဲအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၉၅ ပါးတို့အား အောင်လက်မှတ်ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

**ရန်ကုန် မေ ၂၁**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော (၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် ၉၅ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပုစ္ဆာထုတ်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာတော်များ၊ (၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၊ ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဒည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

**သာရဏီယ ဩဝါဒကထာကို စာမျက်နှာ (၅) တွင် သီးခြားဖော်ပြထားပါသည်။**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြရာတွင် မြန်မာနိုင်ငံတွင် ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသော ပိဋကတ်ကျမ်းဂန်စာပေများကို ဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း တည်တံ့ပြန့်ပွားနေအောင် ဆရာတပည့် စဉ်ဆက်မပြတ်ရဟန်းသံဃာတော် အရှင်သူမြတ်များက အဆင့်ဆင့်သင်ယူပို့ချ ဆောင်ရွက်တော်မူခဲ့ကြပါကြောင်း၊ မျက်မှောက်ခေတ် မြန်မာနိုင်ငံအရပ်ရပ်ရှိ စာသင်တိုက်ကြီးများသည်လည်း ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အားသွန်မပျက် ကြိုးပမ်းထမ်းရွက်တော်မူလျက်ရှိကြသဖြင့် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများအလယ်တွင် ဦးဆောင်နေရာကို ခန့်ထည်စွာ ရယူနိုင်လျက်ရှိပါကြောင်း။

**မီးရှူးတန်ဆောင်သဖွယ်**

မြန်မာနိုင်ငံတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး အထင်အရှားရှိနေသဖြင့် ပရိယတ္တိသာသနာတော်မြတ်ကြီး တည်တံ့ထွန်းလင်းရေး၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်နေပြီး တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တို့က ရှေ့တန်းက မားမားမတ်မတ်ရှေ့ဆောင်လျက် တည်ရှိနေပါကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အပါအဝင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးနှင့်တကွ ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန် စာမေးပွဲနှင့် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲများ တည်ရှိနေသမျှကာလပတ်လုံး ပရိယတ္တိသာသနာတော်ထွန်းလင်းနေမည်ဖြစ်သဖြင့် ပရိယတ္တိသာသနာတော်ထွန်းလင်းနေသမျှ ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဓသာသနာတော်များသည်လည်း ဘယ်သောအခါမှ ဆိတ်သုဉ်းမည်မဟုတ်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပိဋကတ်နှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့ရတော်မူသည့် အရှင်ဇောတိကာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## မြန်မာ့လက်ရွေးစင်အသင်း စင်ကာပူနှင့် ခြေစမ်းပွဲအတွက် ဇွန် ၃ ရက် စတင်လေ့ကျင့်မည်



မြန်မာနှင့် စင်ကာပူအသင်းတို့ ၂၀၁၆ ခုနှစ်က စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွှန့်

**ရန်ကုန် မေ ၂၁**
မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လ ဒုတိယပတ်တွင် ယှဉ်ပြိုင်ကစားမည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ဇွန် ၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။


မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် တစ်ပတ်ဝန်းကျင် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ကလပ်အသင်းများမှာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကစားနေရသောကြောင့် ဆီမီးဖိုင်နယ်ပွဲစဉ်ပြီးဆုံးသည့်နောက်ရက်မှသာ လေ့ကျင့်မှုစတင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး နည်းပြချုပ်သစ် ရာဒူလိုဗစ်အနေဖြင့် ပထမဆုံးကိုင်တွယ်ရမည့်ပွဲဖြစ်သောကြောင့် ရလဒ်ကောင်းရရန် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ရာဒူလိုဗစ်ကို ဧပြီလစတုတ္ထပတ်က ခန့်အပ်ခဲ့ပြီး ၎င်းနှင့်အတူ လက်ထောက်နည်းပြ ဗလာဒီမာကိုပါ တာဝန်ပေးအပ်ခဲ့သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❒

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၁**
နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ တတိယ(၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့်နေ့အပူချိန်များ

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ကြေးမုံမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |






# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အစဉ်ထာဝရလိုက်နာနိုင်ကြပါစေ

**တင်ဝင်းလေး၊ ဓာတ်ပုံ - ဘော်ဂါသွေး**

ယခုအခါ ရန်ကုန်မြေ၌ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းလိုက်နာမှုမှာ တစ်စတစ်စ အားနည်းလာသည်ကို လေ့လာတွေ့ရှိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တစ်နှစ်ထက်တစ်နှစ် ယာဉ်တိုက်မှုကြောင့် သေဆုံးသူများ ပိုမိုများပြားလာသည်ဟု ဆိုရမည်ဖြစ်သည်။ တိပစ္စာဆိုရသော် ယာဉ်တိုက်မှုကြောင့် နေ့စဉ် ၁ ဒသမ ၆ ဦးခန့် အသက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်ဟု ကမ္ဘာလုံးဆိုင်ရာ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု လက်ကမ်းစာစောင်ငယ်မှ တွေ့မြင်လိုက်ရသည်။

(၅)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့က ရန်ကုန်မြို့လူစည်ကားရာနေရာများ၌ မေ ၆ ရက်မှ ၁၂ ရက်အထိ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်း ရေးအဖွဲ့အတွင်းရေးမှူး (၂) ဦးအောင်နိုင်နှင့် တွေ့ဆုံခဲ့ရာတွင် "ကျွန်တော်တို့အဖွဲ့အနေနဲ့က ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးမှုတွေ ဆောင်ရွက်ခဲ့တာပါ။ ခရီးသွားပြည်သူတွေ၊ မော်တော်ယာဉ်မောင်းသူတွေ၊ ဆိုင်ကယ်စီးသူတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ရင်ထဲက အသိရှိရှိနဲ့ အမြဲလိုက်နာနိုင်တတ်ကြစေဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ဆိုသည်။

**စည်းကမ်းလိုက်နာသူများ ဂုဏ်ပြု**

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်း ရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လူကူးမျဉ်းကျားမှ လမ်းကူးသူ၊ တံတားပေါ်မှလမ်းကူးသူ၊ ကားပါကင်၌ စည်းကမ်းနှင့်အညီရပ်သူ၊ Yellow Box အား ချန်လှပ်၍ စနစ်တကျရပ်တန့်သူ၊ လူကူးမျဉ်းကျားမှ လမ်းကူးသူအား ယာဉ်ကိုရပ်တန့်၍ စောင့်ဆိုင်းပေးသူ၊ မီးပွိုင့်များရှိ လူကူးမျဉ်း - ရပ်မျဉ်းများတွင် စည်းကမ်းနှင့်အညီ ရပ်တန့်သောယာဉ်များကို ကျေးဇူးတင်စကားပြောကြား၍ လက်ကမ်းစာစောင်နှင့် ငွေဖြည့်ကတ်များ လက်ဆောင်ပေးခြင်း၊ မှတ်တိုင်မှ ယာဉ်လိုင်းပေါ်သို့တက်စဉ် တိုးဝှေ့တက်ခြင်းမပြုဘဲ တန်းစီ၍ တက်သူ၊ ဆင်းသူများကို လက်ကမ်းစာစောင်နှင့် ငွေဖြည့်ကတ်၊ လက်ကိုင်ပဝါ၊ ဘောလ်ပင် စသည်များ လက်ဆောင်ပေးခြင်းဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသူများအပေါ် ဂုဏ်ပြုခဲ့သည်။

**အချပ်ပို (ဃ) သို့**

# ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးအတွက် ဆုံချက်တစ်ခုကို ပြင်ဆင်ခြင်း

**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - အာကာစိုး**

**လူဦးရေသန်းနှင့် ချီနေထိုင်လျက်ရှိတဲ့ ရန်ကုန်မြို့တော်ကြီးမှ တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရေးအတွက် လက်ရှိမှာ မော်တော်ယာဉ်များကိုသာ အားကိုးအားထားပြုနေရပါတယ်။ အသစ်ထပ်မံဖြည့်တင်းခဲ့တဲ့ မော်တော်ယာဉ်သစ်များကြောင့် ရန်ကုန်မြို့တော်သူ မြို့တော်သားများရဲ့သွားလာရေးဟာ အထိုက်အလျောက် အဆင်ပြေချောမွေ့ခဲ့ပြီလို့ ပြောလို့ရပါတယ်။ သို့သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများနဲ့ မော်တော်ယာဉ်ပေါ်မှာ အချိန်ကြာမြင့်စွာ စီးနင်းလိုက်ပါရခြင်းဟာ မြို့တော်သူမြို့တော်သားများအတွက် အချိန်ကို အလဟဿဖြုန်းတီးပစ်နေရသလို ဖြစ်နေပါတယ်။ လူတစ်ယောက်ရဲ့ ပြည့်ဝတဲ့ ကိုယ်စွမ်းအား၊ စိတ်စွမ်းအားများကို အချိန်နှင့် တစ်ပြေးညီအသုံးမချနိုင်ဘဲ လမ်းမကြီးများပေါ်မှာ တန်ဖိုးရှိတဲ့စွမ်းအင်များ ကုန်ဆုံးနေရပါတယ်။ ဒါတွေကို အချိန်မီကုစားနိုင်မှသာ မဆုံးရှုံးသင့်တဲ့ ကာယ၊ ဉာဏစွမ်းအားများကို တားဆီးနိုင်မှာ ဖြစ်ပါတယ်။**

လက်ရှိအခြေအနေမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများဟာ ရန်ကုန်မြို့တော်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍကို အခန်းသစ်ဖွင့်လှစ်ဖို့ ကြိုးစားနေတာ တွေ့ရပါတယ်။ မော်တော်ယာဉ်အသုံးပြုရာ ကားလမ်းတစ်ခုတည်းသာမကဘဲ ရန်ကုန်မြို့ပတ်ရထားလမ်းနဲ့ ရေကြောင်းကဏ္ဍကိုပါ တိုးချဲ့နိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးမှုနဲ့အညီ ရင်ပေါင်တန်းမလိုက်နိုင်ခဲ့တဲ့ ရန်ကုန်မြို့မှာ ရန်ကုန်မြို့ပတ်ရထားလမ်းဟာ အသွားအပြန်နှစ်လမ်းသာရှိနေခဲ့ပါတယ်။ မြို့တွင်းကုန်ပစ္စည်းများ တစ်နေရာမှာတစ်နေရာကို သယ်ယူပို့ဆောင်ရာမှာဖြစ်စေ၊ ဘူတာရုံများနှင့်အနီးတစ်ဝိုက်မှာ နေထိုင်သူများ သွားလာရာမှာဖြစ်စေ ရန်ကုန်မြို့ပတ်ရထားများကို အများဆုံးအသုံးပြုပါတယ်။ ခေတ်စနစ်တစ်ခု နောက်ကျကျန်နေမှုနဲ့အတူ ရန်ကုန်မြို့ပတ်ရထားများရဲ့ စွမ်းဆောင်ရည်ဟာလည်း နိုင်ငံတကာအဆင့်မီ မနေခဲ့ပါဘူး။ လူရာပေါင်းများစွာကို တစ်နေရာနဲ့တစ်နေရာ အချိန်တိုအတွင်းမှာ သယ်ယူပို့ဆောင်ပေးနိုင်သော အမြန်ရထားများ၏ အရေးပါမှုကို သိရှိလာပြီးတဲ့အခါမှာတော့ သက်ဆိုင်ရာအဖွဲ့အစည်းများဟာ ရထားလမ်းအဆင့်မြှင့်တင်မှုများကို စတင်ပြုလုပ်ပါတော့တယ်။

**မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်မှု**

မြို့တော်ရန်ကုန်ရဲ့အရှိန်ရစပြုနေတဲ့ မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်မှုဟာ အခုဆိုရင် ရထားလမ်းအချက်ပြစနစ်များ၊ မီးပွိုင့်များ အဆင့်မြှင့်တင်ဖို့ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီလို စတင်ဆောင်ရွက်ဖို့အတွက် လုပ်ငန်းစတင်ခြင်းဆိုင်ရာ အခမ်းအနားတစ်ခုကို မေ ၁၈ ရက်က ရန်ကုန်ဘူတာကြီးရပ်ဝန်းမှာ ပြုလုပ်ခဲ့ပါတယ်။ တာဝန်ရှိသူအသီးသီးရဲ့အမှာစကားများ၊ ကျေးဇူးတင်စကားများနဲ့အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ရန်ကုန်မြို့နဲ့ပတ်သက်ပြီး အောက်ပါအတိုင်း ပြောကြားခဲ့ပါတယ်။

**အားလုံးချိတ်ဆက်နိုင်ဖို့ကြိုးပမ်း**

“ကျွန်တော်တို့ ရန်ကုန်မြို့ကို အဓိကပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတဲ့အထဲမှာ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျတဲ့ နံပါတ် ၁ ကိစ္စဖြစ်ပါတယ်။ ရန်ကုန်မြို့နဲ့ ကျေးလက်ဒေသတွေအားလုံးကို ချိတ်ဆက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်မှုတွေထဲမှာ ကားလမ်းကို ပြုပြင်ခဲ့တယ်။ အခု ရထားလမ်းတွေထဲမှာ ရန်ကုန်မြို့ပတ်ရထားလမ်းကြီးကို အဆင့်မြှင့်တင်မှု စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီအခြေအနေနဲ့ ပတ်သက်ပြီး လစဉ်တိုးတက်တဲ့အခြေအနေတွေအားလုံးကို မြန်မာ့မီးရထားကနေ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်ရိုက်သတင်းပို့ပြီး တိုးတက်မှုဖြစ်စဉ်တွေကို လတိုင်းလတိုင်းမှာ ပြီးမြောက်တဲ့ အခြေအနေတွေကို တင်ပြပြီး အချိန်နဲ့တစ်ပြေးညီ ပြီးမြောက်ဖို့အတွက်လည်း မြန်မာ့မီးရထားဘက်က ကြပ်မတ်ဆောင်ရွက်နေမှုအပေါ်မှာလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။

**ဘူတာရုံတွေအားလုံးကို အဆင့်မြှင့်**

“ကျေးလက်နဲ့မြို့ပြကို ချိတ်ဆက်တဲ့နေရာမှာ ကားလမ်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပါတယ်။ ဒီအထဲမှာ နောက်ထပ်တစ်ခုကတော့ မြို့ပတ်ရထားလမ်းနဲ့ မြို့နယ်တွေအားလုံးကို ချိတ်ဆက်ဖို့ပဲဖြစ်ပါတယ်။ ယခင်ကရှိနေတဲ့ မြို့ပတ်ရထားလမ်းဟာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ ရန်ကုန်မြို့မှာ ခရီးသွား ၂ ဒသမ ၅ သန်းလောက်ရှိနေတဲ့ အခြေအနေမှာ မြို့ပတ်ရထားကို စီးတဲ့ဦးရေ အရေအတွက်ဟာ ငါးသောင်းကျော် ခြောက်သောင်းလောက်ပဲ ရှိနေတာ ဖြစ်ပါတယ်။ အများဆုံးစီးတဲ့ကာလအချိန်မှာ ရှစ်သောင်းကျော်လောက်ပဲ ရှိနေတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ရထားကို ပိုပြီး အဆင့်မြှင့်တင်နိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ဒီသယ်ယူပို့ဆောင်ရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်နိုင်ဖို့မျှော်လင့်ပါတယ်။ ဒီလိုမျှော်လင့်တဲ့အတွက်ကြောင့် မြို့ပတ်ရထားနဲ့ ဆက်စပ်နေတဲ့ ဘူတာရုံတွေအားလုံးကို အဆင့်မြှင့်နိုင်ဖို့အတွက် ဂျိုက်ကာလို ပြည်ပအဖွဲ့အစည်းတွေနဲ့ကော၊ မြန်မာ့မီးရထားနဲ့ကော တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ပါ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေတာတွေရှိပါတယ်။ ဒီဆောင်ရွက်တဲ့နေရာမှာလည်း ဘူတာရုံသက်သက် မဟုတ်ဘဲနဲ့ ဒီဘူတာရုံတွေဟာ သယ်ယူပို့ဆောင်ရေးအတွက် ဖွံ့ဖြိုးလာရုံသာမက နေချင်စဖွယ်နေရာတွေ ဖြစ်လာဖို့အတွက် မြို့ပြအိမ်ရာစီမံကိန်းတွေနဲ့ပေါင်းစပ်နိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။




ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်မြို့အတွင်း ပြေးဆွဲပေးနေသည့် မြို့ပတ်ရထားကို တွေ့ရစဉ်။

**ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားစေနိုင်**

ဒါကြောင့်မို့ မြို့ပတ်ရထားလမ်းကြီးကို ပိုပြီး အဆင့်မြှင့်တင်နိုင်ဖို့အတွက် ကြိုးစားနေသလို မြို့ပတ်ရထားလမ်းနဲ့ ကားလမ်းတွေနဲ့ ချိတ်ဆက်တဲ့နေရာတွေမှာရှိနေတဲ့ မီးပွိုင့်စနစ်တွေကိုလည်း ချိတ်ဆက်နိုင်ဖို့ ကြိုးစားနေပါတယ်။ ကားလမ်းမှာရှိနေတဲ့မီးပွိုင့်တွေနဲ့ မီးရထားမီးပွိုင့်တွေကိုပါ စနစ်တကျချိတ်ဆက်ပြီး ယာဉ်ကြောပိတ်ဆို့မှုပြဿနာတွေကိုပါ လျော့နည်းသွားစေနိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**စနစ်တကျ ချိတ်ဆက်ဆောင်ရွက်နိုင်**

ဒီဆောင်ရွက်မှုဟာ ရန်ကုန်မြို့နေ ပြည်သူတွေရဲ့ လူနေမှုဘဝကို များစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့ပတ်ရထားလမ်း ပိုမိုအဆင့်မြင့်လာနိုင်ပြီး မြို့ပတ်ရထားလမ်းကနေတစ်ဆင့် ကျွန်တော်တို့ ပြည်သူတွေအားလုံးဟာ ရထား၊ ကား၊ ရေကြောင်းလမ်းတွေကို စနစ်တကျ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**အရေးကြီးတဲ့ဆုံချက်တစ်ခုဖြစ်ဖို့ဆောင်ရွက်နေ**

အခုဆိုရင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်မယ့် ရန်ကုန်မြို့ရဲ့ အဓိကဆုံချက်ဘူတာရုံဟာ ပုဇွန်တောင်ဘူတာ ဖြစ်ပါတယ်။ ဒီပုဇွန်တောင်ဘူတာဟာ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းဆုံရာနေရာဖြစ်ပါတယ်။ ပုဇွန်တောင်ဘူတာဟာ ကျွန်တော်တို့အတွက် အဓိကအချက်အချာကျတဲ့နေရာဖြစ်ပါတယ်။ တစ်ဖက်မှာ ရထားလမ်းရှိတယ်။ ကားလမ်းရှိတယ်။ ကားလမ်းနဲ့ မနီးမဝေးမှာ ငမိုးရိပ်ချောင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနေရာဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ဆုံချက်တစ်ခုဖြစ်ဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာက ကျွန်တော်တို့ရဲ့မိတ်ဖက်အဖွဲ့အစည်းတွေကလည်း ပုဇွန်တောင်ကို စိတ်ဝင်စားပါတယ်။ မကြာသေးခင်ကလည်း AFD နဲ့ ဒီနေရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာဆန်းစစ်မှုတွေ ပြုခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်းတွေကို ဆုံစည်းပေးနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မှာ နေ့စဉ် လူမှုဘဝမှာ ကြုံဆုံနေကြရတဲ့ ယာဉ်ကျောကျပ်တည်းမှု၊ လမ်းမပေါ်မှာ အချိန်တွေပေးနေ

*အချပ်ပို(ဃ)သို့*

**“ကျွန်တော်တို့ ရန်ကုန်မြို့ကို အဓိက ပြုပြင်ပြောင်းလဲမှုတွေလုပ်နေတဲ့အထဲမှာ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျတဲ့ နံပါတ် ၁ ကိစ္စ ဖြစ်ပါတယ်။ ရန်ကုန်မြို့နဲ့ ကျေးလက်ဒေသတွေအားလုံးကို ချိတ်ဆက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်မှုတွေထဲမှာ ကားလမ်းကို ပြုပြင်ခဲ့တယ်။ အခု ရထားလမ်းတွေထဲမှာ ရန်ကုန်မြို့ပတ်ရထားလမ်းကြီးကို အဆင့်မြှင့်တင်မှု စတင်ဆောင်ရွက်နေပြီဖြစ်”**




# လာမယ့်ပညာသင်နှစ်နဲ့ ရန်ကုန်ကျောင်းသားတွေ

ဇင်လင်းမြင့်

လာမယ့်ဇွန်လဆန်းမှာတော့ ရန်ကုန်မြို့အပါအဝင် တစ်နိုင်ငံလုံးက အခြေခံပညာကျောင်းတွေ ပြန်ဖွင့်ကြတော့မှာဖြစ်ပါတယ်။ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နဲ့ လွယ်အိတ်၊ ကျောပိုးအိတ်တွေ ဖိုးတွေ အတူ ကျောင်းသားမိဘတွေအတွက် ကုန်ကျစရိတ်တွေ တန်းစီပြီး ရှိလာပြီဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း အခြားမြို့ကြီးတွေထက် ရန်ကုန်မြို့က ကျောင်းသားမိဘတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက်ကတော့ ကျောင်းကြို၊ ပို့ ကားတွေ အဆင်ပြေရေးက အရေးကြီးတဲ့ အခန်းကဏ္ဍအဖြစ် ကြုံတွေ့နေကြပါတယ်။ လာမယ့် ဇွန်လဆန်းမှာ စတင်တော့မယ့် ပညာသင်နှစ်အစမှာ ကျောင်းကားတွေ အဆင်ပြေစွာနဲ့ ပြေးဆွဲနိုင်အောင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ (YRTA) က ကြိုးစားဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

**စည်းကမ်းတွေနဲ့ ပြေးဆွဲပေးဖို့စတင်**

"၂၀၁၉-၂၀၂၀ စာသင်နှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း ၁၈ ကျောင်းမှာ ကျောင်းကားပြေးဆွဲနိုင်ဖို့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့ ပြေးဆွဲပေးဖို့ စတင်ဆောင်ရွက်သွားမယ်"လို့ YRTA အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်က ပြောကြားထားပါတယ်။

ရန်ကုန်မြို့တစ်ဝန်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေအားလုံးနီးပါးက ကျောင်းသားတွေဟာ အကြိုအပို့ကျောင်းကားတွေကို အားထားနေရတာဖြစ်တာမို့ ကျောင်းကားတွေအပေါ် မှီခိုနေရပါတယ်။ ပုဂ္ဂလိကကျောင်းကြိုပို့ယာဉ်တွေဟာ ကျောင်းဖွင့်ရက်တိုင်း အချိန်ကိုက်ပြေးဆွဲနိုင်အောင်လို့ ကြိုးစားနေကြရပါတယ်။

**ကျောင်းကားစီးခဈေးနှုန်းတွေတက်**

ဒီလိုကျောင်းကြိုပို့ဘတ်စ်ကားတွေရဲ့စီးပွားရေးလုပ်ငန်းတစ်ခုသဖွယ်ဖြစ်လာတာမို့ မိဘတွေက ကျောင်းဖွင့်စရာသီမတိုင်မီကတည်းက ကျောင်းသားကိစ္စတွေအတွက် စိုးရိမ်နေကြတာဖြစ်ပြီး ကြိုတင်စုံစမ်းမှုတွေ ပြုလုပ်နေကြတာဖြစ်ပါတယ်။ ဒီနှစ်ကျောင်းဖွင့်ရင် ကျောင်းကားတွေ ပြေးဆွဲမှုစနစ် ပြောင်းလဲမည့်ကားပုံစံတွေ ပြောင်းလဲမည်ဟု တာဝန်ရှိသူတွေက ပြောကြားနေသလို ကျောင်းကားမောင်းသူယာဉ်ပိုင်ရှင်တွေကလည်း ကျောင်းကားစီးခဈေးနှုန်းတွေတက်မည်စတဲ့အသံတွေလည်း ထွက်ပေါ်နေခဲ့တာဖြစ်ပါတယ်။

**သတ်မှတ်ထားတဲ့ကျောင်းကားတွေ ပြေးဆွဲ**

အခုလာမယ့် စာသင်နှစ်မှာ ကျောင်းကားတွေနဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့ စည်းကမ်းတွေ ဖြေလျှော့မပေးတော့ဘူးလို့ YRTA က တာဝန်ရှိသူတွေက ပြောကြားထားပါတယ်။ ရန်ကုန်မြို့ရဲ့ အဓိကလမ်းမကြီးတွေရဲ့ ဘေးမှာရှိတဲ့ အခြေခံပညာကျောင်းကြီးတွေ အကုန်လုံး သတ်မှတ်ထားတဲ့ကျောင်းကားတွေနဲ့ ပြေးဆွဲကြရတော့မှာဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အဓိက လမ်းမကြီးဘေးတွေ တစ်လျှောက်မှာရှိ အခြေခံပညာကျောင်းကြီးတွေ စုစုပေါင်း ၂၂ ကျောင်းရှိပေမယ့် ဒီနှစ်စာသင်နှစ်မှာ ၁၈ ကျောင်းကို သတ်မှတ်ကျောင်းကားတွေ ပြေးဆွဲပြီး ကနဦး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ကျောင်းကားအစီးရေ ၂၀၀ ဝယ်ယူထားတာရှိနေပြီး အခုစာသင်နှစ်မှာ ပြေးဆွဲတော့မှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ အခုလိုကျောင်းကားတွေ ပြေးဆွဲတဲ့အခါ သက်ဆိုင်ရာကျောင်းအုပ်ကြီးတွေရဲ့ တောင်းဆိုမှုအရသာ အဆင်ပြေအောင် ပြေးဆွဲသွားပေမယ့် လက်ရှိပြေးဆွဲနေတဲ့ ပုဂ္ဂလိကကျောင်းကားတွေနဲ့ ယှဉ်ပြိုင်ပြီး ပြေးဆွဲမှာမဟုတ်ဘူးလို့ YRTA က တာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

ရန်ကုန်မြို့ရဲ့ အခြေခံပညာကျောင်းသားကျောင်းသူအားလုံးနီးပါးဟာ ကျောင်းကြိုပို့ကားတွေစီးနေကြတာဖြစ်ပြီး ကိုယ်ပိုင်ကားတွေနဲ့ ကျောင်းတက်တဲ့လူတွေလည်း ရှိပါတယ်။ ကျောင်းသားမိဘတွေရဲ့ အဓိကရည်ရွယ်ချက်ကတော့ သားသမီးတွေ လုံခြုံစိတ်ချပြီး ကျောင်းတွေကို အချိန်မီရောက်ရှိရေးနဲ့ အိမ်ပြန်နိုင်ရေးတို့ပဲဖြစ်ပါတယ်။

ကျောင်းကားတွေ စည်းကမ်းသတ်မှတ်ချက်နဲ့ ပြေးဆွဲဖို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၀ ရက်က ထုတ်ပြန်ခဲ့တဲ့ ကျောင်းကားတွေနဲ့ ပတ်သက်တဲ့ စည်းကမ်းချက် ၁၂ ချက်ရှိပါတယ်။ အဲဒီစည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ ပြေးဆွဲနိုင်တဲ့ ကျောင်းကားတွေကိုသာ အခုစတင်တော့မယ့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ပြေးဆွဲစေမှာဖြစ်ပါတယ်။

**လုံခြုံစိတ်ချရသော သော့စနစ်တပ်ဆင်ထား**

အဲဒီစည်းကမ်းသတ်မှတ်ချက်တွေကတော့ (၁) ၁၀ ဦးထက် တင်ဆောင်နိုင်တဲ့ မီနီဘတ်စ်၊ မိုက်ခရိုက်ဘတ်စ်ကားတွေဖြစ်ရမည်။ (၂) ထိုင်ခုံတိုင်းတွင် အသက်ကယ်ထိုင်ခုံခါးပတ်ပါရှိရမယ်၊ (၃) ဘယ်မောင်းယာဉ်နှင့် ယာဉ်၏ ညာဘက်တွင် အတက်အဆင်းတံခါးပေါက် ပါရှိရမည်ဖြစ်ပြီး လုံခြုံစိတ်ချရသော သော့စနစ်တပ်ဆင်ထားရမည်၊ (၄) ယာဉ်ပေါ်မှာ ရှေးဦးသူနာပြုသေတ္တာပါရှိရမည်၊ (၅) ယာဉ်အတွင်း ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်၊ မီးသတ်ဆေးဘူးအနည်းဆုံး နှစ်ဘူးပါရှိရမည်၊ (၆) ယာဉ်ဆေးအရောင်ကို အဝါရောင်သတ်မှတ်ပြီး ယာဉ်၏ အရှေ့အနောက်တွင် School Bus ဟူသော စာလုံးကို ထင်ရှားစွာရေးသားထားရမည်၊ (၇) ကျောင်းအမည်နှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကို ယာဉ်ဘေးတွင် ရေးသားထားရမည်။(၈) ယာဉ်မောင်းသူသည် အနိမ့်ဆုံး (ဃ)ယာဉ်မောင်းလိုင်စင်ရရှိပြီးသူဖြစ်ရမည်။ (၉) ယာဉ်ကို အမြန်နှုန်း တစ်နာရီ ၄၀ ကီလိုမီတာ (၂၅ မိုင်)ထက် ပို၍မောင်းနှင်ခြင်းမပြုရန် ကန့်သတ်ထားရမည်။ (၁၀) အငှားယာဉ်(ကျောင်းကြိုပို့လုပ်ငန်းသုံးယာဉ်) အဖြစ်ဆောင်ရွက်ရမည်။(၁၁) ကျောင်းသားများ၏ အသက် ၁၂ နှစ်နှင့်အထက်ဖြစ်ပါက လူကြီးထိုင်ခုံသတ်မှတ်ပေးရမည်။ (၁၂) ကျောင်းသားများ၏ အသက် ၁၂ နှစ်အောက်ဖြစ်ပါက တပ်ဆင်ပါရှိသော ထိုင်ခုံအရေအတွက်သည် မူလလူကြီးထိုင်ခုံအရေအတွက်၏ တစ်ဆခွဲထက်မပိုရသည့်အပြင် ထိုင်ခုံခါးပတ်အပြည့်အစုံပါရှိရမည်ဆိုတဲ့ အချက်ပေါင်း ၁၂ ချက် ဖြစ်ပါတယ်။

**ကျောင်းကားခ အပြည့်အဝပေးထား**

အချို့ပုဂ္ဂလိက ကျောင်းကားတွေဟာ ထိုင်ခုံတွေကျပ်ညှပ်နေပြီးကလေးတွေအတွက် အဆင်မပြေပါဘူး။ ဒါ့အပြင် ကျောင်းကားခပေးချေရမှုတွေကိုလည်း တာဝန်ရှိသူတွေက ကြပ်မတ်သင့်ပါတယ်။ အထူးသဖြင့်ကတော့ ပုဂ္ဂလိကကျောင်းသားတွေဟာ တစ်နှစ်တာ စာသင်နှစ်ကာလအတွင်းမှာ လစဉ်အလိုက် ကျောင်းကားခအပြည့်အဝပေးထားပေမယ့် ကျောင်းလပတ်စာမေးပွဲရက်တွေ၊ နောက်ဆုံးနှစ်ကုန်စာမေးပွဲရက်တွေလို အရေးကြီးတဲ့ရက်တွေမှာ အကြိုအပို့ ပုံမှန်မလုပ်ပေးကြတာပါပဲ။

**တာဝန်ရှိသူတွေ ကြပ်မတ်သင့်**

အချို့ကျောင်းကားတွေက စာမေးပွဲရက်တွေမှာ အိမ်က ကျောင်းကိုပို့ပေးပေမယ့် ကျောင်းကအပြန် မကြိုပေးကြပါဘူး။ အဲဒီလိုစာမေးပွဲကာလတွေမှာ ကျောင်းသားမိဘတွေအတွက် ရင်ပူရတဲ့၊ သောကဖြစ်ရတဲ့ ရက်တွေပါပဲ။ ဘယ်သူကို ပြောပြရမလဲ မသိသလို တာဝန်ရှိသူတွေ ကြပ်မတ်သင့်ပါတယ်။ ကျောင်းသားမိဘတွေဟာ အဲဒီသောကကို ရင်စည်းခံနေကြရတာ နှစ်များစွာ ကြာနေပြီဖြစ်တာမို့ လာမယ့် ဇွန်လဆန်းမှာ စတင်ကြရတော့မယ့် ကျောင်းဖွင့်ရာသီနဲ့ ပညာသင်နှစ်တစ်လျှောက်မှာ ကျောင်းကားတွေ အဆင်ပြေစွာ ကြိုပို့နိုင်ရေးဆိုတာ စောင့်ကြည့်ရတော့မှာပဲဖြစ်ပါတယ်။ ။

**❑ ရန်ကုန်မြို့ရဲ့ အခြေခံပညာကျောင်းသား ကျောင်းသူအားလုံးနီးပါးဟာ ကျောင်းကြိုပို့ကားတွေစီးနေကြတာဖြစ်ပြီး ကိုယ်ပိုင်ကားတွေနဲ့ ကျောင်းတက်တဲ့ လူတွေလည်းရှိပါတယ်။ ကျောင်းသားမိဘတွေရဲ့ အဓိကရည်ရွယ်ချက်ကတော့ သားသမီးတွေ လုံခြုံစိတ်ချပြီး ကျောင်းတွေကို အချိန်မီရောက်ရှိရေးနဲ့ အိမ်ပြန်နိုင်ရေးတို့ပဲဖြစ်**

*ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အစဉ်ထာဝရလိုက်နာနိုင်ကြပါစေ . . . . . မှ*

အတွင်းရေးမှူး(၂) ဦးအောင်နိုင်က "ကားပါကင်တွေ စနစ်တကျရပ်ထားတဲ့ကားတွေကို ယာဉ်မောင်းရှိရင် ယာဉ်မောင်းကို စည်းကမ်းတကျရပ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပြီး ငွေဖြည့်ကတ်လက်ဆောင်ပေးခဲ့ပါတယ်။ ယာဉ်ပေါ်မှာ လူမရှိရင်လည်း ကားမှာ ကျွန်တော်တို့အဖွဲ့ရဲ့ ဖုန်းနံပါတ်ကပ်ထားပေးခဲ့ပြီး ဒီဖုန်းနံပါတ်ကို ပြန်ဆက်ပေးပါ။ စနစ်တကျယာဉ်ရပ်နားထားမှုကြောင့် ကျေးဇူးတင်ပါကြောင်း၊ ဆုလက်ဆောင်ပစ္စည်း လာရောက်ထုတ်ယူဖို့ ရေးသားခဲ့ပါတယ်၊ အဲဒီအတွက် တုံ့ပြန်မှုက တန်ဖိုးပိုကြီးခဲ့ပါတယ်။ လက်ဆောင်ပစ္စည်းထက် ကျွန်တော်၊ ကျွန်မတို့ကို အခုလို အသိအမှတ်ပြု ဂုဏ်ပြုတဲ့အတွက် ကျေးဇူးတင်ပါကြောင်းဆိုတဲ့ ပြန်ကြားမှုတွေပါ ယာဉ်စည်းကမ်းလိုက်နာမှုအပေါ် သူတို့ရဲ့ ရင်ထဲကိုရောက်စေခဲ့တဲ့ ဆောင်ရွက်မှုမျိုးပါ။ အခုလို လှုပ်ရှားမှုမျိုးတွေကိုလည်း ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးတွေနဲ့တွဲပြီး တစ်နှစ်ကို သုံးကြိမ်လောက်အထိ ဆောင်ရွက်နေပါတယ်"ဟု ရှင်းပြခဲ့သည်။

**အသိပညာပေး ဟောပြော**

ထို့အပြင် ယာဉ်လိုင်းများပေါ်သို့ တက်ရောက်၍ လူပေါင်းစုံကိုင်တွယ်သည့် လက်ကိုင်ကွင်းများအား ကိုင်တွယ်ရသည့်အတွက် ကျန်းမာရေးအလို့ငှာ လက်သန့်ရှင်းရေးအဖြစ် လက်ဆေးဆီ (ဂျယ်)များ အသုံးပြု၍ လက်တွေ့သုတ်လိမ်းပြခြင်း၊ ဂျယ်နှင့်တစ်ရှူးများဝေငှခြင်း၊ တစ်ဖန်လိုင်းကား ဂိတ်ရင်းဂိတ်ဖျားများသို့ သွားရောက်၍ ယာဉ်မောင်းသူများ ခေတ္တနားနေချိန်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန်၊ ခရီးသည်များနှင့်အဆင်ပြေစွာ ဆက်ဆံရေးကောင်းမွန်ကြစေရန်တို့အတွက် အသိပညာပေးဟောပြောခြင်းနှင့်အတူ လက်ဆောင်ပစ္စည်းပေးဝေငှခြင်းကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေမှုအပေါ် အားတစ်ခုဖြစ်စေခဲ့သည်။

သို့သော်..၊ ယခုရက်ပိုင်းအတွင်း အွန်လိုင်းစာမျက်နှာပေါ်၌ တွေ့လာရသည်။ "လူကူးမျဉ်းကျားမှ ကူးကြပါ၊ တံတားပေါ်မှ ကူးကြပါ၊ ဖမ်းနေပါသည်။ ဒဏ်ငွေကျပ် ၃၀၀၀၀ ရိုက်နေပါသည်"ဆိုသည့် သတိပေးမှုစာနှင့်ပုံများ ဖြစ်ပါသည်။

ကျေးဇူးတင်စရာကောင်းပါသည်။ လမ်းသွားခရီးသွားပြည်သူများအား ကြိုတင်ပေးခြင်းအတွက်ပါ။ အမှန်တကယ်ဟုတ်၏ မဟုတ်၏ ဆိုသည်မှာ သေချာဖို့တော့ လိုအပ်ပေသည်။

တစ်ချိန်က ပုဂံပြည်က အမျိုးသမီးကြီးတစ်ဦး မိမိဆန်ထည့်သည့် ဆန်ကောလေထဲတွင် လွင့်ပါသွားသည်ကို "ငါ့ဆန်ကော ငါ့ဆန်ကော" ဟု အော်၍ လိုက်ဖမ်းရာမှ ပုဂံပြည်သူတို့နားအကြားမှားကာ ဘုရင်တစ်ပါး၏အမည်(ဘွဲ့) "ငါ့စက္ကော၊ ငါ့စက္ကော" ဟု လွဲမှားခဲ့သည့် အမှားမျိုးများ ဖြစ်လာမည်ကို စိုးရိမ်မိပါသည်။

အမှန်အားဖြင့် ခရီးသွားပြည်သူအများ လမ်းစည်းကမ်းလိုက်နာမှု အားနည်းလာသည် မှာ အတော်ကြာလာခဲ့ပြီဖြစ်ပါသည်။ ကြုံရာနေရာမှ လမ်းဖြတ်ကူးနေကြသည်ကို နေ့စဉ်နှင့်အမျှမြင်တွေ့နိုင်ပေသည်။

**လိုက်လံဖမ်းဆီးပြီး ဒဏ်ငွေများရိုက်**

တစ်ချိန်က နှစ်များကြာခဲ့ပါပြီ။ မျဉ်းကျားကမကူး၍ မော်တော်ယာဉ်ကြီးဖြင့် လိုက်လံဖမ်းဆီးပြီး ဒဏ်ငွေများရိုက်ခဲ့ဖူးပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိုသို့ လိုက်လံဖမ်းဆီးခြင်းမရှိတော့သည့်အတွက် စည်းကမ်းလိုက်နာမှုများမရှိတော့ခြင်းဖြစ်ပေသည်။

**လူကူးတံတားများအကုန်အကျခံတည်ဆောက်**

ထိုစဉ်က ယခုကဲ့သို့ လူကူးတံတားများ များပြားစွာ မရှိခဲ့ပါ။ အဓိကလူကူးမျဉ်းကျားများသာလျှင်ရှိခဲ့ပါသည်။ ယခုအခါ လမ်းဆုံလမ်းခွများ၌ လူကူးတံတားများကို အစိုးရက ငွေကြေးအမြောက်အမြား အကုန်ကျခံကာ တည်ဆောက်ပေးထားသည်ကို တွေ့ရသည်။

သို့သော် သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးမကောင်းသူများမှမဟုတ်၊ လူငယ်၊ လူရွယ်များပင် တံတားပေါ်မှကူးသန်းကြရန် ဝန်လေးနေကြသည်။

**နေ့စဉ်ရာချီဖြတ်သန်းကူးနေ**

လမ်းဆုံအဟန့်အတားမရှိရာ လူကူးတံတားအောက်မှသာလျှင် အပြေးအလွှား ဖြတ်ကူးနေကြသည်။ အထူးသဖြင့် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံ လူကူးတံတား လေးဖက်လေးတန်အောက်မှ နေ့စဉ်ရာချီဖြတ်သန်းကူးနေသည်ကို မြင်တွေ့နိုင်မည်ဖြစ်ပေသည်။



ယာဉ်မောင်းများအား အသိပညာပေးစဉ်။

သို့အတွက် ရန်ကုန်တိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယင်းနေရာကို ဗဟိုပြု၍ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။ တံတားအောက်ရှိ ယာဉ်ထိန်းရုံလေးမှ အသံချဲ့စက်ဖြင့် "ခရီးသွားပြည်သူများခင်ဗျား- လူကူးတံတားပေါ်မှတက်၍ လမ်းကူးကြပါရန် မေတ္တာရပ်ခံပါတယ်" ဆိုသည့်အသံမှာ စဉ်ဆက်မပြတ်ထွက်ပေါ်နေသည်။ ထို့အပြင် စည်းကမ်းမဲ့လမ်းကူးခြင်းကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများကို အသိပေးလွှင့်ထုတ်ပေးလျက်ရှိသည်။ ထို့အပြင် ယာဉ်ထိန်းရဲမေများက လက်ကိုင်ဟွန်းလေးများဖြင့် စည်းကမ်းမဲ့လမ်းမကူးကြပါရန်နှင့် တံတားပေါ်မှသာ ကူးကြပါရန် အသိပေးနှိုးဆော်လျက်ရှိနေသည်။

ခရီးသွားများက ကားလမ်းပေါ်မှ ဖြတ်သန်းကူးသန်းမှုကို အကျင့်ပါနေဟန်တူ၏။ ဇွတ်အတင်းကူးလာကြသူများကို ယာဉ်ပေါ်သို့ခေါ်တင်၍ ခေတ္တစောင့်ဆိုင်းစေခဲ့သည်။

**အေးအေးချမ်းချမ်းပြန်**

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးတစ်ဦးက "ခရီးသည်တွေ လမ်းစည်းကမ်းအသိပညာတွေ ရှိစေဖို့အတွက် အခုလို ပညာပေးခြင်းလုပ်ငန်းစီမံချက်ကို မေ ၁၄ ရက်ထဲက ဒီတံတားအောက်မှာစတင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေသစ်မှာ ပြဋ္ဌာန်းထားတာက ပြစ်မှုပြစ်ဒဏ်တစ်ခုမှာ အနိမ့်ဆုံးဒဏ်ငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားတာရှိပါတယ်။ အဲဒါနဲ့ ထင်ယောင်ထင်မှားဖြစ်ပြီး လာမေးတာတွေရှိပါတယ်။ လူမှုစာမျက်နှာ(အွန်လိုင်း)မှာ တက်နေတာတွေရှိ ပါတယ်။ အဲဒါကိုပဲ ကျွန်တော်တို့ ရှင်းပြနေရပါတယ်။ ဒါပေမယ့် အခုလက်ရှိအချိန်အထိ မျဉ်းကျားကမကူးလို့၊ တံတားပေါ်က မကူးလို့ဖမ်းပြီး ဒဏ်ငွေကျပ် ၃၀၀၀၀ ရိုက်တာ လုံးဝမရှိခဲ့ပါဘူး။ အသိပညာပေးပြီး လိုရာခရီးကို အေးအေးချမ်းချမ်းပြန်သွားတဲ့သူတွေပဲ ရှိပါတယ်"ဟု ရှင်းပြသည်။

စောင့်ဆိုင်းထားသူများ သတ်မှတ်ဦးရေပြည့်လာသည့်အခါ အမှတ် (၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်/အနောက်)မှ ဒုတိယတပ်ခွဲမှူး- ရဲမှူး မျိုးအောင်မြင့်က စည်းကမ်းမဲ့လမ်းကူးခြင်းကြောင့် ကြုံတွေ့ရမယ့်အန္တရာယ်များကို ရှင်းလင်းပြောကြားပေးပြီး အရေးယူပြစ်ဒဏ်ပေး ဆောင်ရွက်ခြင်းထက် စည်းကမ်းတကျလမ်းကူးနိုင်ကြစေရန် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုသာ အဓိကထားဆောင်ရွက်နေပါကြောင်း အသိပညာပေးဟောပြောကာ လိုရာခရီးသို့ ပြန်ခွင့်ပေးခြင်းဖြစ်သည်ကို တွေ့မြင်ခဲ့ရသည်။ ဒဏ်ငွေရိုက်ခြင်း လုံးဝမရှိပေ။

**စည်းကမ်းနှင့်အကျင့်သည် အဓိကဖြစ်**

လူတစ်ဦးတစ်ယောက်အနေဖြင့် စည်းကမ်းနှင့် အကျင့်သည် အဓိကဖြစ်ပေသည်။ အခြားသူများက စည်းကမ်းမဲ့ လမ်းကူးနေကြခြင်းအပေါ် လိုက်ပါကူးခြင်းသည် မိမိ၏ လူ့ကျင့်လူ့တန်ဖိုးကို ဖော်ပြနေခြင်းသာလျှင်ဖြစ်ပေသည်။

အထူးသဖြင့် စည်းကမ်းမဲ့ လမ်းကူးခြင်းကြောင့် အချိန်မရွေး ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နိုင်သည်ကို သတိချပ်သင့်ပေသည်။ ယခုကဲ့သို့ စီမံချက်ရှိမှ၊ ယာဉ်ထိန်းရဲရှိမှသာလျှင် မျဉ်းကျား၊ တံတားပေါ်မှ လမ်းကူးခြင်းထက် မိမိနှလုံးသားကယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းအပေါ် အလေးထား၍ အစဉ်ထာဝရ လိုက်နာနိုင်ကြပါစေဟု....




ယာဉ်ထိန်းရဲမေတစ်ဦးက ယာဉ်မောင်းများအား အသိပညာပေးနေစဉ်။

**ခရီးသည်တွေ လမ်းစည်းကမ်းအသိပညာတွေ ရှိစေဖို့အတွက် အခုလို ပညာပေးခြင်းလုပ်ငန်း စီမံချက်ကို မေ ၁၄ ရက်ထဲက ဒီတံတားအောက် မှာစတင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေသစ်မှာ ပြဋ္ဌာန်းထားတာက ပြစ်မှုပြစ်ဒဏ်တစ်ခုမှာ အနိမ့်ဆုံးဒဏ်ငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားတာရှိပါတယ်။**

*အချုပ်ပို(ခ)မှ*

ရမှုတွေကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ စီမံဆောင်ရွက်ပေးမှုနဲ့ ဖြေလျှော့အောင် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ဒီအတွက်လည်း အဘက်ဘက်ကနေ ကြိုးပမ်းဆောင်ရွက်နေသူတွေအားလုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်"ဟု ပြောသည်။

**တွေ့ဆုံညှိနှိုင်းအဖြေရှာ**

ဝန်ကြီးချုပ်ပြောစကားထဲကနေ ရန်ကုန်မြို့နဲ့ ပတ်သက်သမျှကို ကောက်နုတ်တင်ပြထားတာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်သူ မြို့တော်သားများသာမက ရန်ကုန်မြို့မှာ လာရောက်အခြေချနေထိုင်လျက်ရှိတဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြည်သူများဟာ မိမိနေထိုင်ရာ ရန်ကုန်မြို့တော်ကြီးရဲ့ အဆင့်မြှင့်တင်ဖို့ လုပ်ငန်းမှန်သမျှမှာ အတူပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ အနာဂတ်ကို အမျှော်အမြင်ရှိရှိနဲ့ စတင်လျှောက်လှမ်းနေတဲ့ ပစ္စုပ္ပန်ကာလမှာ ရန်ကုန်မြို့ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကို ရပ်တန့်ရမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးကို ရှေ့ပြေးစီမံချက်တွေနဲ့ အကောင်အထည်ဖော် လာရောက်လုပ်ကိုင်ပေးနေတဲ့ အဖွဲ့အစည်းများမှာ ပူးပေါင်းပါဝင်ဖို့ လိုသလို မိမိကိုယ်တိုင်လည်း တာဝန်သိနိုင်ငံသားတစ်ယောက်အနေနဲ့ ရပ်တည်ဖို့လိုပါတယ်။ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူ၊ လူမှုအဖွဲ့အစည်းများနဲ့ အုပ်ချုပ်သူအစိုးရတို့ဟာ အရေးကြီးတဲ့ဆုံချက်တစ်ခုမှာ တွေ့ဆုံညှိနှိုင်းအဖြေရှာရင်း မြို့တော်ရန်ကုန်ကို သာယာလှပသော အနာဂတ်တစ်ခုဆီသို့ သယ်ဆောင်သွားနိုင်ကြပါစေကြောင်းပြောကြားရင်း ယခုသီတင်းပတ်ရဲ့ ရန်ကုန်စာမျက်နှာကဏ္ဍကို နိဂုံးချုပ်လိုက်ပါတယ်။ ။